စကားပြေအနုပညာငယ်များ



ဇော်ဇော်အောင်
သစ္စာနီ
ဌေးဝင်းနှစ်
မင်းထက်မောင်
နေမျိုး
မင်းထင်ကိုကိုကြီး
လင်းတည်ဦး
နိုင်သစ်နီ
ဇော်မိုးလွင်
မိုးဝေး
မိုးဦးဆွေညိန်း
နီမျိုးထက်
သဲထူး
မောင်ဖုန်းမြင့်
နန္ဒကြယ်စင်

ပန်းကတော့ တစ်ပွင့်တည်း ပွင့်သည်။ သို့သော်လည်း တစ်လောကလုံး နွေဦး ရာသီ။

အရေးကြီးတာက အရေးကြီးတာတွေ ဖြစ်သည်။ အရေးမကြီးတာက အရေး မကြီးတာတွေ ဖြစ်သည်။ ဤနှစ်ခုကွဲပြားလျှင် ဘဝနေပျော်ပြီ။

တိတ်ဆိတ်ခြင်းထဲမှာ အသံတွေရှိသည်။ ငြိမ်သက်ခြင်းထဲမှာ လှုပ်ရှားမှုတွေ ရှိသည်။ တိတ်ဆိတ်သောအသံနှင့် ငြိမ်သက်သောလှုပ်ရှားမှုကို သိမြင်ခံစား နိုင်ပြီဆိုသောနေ့မှာ အပြာရောင်နှင်းဆီပန်းတွေ ပွင့်လိမ့်မည်။

*(သဲသောင်စပ်ရေပြင်မှာ အရိပ်ထင်နေတဲ့ စကားပြေအတုများ-*
*ဇော်ဇော်အောင်)*

လင်းသစ်ရောင်စဉ်
စိတ်ယဉ်ကျေးမှု အနုပညာလှိုင်းများ

လင်းသစ်ရောင်စဉ်စာအုပ်-၄၁

# ရွှေတောင်ပံနှင့်ကုမုဒြာ

## စကားပြေအနုပညာငယ်များ

ဇော်ဇော်အောင်၊ သစ္စာနီ၊ ဌေးဝင်းနှစ်၊
မင်းထက်မောင်၊ နေမျိုး၊ မင်းထင်ကိုကိုကြီး၊
လင်းတည်ဦး၊ နိုင်သစ်နီ၊ ဇော်မိုးလွင်၊
မိုးဝေး၊ မိုးဦးဆွေညိန်း၊ နီမျိုးထက်၊
သဲထူး၊ မောင်ဖုန်းမြင့်၊ နန္ဒကြယ်စင်

လင်းသစ်ရောင်စဉ်
စိတ်ယဉ်ကျေးမှု အနုပညာလှိုင်းများ

အမှတ်၁၀/၉ ဘိုခြံဝတည်းကုန်းအင်းစိန်ရန်ကုန်မြို့။ ဖုန်း-၀၁၆၄၅၉၃၅၊ ၀၉၄၃၁၈၄၇၄၈

**ပုံနှိပ်မှတ်တမ်း**
ပထမအကြိမ်
ဇန်နဝါရီလ၊ ၂၀၁၆ ခုနှစ်
**မျက်နှာဖုံး**
ပန်းချီဘဌေးကြည်
**ကွန်ပျူတာ**
လင်းသစ်ရောင်စဉ်
**တာအုပ်ချုပ်**
ကိုမြင့်
**အုပ်ရေ**
၅၀၀
**တန်ဖိုး**
၂၀၀၀ ကျပ်

ပုံနှိပ်သူ - *ဦးအောင်ဇော်ထွန်း၊ ပုံရိပ်ရှင်(၀၀၈၃၆)*
အမှတ် ၈၊ အိမ်ကြီးလမ်း၊ ၉ ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့တွင် ပုံနှိပ်ပြီး။
ထုတ်ဝေသူ - *ဦးခင်မောင်ဌေး၊ လင်းသစ်ရောင်စဉ်(၀၀၈၈၆)*
အမှတ် ၁၀/၉၊ ရွာလယ်လမ်း၊ ဘိုခြံ၀၊ တညင်းကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊
ရန်ကုန်မြို့မှ မြန်မာတစ်ပြည်လုံး ထုတ်ဝေဖြန့်ချိပါသည်။

## မာတိကာ

ဇော်ဇော်အောင်

သဲသောင်စပ်ရေပြင်မှာအရိပ်ထင်နေတဲ့စကားပြေအတုများ

သီရိဆောင်အခန်း (၃၂)

ကိုးဆယ့်ကိုးဒသမ ကိုးရှစ်

သစ္စာနီ

ဝတ္ထုတစ်ပုဒ်တွင်ပါသော နာမ်များ၊ ကံများနှင့် ကတ္တာများ

မနက်ဖြန်ထွက်မည့်နေ

ပေါက်တတ်ကရမိုး

ငွေးဝင်းနှစ်

အက္ခရာသဘင်သို့ ဆွတ်ကျင်မိပုံ သံခိပ်

ဆုံးသွားပြီးနောက်မြင်စရာတွေတဲ့လားကွယ်

နသတ်တင်မြစ်ကို အကြောင်းခံတဲ့ စောင်းရွဲ့ရွဲ့ဆောင်းဖွဲ့

မင်းထက်မောင်

**အမှတ်တရရှိခြင်းများချစ်သူထံပေးပို့ရန်**

**သူတို့သုံးယောက်**

**လောင်မီးကျပြာပုံ**

နေမျိုး

**လမင်းကိုတူးဖော်ခြင်း**

**ကောင်းကင်ဘုံသွားတောလား**

**ဓာတ်ပုံ**

မင်းထင်ကိုကိုကြီး

**သုံးဆယ့်သုံး**

လင်းတည်ဦး

**ပြတင်းပေါက်က သစ်ပင်**

**နှင်းဆီခင်းများ**

နိုင်သစ်နီ

**ကိုယ့်ဖိနပ်ကိုယ်စီး၊ ကိုယ့်ခရီးကိုယ်သွား**

ဇော်မိုးလွင်

**ဂီတဖြင့် သစ်ပင်စိုက်ခြင်း**

**ဖန်မီးအိမ်ကို အထူးထွန်းညှိခြင်း**

ရွှေတောင်ပံနှင့်ကုမုဒြာ

မိုးဝေး
အချစ်ဆိုတာ စူးစမ်းရှာဖွေခြင်း၊ ဝင်ရောက်ကျူးကျော်ခြင်း၊ ခြေရာချန်ခဲ့ခြင်း
ဆံနွယ်တစ်ခု၏အလျား
ဟေမာန်ဦးကိုတေးညည်းဆို

မိုးဦးဆွေညိမ်း
လမ်းမကိုကျောခိုင်းသွားကြသူများ
အလင်းကြွေသံအောက်မှာ
လူ့ဘဝနှင့်ငါ့ဒြပ်စင်

နီမျိုးထက်
တစ်ဝက်ကျန်နေသောအသံ
ဇဝေဇဝါပျံသန်းမှု၏ဓာတ်ခဲပေါင်းများ

သဲထူး
တဖွဲဖွဲရွာချ
ဖြစ်နိုင်ခြင်းရဲ့နောက်ဆုံးနေ့အထိ
အာကာသထဲကမှတ်စု

မောင်ဖုန်းမြင့်
မနေသီဟ
ဘယ်သူဘာပြောပြောကိုယ့်အထာနဲ့ကိုယ်ကတော့ရော့ခ်ကာပဲ

နန္ဒကြယ်စင်
ကျွန်တော့်ကြောင့်မဟုတ်ပါ
အသစ်ကြိုက်ကြသူများ
ဓားသွားဆီတိုးဝင်တဲ့ရင်ဘတ်

ဇော်ဇော်အောင်

# သဲသောင်စပ်ရေပြင်မှာ အရိပ်ထင်နေတဲ့ စကားပြေအတုများ

[၁]

ရေတိမ်သောင်စပ်မှာ ရပ်နေသည်။ သဲမြေပွပေါ်က ခြေဖဝါး များ အေးမြလှ၏။ မြစ်သည် တငြိမ့်ငြိမ့် စီးဆင်းနေမြဲ။ သည်မြစ်ကို ဘယ်နှကြိမ် ဖြတ်ခဲ့သလဲ မမှတ်မိ။ စိတ်အထင် ခုနစ်ဆယ့်လေးကြိမ် ရှိပြီ။ ဟီရာကလိုက်တပ်စ်ဆိုသူနှင့် သဘောကွဲသည်။ သဲခင်းသာဝယ်၊ *သီဒါကြည်လှဲ့၊ ငှက်သံနွဲ့နှင့်၊ လွမ်းဖွဲ့မြိုင်ခြေ၊ မြူနှိုးဝေ။* မြစ်သည် တငြိမ့်ငြိမ့်စီးဆင်းနေမြဲ၊ နေဆဲ။

လျှို့ဝှက်အသိခက်သော အိပ်မက်ဟောင်းတစ်ခုသည် အပေါ်မှ လေးလံစွာ ဖိထား၏။ ရုန်းသော်လည်း မရ။ အိပ်မက်ထဲက ပြေး ထွက်ချင်သည်။ ဟိုတစ်ဘက်မှာ အစစ်အမှန်လောကရှိသတဲ့။ သို့ပေမဲ့

အိပ်မက်နဲ့ အစစ်အမှန်လောကကို စည်းခြားထားသော နယ်နိမိတ်မျဉ်းကို ရှာမတွေ့သေး။

မျှော်လင့်ချက်များသည် ဆုတ်ဖြဲလုံးချေထားသော စက္ကူစုတ်တွေလို ဘဝအခန်းထဲမှာ ပြန့်ကျဲနေသည်။ ဘယ်သူ့ကို ယုံရမလဲ။ ဘဝဆိုတာ ရှုပကအလင်္ကာတစ်ခု ဖြစ်သည်။ သောက်ရေအိုးကိုသာ ရေကြည်ရေအေး ဖြည့်ထားပါ။ ဝင်လာသူတွေရော၊ ထွက်သွားသူတွေပါ သောက်ရအောင်။

နာမည်ပေးမထားသော လေညင်းတစ်ခုသည် တောအုပ်ကို ဖြတ်တိုက်သွားသည်။ ပင်ပေါ်ထက်မှ သစ်ရွက်စိမ်းတို့ ဖျော့တော့ပါးလျားစွာ လှုပ်ရှားလှိုင်းထသွားပြန်သည်။ ငါ့စိတ်အတွင်းပိုင်းမှာ တဖျပ်ဖျပ်ရိုက်ခတ်သွားသလို ခံစားလိုက်ရသည်။ ရင်ထဲကလှိုင်းများသည် အဓိပ္ပာယ်ဖော်မရသော သင်္ကေတများသဖွယ်။ ငါဆိုသော မသဲမကွဲသောအရာသည် ငါ့ထံမှ ရွေ့လျားဆုတ်ခွာသွား၏။ စကြဝဠာအစွန်ဖျားက ကမ္ဘာဦးဖြစ်တည်မှု အနီးအပါးမှာ ထိုငါသည် လိပ်ပြာတစ်ကောင်လို ပျံဝဲနေသည်။ ထိုနေရာမှာ ဘာမှမရှိခြင်းနှင့် ရှိခြင်းတို့သည် သေသပ်ကျနစွာ ရောယှက်နေသည်။ အတိတ်နှင့် အနာဂတ်သည် စက်ဝိုင်းသဖွယ် ဆက်နေသည်။ စက်ဝိုင်းအလယ်မှာ ပစ္စုပ္ပန်ရှိရဲ့လား။ ထိုနေရာမှာ ဘယ်သူမှ ဘယ်တုန်းကမှ မဖတ်ဖူးသောကဗျာတွေ ရှိ၏။ ဘယ်တုန်းကမှ နားမထောင်ဖူးသော သံစဉ်တွေ ရှိ၏။ ဘယ်တုန်းကမှ မမြင်ဖူးသော အရောင်တွေနှင့် ပန်းချီ

ကား ရှိ၏။ မာယာတောမှာမောနေတာ ငါလား။

အမှန်စင်စစ်တော့ ဘယ်သူမှ ဘာမှမဟုတ်ကြပါ။ သူတို့ ထွက်ခွာသွားကြပြီ။ သို့သော်လည်း သူတို့မသွားရသေးဟု ထင်နေသည်။ အထင်ဆိုသည်မှာ ဖက်တွယ်ထားစရာတစ်မျိုး ဖြစ်လိမ့်မည်။ လူညံ့တွေ။

တပ်မက်ဖွယ် နုထွေးအိသောအပျိုမကလေးကို ပွေ့ချီ၍ စမ်းချောင်းကို ဖြတ်ကူးခဲ့သည်။ ချောင်းတစ်ဖက်မှာချထား လမ်းခွဲခဲ့သော်လည်း ကလေးမကလေးသည် နေရစ်ခဲ့ရန် ငြင်းဆန်၍ အတူလိုက်ပါလာသည်။ သူ့ကိုနှင်ပစ်ဖို့ မလွယ်ကူပါ။ နှင်းမြူတွေ ထူထပ်သိပ်သည်းစွာ ပိတ်ဆီးနေတုန်းပါလား။

အလာတုန်းက ဘာမှပါမလာဘူး။ ပြန်တော့မှ ဘာတွေယူသွားချင်သေးတာလဲ။

အသံတွေ ဆူလွန်းလှတယ်။ ကမ္ဘာလောကမှာ မင်္ဂလာရှိတဲ့ တိတ်ဆိတ်ခြင်းမိုးကြီး ဘယ်တော့ရွာမှာလဲ။

အိမ်ဦးခန်းကို သန့်ပြန့်အောင် လှဲကျင်း၍ သင်ဖြူးဖျာတစ်ချပ်ခင်းထားပါ။ သူလာပါတော့မည်။ စံပယ်ပန်းတွေ ဝေနေအောင် ပန်ထားတဲ့ကဗျာတစ်ပုဒ် လာနေပါပြီ။

❑

[၂]

အိမ်ရှေ့မှာဆောက်ထားတဲ့ တဲအိမ်ကလေး မီးလောင် ပြာကျသွားပြီ။ အဆင်ပြေပါသည်။ မကြာမီ ထွက်ပေါ်လာမယ့် ငွေလမင်းကို ရှင်းရှင်းလင်းလင်း မြင်ရတော့မှာပေါ့။

ဖန်ခွက်ထဲမှာ ရေအပြည့်ရှိနေသည်။ ဘာ့ကြောင့် ထပ်ငှဲ့ထည့်နေသလဲ။ ရေတွေလျှံကျကုန်ပြီ။ ဖန်ခွက်ထဲမှာ ရှိနှင့်နေတဲ့ရေတွေ သွန်ပစ်ပြီးမှ ရေအသစ် ထပ်ငှဲ့ထည့်ပါလား။ ကိစ္စမရှိလောက်ပါ။ ကိုယ့်ခေါင်းထဲမှာ ဘာမှအသုံးမကျတဲ့ အတွေးအခေါ်တွေ အပြည့်ရှိနေသည်။ ဒီခေါင်းထဲကို အတွေးအခေါ်အစုတ်အပြတ်တွေ ဘယ်လောက်ပဲ ထပ်ထည့်ထည့်၊ အပြင်ကို လျှံကျကုန်မှာပါပဲ။ လောက ကျယ်လောင်စွာ ရယ်မောဏ်။

သံသရာရေပြင်မှာ ဘာတွေ ပေါလောမျောနေတာလဲ။ နာမည်အတုတွေ၊ ပစ္စည်းအတုတွေ၊ အနုပညာအတုတွေ၊ စကားလုံးအတုတွေ၊ ကဗျာအတုတွေ၊ အောင်မြင်မှုအတုတွေ၊ အမှန်တရားအတုတွေ၊ အကြောင်းရင်းအတုတွေ၊ အကျိုးသက်ရောက်မှုအတုတွေ၊ ဂုဏ်သတင်းအတုတွေ၊ စေတနာအတုတွေ၊ ကတိစကားအတုတွေ၊ အတည်ပြုခြင်းအတုတွေ၊ ရယ်မောခြင်းအတုတွေ၊ အပြုံးအတုတွေ၊ မေတ္တာတရားအတုတွေ၊ သံသရာရေပြင်ပေါ်မှာ။ *(မှတ်ချက်၊ သံသရာရေပြင်ဆိုတဲ့ အလက်ာ အိုဟောင်းလှပေါ့။)*

ဘယ်ကလာတာလဲ။ ဘယ်တော့ပြန်မှာလဲ။ ဘယ်ကိုပြန်မှာလဲ။ အလာတုန်းက ဘာမှပါမလာဘူး။ ပြန်တော့မှ ဘာတွေ ယူသွားချင်သေးတာလဲ။ *(မှတ်ချက်၊ နောက်ဆုံးဝါကျနှစ်ကြောင်းက ရှေ့မှာရေးထားပြီးသား။)*

'*ဘယ်သူပြောလဲ တစ်တောလုံးကြွေ*' စာသားရေးသူကို ဦးညွတ်လိုက်ပါသည်။ တစ်လောကလုံး စံပယ်ပန်းတွေဖုံးသွားအောင် ဝေ။ ကြွေတယ်ဆိုတာ ခဏပါ။

ကောင်းကင်ဟာ လွင့်မျောနေတဲ့ တိမ်ဖြူဖြူတွေကို တားဆီးပိတ်ပင်ရိုး ထုံးစံမရှိ။ မျောလွင့်ပါစေ၊ ပျံ့ပါစေ။

ဘာလုပ်နေတာလဲ။ တွေးနေတာလား။ ဒေးကားကတော့ '*ငါ တွေးတယ်။ ဒါ့ကြောင့် ငါရှိတယ်*' လို့ ပြောတာပဲ။ တွေးခြင်းကို ရပ်ပစ်လိုက်။ ငါ မရှိတော့ဘူးဆိုရင် '*ဝိမုတ္တိ*'။ ဒေးကားနဲ့ သဘောချင်း မတိုက်ဆိုင်။

ဘာလုပ်နေတာလဲ။ တွေးနေတာလား။ တွေးခြင်းအကြောင်းကို မတွေးနဲ့။ မတွေးခြင်းအကြောင်းကိုလည်း မတွေးနဲ့။ ဒါမှ လွတ်မြောက်လိမ့်မည်။

စကားပြေလှလှကလေး ရေးချင်တာလား။ စကားလုံးလှလှ

ကလေးတွေနဲ့ ရေးမှာလား။ စကားလုံးလှရုံနဲ့ မပြီးသေး။ ဝါကျဖွဲ့ပုံက လည်း လှဦးမှ။ အဓိပ္ပာယ်ကလည်း လှဖို့လိုသည်။ အကောင်းဆုံးက တော့ ရေးမနေပါနဲ့တော့။

ကောင်းကင်ပြာမှာ တိမ်ဖြူဖြူအဆုပ်အခဲတွေက ဖရိုဖရဲ လွင့် မျောနေကြသည်။ လှလိုက်တာ။ ဖရိုဖရဲအလှဆိုတာ အဲဒါပါပဲ။

နောက်ဖေးလမ်းကြားက အမှိုက်ပုံမှာ အလှရှိသည်။ ထိုအလှ ကို မမြင်တတ်သူနှင့် မမြင်သူလည်း ရှိသည်။ *(မှတ်ချက်၊ ဤအဆိုကို သိပ်မကြိုက်ပါ။)*

ပန်းကတော့ တစ်ပွင့်တည်းပွင့်သည်။ သို့သော်လည်း တစ်လော ကလုံး မွှေးဦးရာသီ။

အရေးကြီးတာက အရေးကြီးတာတွေ ဖြစ်သည်။ အရေးမကြီး တာက အရေးမကြီးတာတွေ ဖြစ်သည်။ ဤနှစ်ခုကွဲပြားလျှင် ဘဝနေ ပျော်ပြီ။

တိတ်ဆိတ်ခြင်းထဲမှာ အသံတွေရှိသည်။ ငြိမ်သက်ခြင်းထဲမှာ လှုပ်ရှားမှုတွေရှိသည်။ တိတ်ဆိတ်သောအသံနှင့် ငြိမ်သက်သော လှုပ် ရှားမှုကို သိမြင်ခံစားနိုင်ပြီဆိုသောနေ့မှာ အပြာရောင်နှင်းဆီပန်းတွေ ပွင့်လိမ့်မည်။

အရှေ့ဘက်မှာ ရောင်နီလာပြီ။ ကောင်းကင်စွန်းသည် အပျိုမ၏ပါးပြင်လို နီမြန်းနေသည်။ တောင်ပေါ်ကျောင်းမှ အုန်းမောင်းသံကြားရသည်။ တစ်နေ့သစ်တော့မည်လား။ သူတို့ ပြန်လာကြပြီ။ အရပ်ဆယ်မျက်နှာမှ ကဗျာပန်းပွင့်တွေ သယ်ဆောင်လာကြသည်။ လောကကို လှုပမွှေးပျံ့သောစကားပြေများဖြင့် လွှမ်းဖုံးလိုက်ကြတော့မည်။ ရွှေရောင်တွေ ဝင်းနေ၏။ တစ်ခါမှ မထွန်းပဖူးသော အလင်းရောင်ဖြင့် နေမင်းထွန်းလင်းနေသည်။ ဘယ်တော့လဲ။ အခါတော် ရောက်ပါတော့မည်။

❑

[၃]

ပညာပါရမီတာသုတ္တန်မှာ၊ ပုံသဏ္ဍာန်သည် ဘာမှမရှိခြင်းဖြစ်၏။ ဘာမှမရှိခြင်းသည် ပုံသဏ္ဍာန်ဖြစ်၏။ ပုံသဏ္ဍာန်မှတစ်ပါး အခြားမဖြစ်နိုင်။ ပုံသဏ္ဍာန်သည် ကင်းမဲ့ခြင်းမှတစ်ပါး အခြားမဖြစ်နိုင်ဟုဆို၏။ ဤစကားပြေတွေထဲမှာ ဘာမှမရှိပါ။ ကင်းမဲ့ခြင်းသာ ရှိပါသည်။

မင်းရှာနေတာ တွေ့ပြီလား။ နေဝင်တော့မယ်။ ။

❑

ဇူလိုင်၊ ၂၀၁၁

# သီရိဆောင်အခန်း (၃၂)

လွန်ခဲ့သော နှစ်ပေါင်းအစိတ်ကျော်က ရင်းနှီးအလွတ်ရနေသော သက်ပြင်းချသံတစ်ခု ပြန်ပေါ်လာသည်။ တိုးညင်းလှစွာ မျက်စိအောက်မှာပင် ပျောက်ကွယ်သွားပြန်၏။ ရှုံးသွပ်သော ဖေဖော်ဝါရီလတစ်လမှ ကျန်ရစ်သည့် ကံ့ကော်ပန်းခြောက်သည် စာအုပ်ကြားတွင် ရုပ်ပျက်ပြားချပ်နေ၏။ အပွင့်ဟောင်းထဲက ရနံ့သစ်သည် လတ်ဆတ်နေဆဲပင်။ ထိုစဉ်က ကမ္ဘာလောကသည် ရှုပ်ထွေးဆန်းပြားသော မေတ္တာတရားပြသမျှနှုရမည့် အခြေတွင် ရှိခဲ့သည်။ ကြမ်းတမ်းသော အမှန်တရားဆိုသည့် အရာကလည်း လေးလံသော မှတ်ချက်များချခဲ့၏။ ပြုံးနေသည်လား၊ မဲ့နေသည်လား။ ချစ်မိပြီလား၊ ချစ်ခဲ့ပြီးပြီလား။ အေးစက်မှားယွင်းနေသော နံနက်ခင်း၏ မျှော်လင့်ချက်များကို ပိုင်စင်ရေမွှေးပုလင်းထဲမှ ထည့်ထားသည်။ သူ့ထံမှ စူးရှသင်းပျံ့သော ကိုယ်သင်းနံ့ကို ဝတ္ထုတိုအပုဒ်လေးဆယ်ပေး၍ ဝယ်ယူခဲ့ရပါသည်။

တစ်သောင်းရှစ်ထောင်ကျော်ပေးရသော အဲရိုးရှပ်အင်္ကျီဝတ်ထားသည့် ထိုမိန်းမသည် ကျွန်တော့်အား သံပရာရည်တစ်ခွက်တိုက်၍ အသည်းနှလုံးကို ခေတ္တချေးငှားသွားသည်။ ဘယ်သောအခါမှ ပြန်ရတော့မည် မဟုတ်ကြောင်း ကောင်းစွာသိပါလျက် ထိုစဉ်ကမသိခဲ့။ တောင်ကုန်းပေါ်မှာ ကာရန်မဲ့သောတိုက်အိမ်တစ်လုံးကို တွေ့ရ၏။ အိမ်ထဲမှာ ဂီတသံများကြားနေရသည်။ အောင်မြေသာစံပတ်ပျိုးသည့် အဝါရောင်ဦးထုပ်တစ်လုံး ဆောင်းထားသည်။ ဘယ်တုန်းကချစ်ခဲ့မိသလဲဆိုသော မေးခွန်းသည် မေးနေရင်းပင် ပြောင်းလဲသွားသည်။ လူ့ဘဝဆိုသည်မှာ ဟမ်ဘာဂါတစ်ခုဖြစ်ကြောင်း သိနေသည်။ အတိတ်နှင့်အနာဂတ်ကြားမှာ အသားဖတ်တစ်ဖတ် ညပ်နေ၏။ အမှန်တရားဆိုသောအရာမှာ အတိတ်ရှိသလား။ ကျောက်တောင်များကို ရွှေ့လျားစေနိုင်သည်မှာ ခွန်အားလား၊ သတ္တိလား၊ လေပြည်ညင်းလား မေးခွန်းတွေ ကျိုးပဲ့ပျက်စီးနေကြ၏။ ငြင်းဆိုမှုသည် ပျင်းရိငြီးငွေ့ဖွယ် ဖြစ်သည်။ သီရိဆောင်အခန်းအမှတ် နှစ်ဆယ့်ခြောက်အကြောင်း ရေးဖွဲ့ထားသော စာသားများ ဝတ္ထုတိုထဲမှာရှာမတွေ့၊ ပျောက်ဆုံးခဲ့ပြီ။ လျှပ်တစ်ချက်ပြက်လိုက်သည်နှင့် ပေါက်ပြကွဲအက်သွားသော မိုးကောင်းကင်သည် တစ်ခဏချင်း အကောင်းပြန်ဖြစ်သွား၏။ ဘဝပျက်ခဲ့ရသူများ စာရင်းပေးရန်တန်းစီပါ။ မေးခွန်းနှင့်မကိုက်ညီသောအဖြေများ စုဝေးကခုန်နေကြသည်။ ဘယ်သူ့အကြောင်းမှ အကောင်းမပြောတတ်သူ တစ်ယောက် နှုတ်ပိတ်နေပါစေ။ လတ်ဆတ်၍ အတွယ်အတာမဲ့သော အင်ကြင်းပန်းရနံ့များ ကျယ်လောင်စွာ လာနေကြသည်။ သူ နားမလည်နိုင်ပါ။ အဖြေမထွက်သောအခါ ကွန်ပျူတာသည် ဟန်လုပ်

ချောင်းဆိုးသည်။ ဘယ်မှာလဲ၊ စိမ်းလန်းအေးမြသော အရပ်ဒေသကို ပြန်ယူလာပါ။ တိတ်ဆိတ်ခြင်းထဲမှာ အနေကြာ၍ ထိုအရာသည် ကဗျာဖြစ်သွား၏။ ကမ္ဘာပေါ်မှာ အကျယ်လောင်ဆုံးအသံသည် လုံးဝ တိတ်ဆိတ်ခြင်းဖြစ်၏။ အပြည့်စုံဆုံးသောအရာသည် ဘာမှမရှိခြင်း ဖြစ်၏။ နာမဝိသေသန မပါသောအရာသည် နာမ်သည် အခိုင်မာဆုံးဖြစ်၏။ ကြိယာဝိသေသနမပါသော ကြိယာသည် အားအကောင်းဆုံး ဖြစ်၏။ ကြောက်တတ်သူများသည် လှုပ်ရှားသည်။ မကြောက်တတ်သူက တည်ငြိမ်သည်။ အရောင်အသွေးစိုစွတ်၍ ကရမက်နှံ့သင်းသော ပါတိတ် အင်္ကျီတစ်ထည်က ကဗျာကိုဝတ်ဆင်ထားသည်။ စင်စစ် ကဗျာဆိုတာ ဘာမှအရေးမကြီးပါ။ ဝေဖန်ရေးဆိုတာကလည်း သာ၍အရေး မကြီး သေး။ မာ့က်စ်ဝါဒလည်း ပွဲပြီးသွားပြီ။ မော်ဒန်ဇာတ်ရုံကြီးမှာ ထင် သလောက်လူမဝင်။ ဟုတ်လှပြီထင်နေသူက စကားအများကြီးပြော၏။ အရေးအကြီးဆုံးမှာ ခေါင်းကို မတ်မတ်မော့ထား၊ သန့်ရှင်းလတ်ဆတ် သောလေကို အဆုတ်ပြည့် တစ်ဝရှူ၊ ရေအေးအေးတစ်ခွက်သောက်၊ ကိုယ့်အလုပ်ကိုယ် ယုံယုံကြည်ကြည်လုပ်၊ ဆီပြန်ဟင်းတစ်ခွက်လောက် ပါသော ထမင်းတစ်နပ်ကို အေးအေးစား၊ အိပ်မက်ဆိုးကင်းစွာ တစ်ည တာအိပ်၊ မိုးလင်းနိုးထလျှင် လောကကို အလိုကျစွာကြည့်၊ နေ့သစ်မှာ ထမင်းနှစ်နပ်စားရဖို့ ကိုယ့်အလုပ်ကိုယ်လုပ်၊ ရေအေးအေး တစ်ခွက် သောက် သည်လောက်ပါပဲ။ ဤလောကီမှာ အကြည်ညိုဆုံးက ဗိုလ် ချုပ်အောင်ဆန်း၊ အတွဲအညီဆုံးက ကျော်သူ + မို့မို့မြင့်အောင်၊ အကြိုက်ဆုံးက 'ဟိုင်း' လက်ဖက်ရည်ပေါ့ကျတစ်ခွက်၊ အကြားချင် ဆုံးက မာမာအေးသီချင်းသံ၊ မိတ်ဆွေအဖြစ်ချင်ဆုံးက မေသန္တာဦး၊

သဘာဝအကျဆုံးမင်းသားက ကျော်ရဲအောင်။ သည်အကြောင်းတွေကို အပိတ်အပင်အတားအဆီးမရှိ ပြောပြနိုင်ခွင့်။ သည်လောက်ပါပဲ။ စိမ်းလန်းအေးမြသော အရပ်ဒေသကို ပြန်ယူလာကြပါ။ ခရမ်းရောင်တောအုပ်ထဲမှာ လရောင်ပြိုးပြက်ပြောက်ကျား။ ထိုမိန်းမကို ချစ်သည်။ ခံစား။ ဤစကားပြေသည် ကဗျာဖြစ်သည်။ ရှုးသွပ်ခြင်းသည် လုံးဝန်းသောအရာတစ်ခုဖြစ်၍ ဘေးပတ်လည်အနားပိုင်းသည် မှုန်ဝါးကာ အလယ်တစ်နေရာမှ စူးရှတောက်ပစွာ အရောင်ထွက်နေ၏။

*သရဖူ၊ ၁၉၉၆*

## ကိုးဆယ့်ကိုးဒသမ ကိုးရစ်

(က) သေခြင်းတရားဆိုတာ ဘဝရဲ့ အစိတ်အပိုင်းတစ်ခုပဲ။ *(Forrest Gump ၏ အမေလုပ်သူ ရုပ်ရှင်ထဲမှာပြောသောစကား)*

ငါတစ်ခုခုဖြစ်ခဲ့ရင် ဆေးရုံမတင်နဲ့။ မင်းအဖေလိုပဲ မင်းလက်ပေါ်မှာပဲ သေချင်တယ်။ သေရင် ခုနစ်ရက်ပြည့်အောင် အိမ်မှာ သံဃာ ခုနစ်ပါးပင့်ပြီး သပိတ်သွတ်။ အလှူ ဖန်ခါးပင်ကျောင်းရယ်၊ ဆားလင်းကြီးက ယောသိတာရုံရယ်၊ တောင်ပေါ်ကျောင်းရယ် တတ်နိုင်သမျှလှူ။ ဘိုးဘွားစဉ်ဆက် အလှူတွေပဲ။ သေရင် နေ့မကူးစေနဲ့၊ နေ့ချင်း အသုဘချ။ သတင်းစာထဲလည်း မထည့်နဲ့။ *(ဇော်ဇော်အောင်၏ အမေ မသေခင် ရက်သတ္တနှစ်ပတ်က ဗလာစာအုပ်ထဲတွင် ရေးခဲ့သောစာ)*

### ဧည့်သည်

လာတုန်းကလည်း၊ တစ်ယောက်တည်းနော့
လက်တွဲခေါ်ကာ၊ ဖော်မပါဘူး

ဥစ္စာချည်းနှီး၊ ကိုယ်ထီးတည်း
ပြန်သွားတော့လည်း၊ တစ်ယောက်တည်းနော့
လာပြီးတော့နား၊ မသွားသေးခင်
ချိန်လေးတွင်မှ၊ ဝန်းကျင်ခက်နွယ်
နှောင်ကြိုးတွယ်ကြ၊ ပြုံး ရယ် မဲ့ ငို
ချစ်မုန်းပိုကြ၊ မလိုဒေါသ
လိုလောဘနှင့်၊ ဘဝရိပ်မြုံ
ကကြိုးစုံခဲ့၊ ကံကုန်မိုးချုပ်
လက်တွဲဖြုတ်ကာ၊ သုတ်သုတ်ဆောလျင်
ခရီးနှင်သည်၊ တို့လျှင်ညှေ့သည်ကြီးပါတကား။

ဗန်းမော်ရွှေညို

(ခ) ဒီမှာ– သိပ်မပြောနှင့်။ သေရမှာကို ကျွန်တော်တော့ ကြောက်တယ်။ သေခြင်းအတွက်ပြင်ဆင်ပြီး သေခြင်းကို ရဲရဲရင့်ရင့် ခိုင်ခိုင်ကျည်ကျည် ရင်ဆိုင်သွားတယ် ဘာညာဆိုတဲ့လူတွေ ရှိချင်ရှိမယ်။ ကျွန်တော်မသိဘူး။ ဒါပေမဲ့ ကျွန်တော်တော့ ကြောက်တယ်။ မြတ်စွာဘုရား သေခြင်းအကြောင်းဟောခဲ့တာ ဘယ်လောက်ကြာပြီလဲ။ ဘုန်းကြီးတွေ ဟောခဲ့၊ ရေးခဲ့၊ သားခဲ့ကြတာ ဘယ်လောက်များသလဲ။ ဒဿနဆရာတွေ၊ ပညာရှိတွေ၊ စာဆိုကြီးတွေ၊ စာရေးဆရာ၊ ကဗျာဆရာတွေ ရေးခဲ့ကြတာ ဘယ်လောက်များသလဲ။ စာပေကျမ်းဂန်တွေ တောင်ပုံရာပုံ။ ဖတ်လည်းဖတ်ဖူးတယ်။ ဘုန်းကြီးဟောတဲ့ တရား

တွေလည်း နာဖူးတယ်။ ရှောင်လွှဲမရတဲ့တစ်နေ့ သေရမှာပဲဆိုတာလည်း သိတယ်။ စာအုပ်ထဲမှာပါတယ်။ ဘုန်းကြီးကလည်း ဟောတယ်။ သေခြင်းအကြောင်းတရား။ အဲဒီတရားကို ကျွန်တော်တော့ မရသေးဘူး။ ကျွန်တော်တော့ သေရမှာကြောက်တယ်။ မကြောက်တဲ့လူတွေ ပြင်ပြီးဆင်ပြီး အဆင်သင့်ဖြစ်နေသူတွေ ရှိချင်ရှိမယ်။ အဲဒီလူတွေဟာ ကျွန်တော်မဟုတ်ဘူး။ မြတ်စွာဘုရားက မသေတဲ့နည်းကို ပေးတာမဟုတ်ဘူး။ နောက်တစ်ခါ ထပ်မသေတဲ့ နည်းကိုသာပေးတယ်။ အခုဘဝမှာတော့ သေရဦးမှာမုချပဲ။ ဘဝက ရခဲ့ပြီကိုး။ အခုလည်း ကျွန်တော် ဘဝကိုရခဲ့ပြီမို့ သေရဦးမှာပဲ။ ဒါပေမဲ့ မသေချင်ဘူး။ ကြောက်တယ်။ ခင်ဗျားကော သေချင်သလား။ မကြောက်ဘူးလား။ အဲဒီလို အသေအချာ လေးလေးနက်နက် စဉ်းစားဖူးလား။ ဒါကလည်း ကျွန်တော့်ကိစ္စမဟုတ်ပါဘူး။ ခင်ဗျား သေရဲတယ်။ သေရမှာ မကြောက်ဘူးဆိုလည်း ခင်ဗျားက ကျွန်တော်မှ မဟုတ်တာ။ ကျွန်တော်တော့ ကြောက်တယ်။

(ဂ) တကယ်လို့– ကျွန်တော်သေသွားပြီးတဲ့နောက် ဆိုပါတော့။ ခင်ဗျား ဒီဝတ္ထုကို ဖတ်မိရင် ဪ် သေရမှာကြောက်တဲ့လူတစ်ယောက် သေသွားပါပကောလားလို့ သဘောထားလိုက်ပါ။ ခင်ဗျားမှ မသေသေးဘဲ၊ ဘဝမှာ အသက်ရှင်တုန်း လုပ်စရာကိုင်စရာတွေ ရှိနေတယ်။ အဲဒါတွေ ဆက်လုပ်ပေါ့။ ဒါလောက်ပါပဲ။

(ဃ) ပြီး– ပြီ။

❑

သစ္စာနီ

# ဝတ္ထုတစ်ပုဒ်တွင်ပါသော နာမ်များ၊ ကံများနှင့် ကတ္တားများ

[၁]

နိုးဖို့အိပ်ခဲ့လေသလား၊ အိပ်ဖို့နိုးခဲ့လေသလား၊ စဉ်းစားနေစဉ်မှာပင် နေသည် (ဆိုရိုးဆိုစဉ်) အရှေ့ကထွက်၍ အနောက်သို့ ဝင်ခဲ့ပြီဖြစ်၏။ ခွင့်လွှတ်ပါ ဂလီလီယို။ ခေါင်မိုးပေါ်၌ ကောင်းကင်ဘုံရှိ၍ ကောင်းကင်ဘုံပေါ်၌ ခေါင်မိုးမရှိ။ ဘုရားသခင်ထံမှာ ကံစမ်းမဲပေါက်သော လူတချို့သည် ညကို ဝယ်၍သွား၏။ သီချင်းအတုကို ဝယ်၍သွား၏။ ကြယ်ပွင့်များကို ဝယ်၍သွား၏။ သူတို့ ဝယ်၍မရသောအရာကို ဝယ်၍သွား၏။

သင်သည် တစ်နေ့က ခရမ်းရောင်သစ်ပင်တစ်ပင်ကို စိုက်ခဲ့ပြီးဖြစ်မည်။ ခရမ်းရောင်တောအုပ်၏အလွန်၌ ... ချိုင်းထောက်နှင့် လိပ်ပြာများ၊ အသင့်ဖျော်၍ သောက်နိုင်သော အိပ်မက်များ၊ ဇက်ကြိုးတပ်ထားသော တိမ်တိုက်များ၊ ပတ်တီးစည်းထားသော နာရီများ၊

ပွက်ပွက်ဆူနေသော နောင်တများ၊ ကျောက်ဖြစ်ရုပ်ကြွင်းသက်တံများနှင့်၊ သက်ပြင်းချသံများ၏ လေပြင်းမုန်တိုင်းတို့ ရှိ၏။ သို့မဟုတ် ဘာမှမရှိ။

[၂]

ဥခွံကို မေ့လျော့နေသောငှက်များ ခတ်ကြိုးတန်းပေါ်တွင် ထိုင်နေကြသည်။ မြစ်ကား တံတားပေါ်မှ ကွေ့ကောက်စီးဆင်းသွား၏။ ချစ်ကောင်း၏ကော်ဖီကား မခါး။ အတိတ်ဆိုသည်မှာ၊ ... အမှိုက်ခြင်းထဲမှ ဘီယာဘူးခွံ ဖြစ်၏။ ကတ္တီပါအနက် ဖုံးအုပ်ထားသော ကြည့်မှန်တစ်ချပ်ဖြစ်၏။ အတောင်ပေါက်သွားသော ရွှေငါးဖြစ်၏။ မစီးရသေးသော မီးရထားလက်မှတ်အဟောင်း ဖြစ်၏။ မျှော်လင့်ချက်များ၏ ဝဲကတော့ဖြစ်၏။ အသံဝင်နေသော မိုးကြိုးဖြစ်၏။ ရေခဲရိုက်ထားသော ပိတောက်ပန်း ဖြစ်၏။ ပစ္စုပ္ပန်ဆိုသည်မှာ၊ ... မီးကျွမ်းနေသော နှစ်တောင့်ထိုး လက်နှိပ်ဓာတ်မီးဖြစ်၏။ သွေးသွင်းကုသနေရသော ဆပ်ပြာပူပေါင်းဖြစ်၏။ အကုသိုလ်၏ ငါးမျှားချိတ်ဖြစ်၏။ ကိုက်ထိုးရောင်းနေသော စကားလုံးများဖြစ်၏။ (ဆေးခိုင်ကြောင်း အာမမခံ။) ပြာဖြစ်သွားသည့် နာရီများဖြစ်၏။ ဖဿနှင့် ဝေဒနာအကြားမှ ဖြတ်လမ်းဖြစ်၏။

အနာဂတ်ဆိုသည်မှာ ...

[၃]

ချစ်သူ စိတ်ကောက်တော် မမူပါနဲ့။

ဗိုလ်ချုပ်ဈေးမှအပြန် ဖိနပ်တစ်ရံ ဝယ်ခဲ့ပါမည်။ မီနီမတ်ကက် တစ်ရာ၊ ဒိုင်ယာရီစာအုပ်တစ်ရာ၊ ရွှေရောင်ပန်းသီးတစ်ရာ ဝယ်ခဲ့ပါမည်။ ရေပေါ်တွင် ရေးထားသော စာချုပ်တစ်ထောင်၊ အချစ်သက်သက် တစ်ထောင်၊ မျက်ရည်စက်တစ်ထောင် ဝယ်ခဲ့ပါမည်။ ယခုအခါတွင် မုသာဝါဒကလွဲ၍ အကုန်ဝယ်လို့ ရနိုင်ပါသည်။

*ရန်ကုန်သစ်မဂ္ဂဇင်း။ ၁၉၉၅*

## မနက်ဖြန် ထွက်မယ့်နေ

ကျွန်ုပ်မှာသာ အခွင့်အရေးရှိမည်ဆိုလျှင် မဟာစကြဝဠာ တံတိုင်းပေါ်မှာ ကဗျာတစ်ပုဒ် ရေးချင်ပါသည်။ အာဒံကို ဒေင်ဥယျာဉ်ထဲက သစ်သီးအား မစားဖြစ်အောင် တားမြစ်ချင်ပါသည်။ မောင်ချောနွယ်ကို အိုင်ယာလန် ပို့ချင်ပါသည်။ ဟစ်တလာကို ပန်းပဲမောင်တင့်တယ်နှင့် အလဲအလှယ်လုပ်ချင်ပါသည်။ ဖြစ်တည်မှုပဓာနဝါဒကို ငရဲမီးစားကြည့်ချင်ပါသည်။ ဟီရိုရှီးမားမြို့ထဲက ဩဂုတ်လ (၆) ရက်ကို ထာဝရနုတ်ယူ ထားချင်ပါသည်။ မိုက်ကယ်အိန်ဂျလို၏ လက်များကို ကျောက်တုံးဖြစ်အောင် ဖန်တီးချင်ပါသည်။ အမေရိကန်နိုင်ငံခြားရေးပေါ်လစီကို ခြောက်မူးတစ်ပဲနှင့် ဝယ်လိုပါသည်။ (ပြန်အမ်းငွေ မယူပါ။) လူတိုင်းတွင် အခွင့်အရေးရှိမည်ဆိုပါက အခွင့်အရေးဟု အမည်ပေးကြလိမ့်မည်မထင်ပါ။ အမည်ဆိုသည်မှာ ...

ဆိုကရေးတီးသောက်ခဲ့သော အဆိပ်ခွက်၏အမည်မှာ အမှန်

တရား ဖြစ်သည်။ ဘီးတပ်ကုလားထိုင်ပေါ်တွင်ထိုင်၍ စကြဝဠာကို အမဲလိုက်ခဲ့သောသူ၏အမည်မှာ စတီဖင်ဟော့ကင်း ဖြစ်ပါသည်။ မြေချစ်သူ၏လျှာပေါ်တွင် တည်ဆောက်ခဲ့သော စက်ရုံ၏အမည်မှာ 'ဝိုင်'ဖြစ်ပါသည်။ ကျေးပိုင်ကျွန်ပိုင်ခေတ်က ကျောက်ဖြစ်သွားသော ချွေးစက်များ၏အမည်မှာ ပိရမစ် ဖြစ်ပါသည်။ ကမ္ဘာမြေကြီးဟာ လက်ခံထားသော ပရောမီးသီးယပ်စ်၏ ခိုးရာပါပစ္စည်းအမည်မှာ မီး ဖြစ်ပါသည်။ ၁၉၄၆ ခု၊ အောက်တိုဘာ ၃၀ ရက်နေ့တွင် ဘုရားသခင်လက်က လွတ်ကျတော်မူသောပစ္စည်းအမည်မှာ သစ္စာနီ ဖြစ်ပါသည်။ (ကံအားလျော်စွာ ကွဲရှသွားသည်။) ကျွန်ပ်ကြိုက်ခဲ့ပြီး ကျွန်ုပ်မရခဲ့သော မိန်းမများ၏အမည်မှာ ဂျိမ်းဖွန်ဒါ၊ ကက်သရင်းဒညူ၊ နမ်စီကွမ်၊ ရှမီလာတဂိုးနှင့် ခင်မေအောင်တို့ ဖြစ်ပါသည်။ အမည်နာမများသည် ပညတ်များသာ ဖြစ်ပါသည်။ သို့မဟုတ် အမှန်တရား၊ သိပ္ပံ ပညာ၊ လူ၊ စနစ်၊ ရမက်၊ သေခြင်းတရားနှင့်အရာအားလုံးမှာ ပညတ်များသာ ဖြစ်ပါသည်။ ပညတ်ဆိုသည်မှာ မသေချာသောအရာ ဖြစ်ပါသည်။

မနက်ဖြန် နေထွက်မည်လား မသေချာ။ မသေချာခြင်းမှာ နောက်ဆုံးပေါ် သိပ္ပံနည်းကျအယူအဆ ဖြစ်ပါသည်။ ရူပဗေဒသိပ္ပံနယ်တွင် ထင်ရှားလှသော ဟိုင်ဇင်ဘတ်ခ်၏ မရေရာမှုနိယာမ (Uncertainty Principle) ကို သင်ကြားဖူးပါသလား။ လူမှုရေးသိပ္ပံနယ်တွင် သတင်းနည်းပညာတော်လှန်ရေးက မွေးထုတ်လိုက်သော ဂလိုဘယ်လိုက်ဇေးရှင်း၏ ဝိသေသတစ်ခုအဖြစ် မရေရာမှုသီအိုရီကို ရောဘတ်ဆင်မျူရယ်ဆင်လို ပညာရှင်တွေ ကိုင်စွဲအသုံးပြုနေသည်ကို သင်

ကြားဖူးပါသလား။ အနုပညာနယ်တွင် ပို့စ်မော်ဒန်တို့၏ အဓိကမဏ္ဍိုင် တစ်ရပ်ဖြစ်သည့် ဝုဖ်ဂန်အဇ္ဇာ WOLFGANGISER ၏ ရှိမှုမရေရာခြင်း သဘောတရားခေါ် ONTOLOGICAL UNICERTAINTY ကို သင် ကြားဖူးပါသလား။ သင်ကြားဖူးသည်မှာ သေချာပါသလော။ သေချာ သည်မှာ မသေချာပါ။

*ရှပ်ရှင်အမြဲတော၊ နိုဝင်ဘာ ၂၀၀၃*

## ပေါက်တတ်ကရမိုး

[၁]

အပြင်မှာ မိုးရွာနေပါသလား။ ပြင်သစ်ကဗျာဆရာ အပိုလျဲနေးကတော့ စက္ကူပေါ်မှာ မိုးရွာခဲ့သည်။ သူ့အပြင် တစ်ခြားမိုးများစွာရှိပါသေးသည်။ ဥပမာ ဒေါ်စောမြအေးကြည်မိုး (တော်ရုံသာ ရွာတန်သင့်ပါငဲ့)၊ ကိုစောညိန်းရဲ့ မိုး (သည်မိုးမှောင်တုန်း၊ မောင်ပုန်းပါရစေခင်)၊ ဇန်းမော်တင်အောင်ရဲ့ မိုး (မိုးတောင်က ချုန်း)၊ ကျော်ဆွေရဲ့ မိုး (မိုးနဲ့မျက်ရည်)၊ ကာရယ်ရိဒ်ရဲ့ မိုး (ဒီမိုးကို ဘယ်သူရပ်နိုင်ပါ့မယ်)၊ ကိုမြကြီးရဲ့ မိုး (လွမ်းသူ့မျက်ရည်၊ ရက်ရှည်ဆွေးတယ်လေး၊ သွေးကဲ့သို့နီ)၊ ကိုင်ဇာရဲ့ မိုး (မနိုးပါစေနဲ့မိုးရယ်)၊ ဟိုကောင်မလေးရဲ့ မိုး (ကံဆိုးမသွားရာ မိုးလိုက်လို့ရွာ)၊ ဂီတလုလင်ရဲ့ မိုး (လျှပ်ပန်းလေးခွေနဲ့ ခွေနဲ့)၊ ကိုအံ့ကြီးရဲ့ မိုး (နုတ်စည်ငယ်လေ ပုစွန်လက်ရုံး)၊ မြေချစ်သူရဲ့ မိုး (ထီးတစ်လက်အတွက်၊ မနက်ကအိမ်မှာ၊ စကားများစွာ လောင်ကျွမ်း

ခဲ့ပါတယ်)၊ ကလေးတစ်ယောက်ရဲ့ မိုး (မိုးရွာရင် ရေချိုးမယ်)၊ ကျွန်တော်ရဲ့ မိုး (မိုးကလွဲလို့ အားလုံးနဲ့ လွဲခဲ့ပေ့ါ)။

[၂]

ထီးတွေကို ရေးထားတဲ့
ရေနွားရဲ့ အာရုံမြင်ပန်းချီကား
ရောင်းလိုသူရှိပါသလား။

(မြေချစ်သူ)

ကျွန်တော့်သူငယ်ချင်း ကိုမြင့်သန်း (မြေချစ်သူ)သည် ရေနွားပန်းချီကားကို လိုချင်တာလား၊ ပန်းချီကားထဲက ထီးတွေကို လိုချင်တာလား၊ မေးဖို့ နောက်ကျသွားပါပြီ။ (သူ ... ကွယ်လွန်ခဲ့ပြီဖြစ်သည်။) သူ့မှာ ရေနွားပန်းချီကားကို ဝယ်ဖို့၊ သို့မဟုတ် ထီးတစ်လက်ကိုဝယ်ဖို့ လုံလောက်သောငွေ ရှိပါရဲ့လား။ ကျွန်တော် မသိပါ။

မိုးရွာထဲမှာ (သူရေးခဲ့တဲ့ ကဗျာတစ်ပုဒ်ရဲ့အမည်) လမ်းလျှောက်နေသောသူထံသို့ စီဘီဘဏ်ကြော်ငြာထဲက ထီးမိုးပေးတတ်သောကောင်မလေး ရောက်လာခဲ့ပါသလား၊ ကျွန်တော် မသိပါ။ ထူးထွေဆန်းပြားသော ထီးတွေအကြောင်း သူ သိခွင့်မရခဲ့ခြင်းမှာ၊ သို့မဟုတ် သူ သိခွင့်ရခြင်းမှာ ကောင်းသလား၊ ဆိုးသလား ကျွန်တော် မသိပါ။ သုံးဆစ်ချိုး၊ ခလုတ်နှိပ်လိုက်လျှင် ပိတ်၊ ခရမ်းလွန်ရောက်ခြည်ကာကွယ်၊ အချက်ပြမီး၊ လက်ကိုင်မီးတွေ တပ်ဆင်ထားသော ထီးတွေအပြင် ...

ကာရာအိုကေစက်ပါသောထီး၊ စလောင်းတီဗီပါသောထီး၊ စား

သောက်ဆိုင်နှင့် အနှိပ်ခန်းပါသောထီး၊ ဟိုတယ်ပါသောထီး၊ ရေကူး
ကန်ပါသောထီး၊ ပင်လယ်ကမ်းခြေပါသောထီး၊ နှင်းဆီဥယျာဉ်ပါသော
ထီး စသဖြင့် ချဲ့ထွင်တိုးတက် ထုတ်လုပ်ရောင်းချနိုင်ပါသည်။ ဖြစ်
နိုင်ပါလျှင် ... ထီးဖွင့်လိုက်လျှင် ထီးအောက်၌ မိုးရွာစေနိုင်သော ထီး
တစ်လက်ကို ကျွန်တော်လိုချင်ပါသည်။

[၃]

ပေါက္ခရဝဿမိုး = စိုစွတ်စေလိုသူကို စိုစွတ်၍၊
မစိုစွတ်စေလိုသူကို မစိုစွတ်စေသောမိုး။
ပေါက်တတ်ကရမိုး = ဖတ်ချင်သူဖတ်၍၊
မဖတ်ချင်သူ မဖတ်ပဲနေနိုင်သော ဝတ္ထု။

*Idea မဂ္ဂဇင်း၊ ၂၀၀၀*

ငွေးဝင်းနှစ်

# အက္ခရာသဘင်သို့ ဆွတ်ကျင်မိပုံ သံခိပ်

[၁]

အကျိုးအကြောင်း ရေရေရာရာမရှိလှဘဲ ဝင့်ကြွေးတစ်စုံတစ်ရာရှိသူလို တကုပ်ကုပ် စာတွေရေးနေတဲ့သူလားတဲ့။ ဘယ်သူက မေးလိုက်တဲ့ မေးခွန်းပါလိမ့်။ အကျိုးအကြောင်း ခိုင်ခိုင်လုံလုံ ရှိလာပြန်တော့လည်း အဲဒီစာလုံးတွေက တကယ်တမ်း လက်တွေ့ရော အစွမ်းသတ္တိတွေ ရှိပါရဲ့လားတဲ့။ မေးခွန်းတွေက တရစပ်လိုလိုပဲ၊ သေနတ်ပစ်ဂိမ်းတွေ ထဲ မောက်စ်ကလစ်လိုက်တိုင်း လိမ္မော်ရောင်မီးပွင့်လေးတွေက ဖတ်ခနဲ ဖတ်ခနဲ ပွင့်လက်သွားသလို။ အထူးထူးအပြားပြားသော အိပ်၊ စား၊ ကာမနောက်ကို တစ်ကောက်ကောက် လိုက်နေတဲ့သူတွေနဲ့ ဘယ်တုန်းကတည်းက လမ်းခွဲထွက်ခဲ့သူလဲ။ ကျွန်တော်က ပျမ်းမျှအောက် အိပ်၊ စား၊ ကာမနဲ့သာ လုံလောက်မှုတခဲ့သူ ကေန် ဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ အကျိုးအကြောင်း မရှိလှစွာ။ အကျိုးအကြောင်း

ရှိလှစွာ စာရွက်တွေကို တန်နဲ့ချီသုံးခဲ့သူလည်း ဖြစ်ခဲ့မှာပေါ့။ ဒါကြောင့်သာပဲ သစ်ပင်စိုက်ပရောဂျက်တွေမှာ တက်တက်ကြွကြွဝင်ပါပြီး အာပတ်ဖြေသူတစ်ယောက်လိုလည်း ဖြစ်ခဲ့။ ဟိုလူလည်ကြီး ပြောစကားကို ယူသုံးရရင် ဘိန်းစားအိပ်မက်တွေကိုလည်း တင်သွင်းသူဖြစ်နေတော့မှာပဲ။

နှစ်ပေါင်းများစွာအတွင်း အက္ခရာသဘင် ဆင်နွဲကြသူများ အရေအတွက်တို့ တိုးတိုးလာပေ့ါ။ ဂူတင်ဘတ် သက္ကရာဇ်တွေကစလို့ ကင်းဒဲလ်နဲ့ အိုင်ပက်ဒ်တို့ရဲ့ သက္ကရာဇ်များဆီအထိ စက္ကန့် ဒစ်ဂျစ်တယ် ဂဏန်းများ တဖျပ်ဖျပ်ပြောင်းနေ တိုးနေသလို။ အကျိုးအကြောင်းမဲ့စွာ၊ အကျိုးအကြောင်းရှိစွာ စာလုံးအသစ်တွေနဲ့ အသစ်လို့ထင်ရတဲ့ ဖန်တရာတေစာလုံးတွေ တစ်လုံးပြီးတစ်လုံး၊ တစ်ကြောင်းပြီးတစ်ကြောင်း အရှိန်အဟုန်ပြင်းစွာ၊ ပို၍ပြင်းစွာ သူတို့မောင်းနှင်ကြ။ နန်းရင်ပြင်တွေ၊ နတ်ကွန်းတွေမှာလည်း စာလုံးတွေ မဝင်နိုင်အောင် လုံခြုံရေးပိုက်ကွန်တွေ အုပ်ဆိုင်းတန် အုပ်ဆိုင်းကြရတာတဲ့။ မိုက်ဒဲ့ဘုရင်ကြီးတစ်ပါးပဲ သူ့လက်ညှိုးနဲ့ထိပြီး ရွှေစာလုံးတွေဖြစ်အောင် လုပ်ခဲ့တယ်ဆိုပဲ။ နေပါဦး၊ မိဖုရားတွေအများကြီးထားခဲ့တယ်ဆိုတဲ့ ကျွန်တော်တို့ရဲ့ မင်းတုန်းမင်းကြီးကလည်း ပိဋကတ်တွေကို ကျောက်ချပ်တွေပေါ်မှာ အပြည့်အစုံထွင်းစေခဲ့တာ။ အဲဒီကျောက်စာချပ်တွေပေါ်က ခရေပင်ရိပ်တို့ အလွန်အေးမြပြီး ခရေပွင့်တို့ အရမ်းမွှေးမြနေခဲ့တာ တစ်ခုသောနွေရာသီမှာ ကျွန်တော် ကြုံခဲ့ရဖူးတယ်။ ဖြတ်သွားဖြတ်လာ မန္တလေးဟာ အဲဒီတစ်နှစ်မှာတော့ အလွန်အဓိပ္ပာယ် ရှိခဲ့တာပေါ့။ ကမ္ဘာ့အကြီးဆုံး စာအုပ်ဆိုတာကို ဝင်းပတဲ့ နေရောင်အောက်မှာ အေးမြစွာ

ထိတွေ့ခဲ့ရပုံ။

အကျိုးအကြောင်းမဲ့စွာ၊ အကျိုးအကြောင်းရှိစွာ စာကြောင်းတွေနဲ့ ကြောင်းနေတဲ့သူအဖြစ်မှာ ကျွန်တော်ဟာ ရွာကလူတွေ ဖတ်ဖို့ရေးသူတစ်ယောက် ဖြစ်နိုင်မှာလား၊ ကိုယ့်ကိုယ်ကို စာစစ်သူတွေ အမှတ်ဖျက်သလို ဖျက်ကြည့်နေမိတယ်။ မရမ်းကုန်းအဘိုးကြီးရဲ့ ရွာကလူတွေဖတ်ဖို့ဆိုတဲ့ နိုင်ငံရေးဆောင်းပါးတွေကိုလည်း သတိရနေမိတယ်။ အကျိုးအကြောင်းမဲ့စွာ၊ အကျိုးအကြောင်းရှိစွာ လက်အယားဖြေဖျောက်ပုံမှာ ရွာကလူတွေရဲ့ကဏ္ဍကို ထည့်ထည့်တွက်နေတယ်ဆိုရင်ပဲ အနုပညာက အနုပညာဖြစ်သွားမှာလား။ သွားစမ်းပါ။ နူနူရွဲရွဲ သေတ္တိသေနအပေါ် မယ်သမ္ဘူ မေတ္တာမစဲခဲ့သလိုပဲ ကျွန်တော် ချည်တိုင်မြဲနေလိုက်တော့မယ် (အာ့တ်ဖော် ဘာဆိတ် ညာဆိတ်တွေဆိုတာ အကြောင်းဆိုက်လာတဲ့အချိန်တွေမှာ အကြောင်းရှိသူတွေက ဆိတ်ခဲ့တာပဲ။ တချို့က ကိုယ်ဆိတ်ချင်တဲ့အစွဲကို အမြဲလွယ်ထားချင်တော့ခက်တယ်)။ သုံးယောက်ခွဲလောက်က ကိုယ့်ကဗျာတွေ တခုတ်တရဖတ်ပြီး အင်တာနက်စီးကြောင်းထဲမှာ မှတ်ချက်တိုလေးနဲ့ အသိအမှတ်ပြုပေးတာကို သာယာတဲ့သူကလည်း ကိုယ်တိုင်ပဲဖြစ်တော့မယ်။ အဲဒီမှာမှ အွန်လိုင်းကဗျာရေးသူတစ်ယောက်ရဲ့ စီပုံးပိတ်ထားတဲ့ ဘလော့ဂ်စာမျက်နှာက ကဗျာတစ်ပုဒ်ရဲ့ သရော်မော်ကား အောက်ခြေရည်ညွှန်းချက်တစ်ခုကလည်း ကရင်နီလို့ခေါ်တဲ့ အဆိပ်ပြင်းပုရွက်ဆိတ်မျိုးစိတ်တစ်ကောင် ဦးနှောက်ထဲဝင်ကိုက်နေသလို။ ဝေါက်ရှူးထ၍ ကဗျာရေးနေသော ကဗျာဆရာများကို ဝေါက်ရှူးကြီးများဟု ထင်ပါကြောင်းဂါရဝတရားဖြင့် စော်ကားလိုက်ပါသည်တဲ့။ ရွာထဲမှာလည်း အဲဒီလို

မိုက်ရိုင်းထွားကျိုင်းတဲ့ သူကြီးသားလိုလို၊ ကာလသားခေါင်းလိုလို၊ ထန်းရေတဲက မထွက်တစ်ထွက်မှာပဲ ပုဆိုးကွင်းသိုင်းပြီး မအေနှမ ဖရုသဝါစာ အရသာတွေ့လှသော စိတ်မကျန်းမာသူ တစ်ယောက် မက၊ နှစ်ယောက်မက တွေ့ရနိုင်ပါတယ်။ ကမ္ဘာလည်း ကမ္ဘာအလိုက်၊ ရွာလည်း ရွာစရိုက်ပေပဲ။ ဆဲရေးရေး၊ ရေးဆဲဆဲ၊ ယဉ်ယဉ်လေးပဲဖြစ်ဖြစ်၊ ရိုင်းစိုင်းရင့်သီးစွာပဲဖြစ်ဖြစ် အဆဲက အဆဲ၊ အရေးက အရေး ဖြစ်တာကိုလည်း အကျိုးအကြောင်းရှာ ဆင်ခြင်ကြည့်။

အကျိုးအကြောင်း ရေရေရာရာမရှိလှဘဲလည်း ဝဋ်ကြွေးတစ်စုံတစ်ရာရှိသူလို စာတွေတကုပ်ကုပ်ဆက်ရေးချင်လည်း ရေးပေါ့။ အကျိုးအကြောင်း ခိုင်ခိုင်လုံလုံနဲ့ အေးမြဝေဆာပြီး တပြန့်တပြောရှိတဲ့ ညောင်ရိပ်ကိုရဖို့ ညောင်ရေလောင်းလိုလည်း လောင်းလိုက်ပါတော့။ ပတ်ထမ်းနဲ့တွေ့မှာ မတွေ့မှာကို စဉ်းစားမနေနဲ့တော့။ အထူးထူး အပြားပြားသော အိပ်စားကာမတွေနောက်ကို တကောက်ကောက် လိုက်လိုတဲ့လူမှ မဟုတ်တာဘဲ။ ပူပန်စရာဝန်တွေ ပစ်ချတတ်သမျှ ပစ်ချလိုက်ပါတော့။ ခုဖြင့် အကျိုးအကြောင်းမရှိတဲ့ စာလုံးတွေက ဟိုး အဝေးတိမ်ညိုမိုလ္လာ၊ တိမ်စူကာတွေထဲ ပေါ့လွင်စွာပြေးတက်သွားပြီး အကျိုးအကြောင်းခိုင်လုံတဲ့ စာကြောင်းတွေက အဖေ့ရဲ့ စိုက်ခင်းဧကထဲကို ထွန်ကြောင်းအရစ်ရစ်နဲ့ ထယ်ရေးတမန်းကောင်းအောင် အားကောင်းမောင်းသန် ထွန်ယက်နေပြီ၊ ထွန်ယက်နေမည်ဟုသာ ယူဆလိုက်ပါတော့။

*ဖေဖော်ဝါရီ ၂၂၊ ၂၀၁၁*

## ဆုံးသွားပြီးနောက် မြင်စရာတွေတဲ့လားကွယ်

မူရကာမိရဲ့ ''ကျွန်တော့်အခန်း ပြတင်းကနေ မိုးထိတိုက်သစ်တစ်လုံးရယ်၊ ပန်းခြံကြီးရယ် နှစ်ခုစလုံးကို မြင်နိုင်တယ်။ ကျွန်တော်မိုးထိတိုက်ကြီးကိုကြည့်တုန်း ဒီတိုက်မပြီးမီ ဆုံးသွားတဲ့သူတွေရယ်၊ သူတို့ ဒီဟာကို ဘယ်ခါမှ မြင်ရဖို့မရှိဘူးဆိုတာရယ် တွေးမိတယ်။ ဒါကသင်သေပြီဆိုရင် သင့်အတွက်မြင်စရာ ဘာမှမရှိတော့ဆိုတဲ့ ကလေးတောင်သိတဲ့ အမှန်တရားရဲ့ အမြင်ပုံရိပ်လိုပဲ။'' ဆိုတာကို ဖတ်ရင်းရုပ်သံစက်ကို လှမ်းကြည့်လိုက်တော့ ဖန်ပြင်ပေါ်မှာ ဖိလစ်ပိုင်က မီးတောင်သတင်းလာနေတယ် (၂၀၁၁၊ ဖေဖော်ဝါရီလ ကုန်ဖို့ တစ်ပတ်တိတိအလို)။ မီးခိုးတွေနဲ့ မီးတောင်ပြာတွေက တိမ်တောင်လို ကောင်းကင်ပြည့် မို့တက်နေတော့တာ လမ်းတွေပေါ်က နှာခေါင်းစည်းနဲ့လူတွေက ငေးကြည့်လို့။ ပြီးခဲ့တဲ့လပိုင်းလောက်က ရေဘေးထဲပါသွားသူတွေကတော့ မီးတောင်ကြီးနိုးလာတဲ့မြင်ကွင်းကို မတွေ့နိုင်တော့။

ဆုံးပြီးတဲ့သူတွေ မမြင်သွားရတဲ့အရာတွေ။ ကျွန်တော့်အမေဟာ ကျွန်တော် စာသဘင်မှာ (နည်းနည်း) အရာထင်လာတာ တွေ့မသွား ရတော့။ ဘုရင့်နောင်မင်းတရားကြီးက သူ့ရဲ့ ကမ္ဘောဇသာဒီနန်း တော်ကြီးကို နောက်လူတွေ ဆင်တတ်သရွေ့ ပြင်ဆင်နေကြတာများ မတွေ့နိုင်တော့။ ရွှေပြားများနဲ့မဟုတ်တာကိုလည်း မသိနိုင်တော့။

အသားမဖြူပါတယ် စိန်ဗေဒါရေ့လို့ သူ့ရဲ့ ပတ်လုံးသံအတိုင်း ကွန်ပျူတာဂီတလူငယ်လေးက လျှပ်စစ်စန္ဒရားနဲ့ ရောသမမွှေလိုက် တာကို ရွှာစားကြီးစိန်ဗေဒါက မကြားနိုင်တော့။ ၂၁ ရာစု မြန်မာ ကဗျာဆရာလေးတွေက သူ့ရဲ့ ဖန်ပြာခွက်ထက် ဒူးရှောင့်ပ်ရဲ့ ရှူးပန်း ခွက်ကြီးကို အာရုံကျနေတဲ့သတင်းတွေ ဆရာဇော်ဂျီ မသိနိုင်တော့။ ကျွန်တော် အိပ်ချ်နဲ့အတူတူ ဆွပ်ဩပရာဇာတ်လမ်းတွေကို ညချမ်း ဆည်းဆာတစ်ခုမှာ တီဗီရှေ့ထိုင်ပြီး မကြည့်နိုင်တော့။ ကျွန်တော် ဆုံး သွားတာလား၊ အိပ်ချ် ဆုံးသွားတာလား။ အချို့စာသားများကို 'ပြီးပြီ' ဟု စာတမ်းထိုးရန်၊ သို့မဟုတ် ပြီးပြီဟု အဓိပ္ပာယ်သက်ရောက်စေ သော ပုဒ်မနှစ်လုံးချတာမျိုး။ ကျည်ဖူးလို့ခေါ်တဲ့ အက္ခရာမဟုတ်သော အထူးပုံပန်းရှိ သင်္ကေတတစ်မျိုးမျိုး အပြီးသတ်ရိုက်နှိပ်ထားတာမျိုး အသုံးပြုရန် လုံးဝ (လုံးဝ) မလိုအပ်ပါ။ ထူးခြားတဲ့ ဥပမာတစ်ခုမှာ သည်မော်နိုင်ရဲ့ လျှော်လျှော် လျှော်ကိုလျှော်တဲ့ စာသားတွေကတော့ နှစ်ကာလများစာအုပ်တိုက်က ၂၀၁၁၊ ဇန်နဝါရီက ပထမအကြိမ်ထုတ် တဲ့ 'လျှော်တက်ကိုနှစ် အသာအယာ လျှော်တက်ပြားကို မျက်နှာပြင် ပေါ် ဖော့ဝိုက်သွား' ဆိုတဲ့ စာအုပ်ထဲမှာ ၁၃ မျက်နှာရောက်လို့လည်း မဆုံးဘူး၊ ၂၅ မျက်နှာ ရောက်တော့လည်း မပြီးဘူး။ စာမျက်နှာ ၄၀

က အောက်ဆုံးစာကြောင်း နောက်ပိုင်းစာလုံးတွေ ဆက်မတွေ့ရပေမဲ့လည်း ဘယ်ထိ အဲဒီစာကြောင်းတွေ ဆက်ငုပ်သွားတယ် မသိရဘူး။ စာသားတည်ချမှုအနုပညာအဖြစ် တစ်ခြားပုံစံတစ်မျိုးမျိုးနဲ့ ကျွန်တော် ဒါကို လက်ခံလို့ရပေမဲ့ စာအုပ်ပုံနှိပ်ထုတ်ဝေမှုအဖြစ် သဘောမတူဘူး။ ကျွန်တော့်အတွက်နောမတိမျှ ဖြစ်ပါတယ်။ ဟို ဆံပင်ဖြောင့်ဆိုင်တစ်ဆိုင် က မြို့တွင်းနေရာအနှံ့ မိန်းမငယ်မှန်သမျှလက်ထဲ လိုက်ကမ်းနေတဲ့ လက်ကမ်းကြော်ငြာစာရွက်တွေလိုပဲ သူတို့ဟာ ဝါးတောကြီးတွေကို လိုတာထက် ပိုသုဉ်းစေတဲ့ (နည်းနည်းတော့) များသူတွေ ဖြစ်တယ်။ အဲဒီခန်းမက ဈေးရောင်းပွဲအကြိမ်ကြိမ်မှာ ပြန့်ကြဲသွားတဲ့ ကြော်ငြာစာရွက်တွေလိုပဲ အလိုတူစေဖို့ ဖြားယောင်းမှုတွေ မဆုံးတော့ဘူး။ ဒီလိုသာဆိုရင်ဖြင့် ကျောက်တင်းပုတ်နဲ့ ရိုက်လှဲ၊ ဆံပင်ကနေ ဒရွတ်တိုက်ဆွဲပြီး ဂူထဲ အတင်းခေါ်သွားပါတော့လို့ ရွံ့စောင်းစောင်း ပြောပစ်ရတော့မလိုပဲ။ ဘယ်ကိုသွားသွား ဘရဲန်ဒ်အမည်တွေ၊ လိုဂိုတွေ၊ ကြော်ငြာစာသားတွေ လွတ်ကို မလွတ်နိုင်တော့။ အစစအရာရာ ဖြားယောင်းနေကြတဲ့ တောနက်ကြီးထဲမှာ။ မိုးသစ်တောကြီးတွေ ဆုတ်ခွာခေါင်းပါးသွားရတာနဲ့အမျှ ကြော်ငြာတောအုပ်တွေက ကမ္ဘာ တစ်ဝန်းမှာ လက်ယုက်ထိုး အုပ်မိုးနေခဲ့တယ်။ ၂၀ ရာစုရှေ့ပိုင်းက လူတွေဟာ ကံကောင်းထောက်မစွာ ကြော်ငြာလောင်းရိပ်ကို ရှောင်မလွတ်အောင် မကြုံခဲ့တော့။ ခေါင်းတစ်လုံးမြင့်၊ ပိုတိတိကျကျဆိုရရင်ဖြင့် ဖနောင့်တစ်လုံးစာမြင့် အစ်ကိုကြီးများရဲ့ မြင်စေချင်ရာ တစ်မျိုးသော ကြော်ငြာစာသားများကိုလည်း များများစားစားမတွေ့သွားခဲ့။

မူရကာမိရဲ့ အထပ်မြင့်ဟိုတယ် အခန်းပြတင်းကနေ ကြည့်လိုက်

ရင် တိုကျိုရှင်ဂျုခု ခရိုင်ပန်းခြံကြီးကိုလည်း တွေ့ရနိုင်သတဲ့။ အဲဒီမှာ အိမ်ခြေမဲ့တွေ အများကြီးရှိနေတာပဲ။ ဖြစ်ကတတ်ဆန်းတဲ့တွေက မိုးကာ တာပေါ်လင်ဖျင်စပြာတွေဟာ မြေပေါ်မှာ ပြန့်ကြဲလို့ရှိနေမှာ။ ဒါပေမဲ့ စာရေးဆရာရဲ့ စာရေးရာဟိုတယ်ခန်းပြတင်းကနေ ငုံ့ကြည့်လိုက်ရင် မြင်နိုင်သမျှကတော့ အရွက်စိမ်းမြ သစ်ပင်တွေချည်းပေါ့။ မနက်ခင်းဆိုရင် အိပ်ချ်ဘုရားရှိခိုးနေတာကို ကျွန်တော် စိတ်လက်ရှည်ရှည်ထိုင်စောင့်ရမြဲပေါ့။ သူ့ရဲ့ လက်ချောင်းဖြူဖြူလေးတွေက လှုလှုပပလှုပ်ရှားနေပြီဆိုရင် ပုတီးကုံးလေးဟာ သယ်ပို့ ပတ်ကြိုးတစ်ချောင်းလို ဖြည်းဖြည်းမှန်မှန် ရွေ့လည်နေတော့တယ်။ ပုတီးတစ်လုံးစီဟာ ဂုဏ်တော်တစ်ခုကို သယ်သွားပုံပဲ။ ကျွန်တော်သေပြီဆိုရင် ကျွန်တော့်အတွက် ကြည့်မြင်စရာ (တရွေ့ရွေ့လည်နေတဲ့ ပုတီးကုံးလေးအပါအဝင်) ဘာရှိဦးမလဲ။ အိပ်ချ်ကတော့ အထပ်မြင့်တိုက်ခန်းတစ်ခန်းက ပြတင်းပေါက်တစ်ခုရဲ့နောက်မှာထိုင်ပြီး မြေပြင်ကို ငေးကြည့်ခွင့် ရှိချင်ရှိမှာ။ ရှဉ့်ကလေးတစ်ကောင် ဗာဒံသီးလေးတစ်လုံးကို ဆွတ်လိုက်တာ မမြင်ရတောင် ဗာဒံရွက်စိမ်းစိမ်းကလေးတွေ ဖျတ်ခနဲလှုပ်သွားတာ သူမြင်ရကောင်း မြင်ရနိုင်တယ်။ ပြီးပြီလို့ ကျွန်တော်တို့နှစ်ယောက်စလုံး မပြောလိုက်ကြပါစို့နဲ့။ သည်မော်နိုင့်စာအုပ်ထဲကလို စာကြောင်းတွေ မဆုံးခင် စာရွက်တွေကုန်သွားတော့တယ် အိပ်ချ်ရေ။

*ဖေဖော်ဝါရီ၊ ၂၂၊ ၂၀၁၁*

# နသတ်တင် မြစ်ကို အကြောင်းခံတဲ့ စောင်းရွဲရွဲ ဆောင်းဖွဲ့

''ချိုလေးသာအိန့်၊ နှုတ်တော်မိန့်၊ ထိန့်ထိန့်ကျော်သံဝေ'' တဲ့။ (ကျိုက်ဝိုင်းဘုရားလမ်းအတိုင်း သမိုင်းဘက်ကအလာ) မရမ်းကုန်းမီးပွိုင့်မရောက်ခင် မန်ကျည်းပင်ကြီးအောက်က မော်ဒန်၊ ပို့စ်မော်ဒန်တွေ စစ်တမ်းထုတ်ခဲ့တဲ့ မုံရွာသား စာရေးဆရာအဘိုးကြီးကို ကဝိလက္ခဏာကြီး ပြန်လှန်ပြီး ဖိန့်တယ်လို့ မထင်ပါဘူး။ နသတ်တင်မြစ်က (ဖော်ပြပါ သံပေါက်ထဲက အိန့်၊ မိန့်၊ ထိန့်) ဒီသုံးလုံးအပြင် ထပ်ရှိလာပြီလို့လည်း ပြောမှ မပြောနိုင်တာ။ ဖိန့်တယ်ဆိုတဲ့ ဘန်းစကားက အဘိဓာန်ထဲကို ဝင်မလာသေးသလို စိန့်ဆိုတဲ့ အင်္ဂလိသက်ကိုလည်း အသုံးက သိပ်မတွင်ခဲ့ဘူး။ (စိန့်ကျောင်းတွေကလည်း ရာဇဝင်ထဲ ကျန်ခဲ့ပြီ။ အခေါ်ဟောင်းဆက်ရှိသေးတယ် ဆိုပေမဲ့ဆိုပါတော့ စမ်းချောင်း အထက ၂ က ကျောင်းသူလေး တစ်ယောက်ကလည်း သူ စိန့်ဖိလိုးမီနာကျောင်းသူပါလို့ ပီသစွာပြောလေ့မရှိဘဲ သမီးက

စိန့်ဖလိုးကပါလို့ပဲ ပြောတတ်ပါတယ်။) အဲ၊ စိန့်ရဲ့ အခြား စိနတိုင်း အဓိပ္ပာယ်စကားလုံးကရော တွင်ကျယ်တဲ့ အများသုံးမဟုတ်ဘဲ တစ်ယောက်တလေက တစ်နေရာရာလောက်မှာသာ သုံးကြတယ်လို့ ပြောရမလား။ စိန္တကျော်သူကြီး ပြောခဲ့တဲ့ အိန့်၊ မိန့်၊ ထိန့်မှာလည်း မိန့်တစ်ခုသာ ခုထိ တွင်တွင်ကျယ်ကျယ် သုံးနေတာဖြစ်ပြီး ကျန်တဲ့ အိန့်၊ ထိန့်တို့ကတော့ အသုံးတိမ်၊ အဓိပ္ပာယ်တောင် စမ်းဝါးရဝေးတာမျိုး ဖြစ်နေပါပြီ။ အနားက အဘိဓာန်အကျဉ်းကို လှန်လှောရှာဖွေတော့ အိန့်တောင် မတွေ့ရပါ။ အဘိဓာန်ကြီးတစ်ဆူကတော့ ဘယ်ဆီဘယ်မှာ။ ဘာသာဗေဒရဲ့ ကွက်လပ်ကွာဟသဘောတွေအပြင် ထောက်ပံ့ကြောင်း၊ ထောက်ပံ့အရာတို့ရဲ့ ကွက်လပ်ကွာဟသဘောများလည်း ရှိနေပါသေးရဲ့။

၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ စတိုင်သစ်ထဲက ဆရာဇော်ဇော်အောင်ရဲ့ ကွက်လပ်သဘောတရား (gap ဂက်ပ်) အဖွင့်ကို ဖတ်ပြီး တောင်ရောက် မြောက်ရောက် ကျွန်တော် လျှောက်စဉ်းစားကြည့်တာပါ။ စာပေဝေါဟာရတွေအကြောင်း ရှင်းလင်းဖွင့်ဆိုနေတဲ့ ကျွန်တော်ကြားဖူးသလို ပြောဆိုပါမည်ဆိုတဲ့ ဆောင်းပါးစဉ်မှာ မြန်မာစာပေနဲ့ ဘာသာစကားမှာရှိတဲ့ သာဓကတွေကို လိုရင်လိုသလို ကိုးကားသွားနေတာအတွက် ဆရာ့ကို ကျေးဇူးတင်ရပါတယ်။ သောတုဇနများ ဖိန့်ဖိန့်တုန်အောင် မြန်မာစကားလုံးတွေကို မွှေနှောက်ခြောက်ချားထားခဲ့တဲ့ သတ်ပုံကျမ်းထဲမှာ နသတ်တင်မြစ်အသုံးက ဒီသုံးလုံးကလွဲရင် မရှိကြောင်း၊ ကျန်တာတွေကတော့ (ဆိုပါတော့ ကိန့်၊ ခိန့်၊ ဂိန့်) ကွက်လပ် gap တွေဖြစ်ကြောင်း ဆရာက ဆင်ခြင်ပွားများစရာ အကျဉ်း

မှု ဆိုခဲ့တာပါ။

တခြား ကွာဟကွက်လပ်သဘောတွေကိုပါ လျှောက်တွေးမိ၊ တွေးမိတဲ့အတိုင်း ရိုက်ချမိလိုက်တော့ ကျွန်တော့်လက်အထားအသိုက နည်းနည်းတိမ်းနေတာနဲ့ 'န' ခလုတ်နဲ့ 'တ' ခလုတ် လွဲလွဲပြီး ရိုက်မိတယ်။ ကီးဘုတ်မှာ ဘေးချင်းကပ်မို့ တစ်လုံးထဲကွာပေမဲ့ ထင်လာတာကျ နသတ်နဲ့ တသတ်ဆိုတော့ အိန့်နဲ့၊ အိတ့်၊ မိန့်နဲ့ မိတ့် တော်တော်ဝေးသွားခဲ့တာပဲ (အောက်ကမြစ်ကလည်း ရှုပ်နေသေးတယ်၊ အောက်ကမြစ်တွေက အတော်ရှုပ်တတ်တာကလား။) ဆရာဇော်ရဲ့ ဆောင်းပါးကို ပြန်ဖတ်တော့ ပညာရပ်ဆောင်းပါးဖြစ်လို့ စကားလုံး၊ စကားစုတွေကို အင်္ဂလိပ်လိုညှပ်ပြီး ရေးထားတာတွေက ကျွန်တော့်မျက်စိကို လာဆွတယ်။ အကောက်အယူ မလွဲရအောင် မူရင်းဝေါဟာရတွေကို ဆရာက တွဲပြီးဖော်ပြသွားတာ ဝေဖန်ပြစ်တင်ဖို့အကြောင်း နည်းနည်းမှ မရှိပါ။ ဒါပေမဲ့ ကျွန်တော့်မျက်စိထဲ ရှုတတဖြစ်တာက ဖြစ်တာပါပဲ။ ဒီကြားထဲ ကနဦးဖတ်သူ၊ တည်းသူနဲ့ စာစီစာပြင်ဖို့ စီစဉ်ပေးရမယ့် အယ်ဒီတာများ မလွဲချော်ရအောင် မူရင်းစာမူမှာ အင်္ဂလိပ်စာလုံးတွေကို စာလုံးကြီးတွေနဲ့ ရေးပေးလိုက်ဟန်တူရဲ့။ ဒါပေမဲ့ အယ်ဒီတာများကလည်း ဒီအတိုင်းပဲ စာစီသူကို တန်းချပေးလိုက်ပုံပါပဲ။ ကျွန်တော့်မျက်စိရှေ့ရောက်နေတဲ့ မဂ္ဂဇင်းစာမျက်နှာမှာ အဲဒီကက်ပီတဲလ်စာလုံးကြီးတွေက ဆူညံနေတာပဲ။ (အင်တာနက်အီးမေးလ်တွေမှာတော့ စာလုံးကြီးတွေ ရိုက်ချလိုက်ရင် အော်ဟစ်ပြောလိုက်တာပဲ၊ ရိုင်းတာပေါ့၊ နက်တိကက်နဲ့ မညီတာပေါ့။) စာရေးသူနဲ့ အယ်ဒီတာ နီးကပ်စွာ ထပ်တူကျတာပဲလား၊ ကွာဟလွဲချော်သွားခဲ့တာလား။

မသိနိုင်ပါ။

ကွက်လပ်ကွာဟအကြောင်း လျှောက်စဉ်းစားတဲ့ ကျွန်တော့် ခေါင်းထဲမှာ လေတွေတိုက်နေပါတယ်။ ကွက်လပ်ဖြစ်သွားတဲ့နေရာကို လေစီးကြောင်းက ဦးတည်လာပါသလား။ ပထဝီသင်တဲ့ အစ်မဆရာမ ကို မေးရဦးမှာ ဖြစ်ပါတယ်။ လေထန်တဲ့ရက်တွေမှာ လေစားသွားတဲ့ အလင်းတိုင်များအကြောင်း တွေးကြည့်ပါ။ ဝါကျတစ်ကြောင်းနဲ့ တစ်ကြောင်းအကြား ပေါ်လွင်တဲ့အဓိပ္ပာယ် ဆက်စပ်ခြင်းများ၊ ယုတ္တိ ဗေဒဆက်စပ်ခြင်းများ၊ စိတ်လှုပ်ရှားမှုဆိုင်ရာ ဆက်စပ်ခြင်းများ ကင်း ပြတ်တဲ့အခါ တိုက်လေတွေ ကြွလာပါတယ်။ လူများစုအနုပညာ (mass art) တွေမှာ လေတွေ သိပ်တိုက်စရာအကြောင်း မရှိပါ။ ဆွပ်အော် ပရာလို့ခေါ်ကြတဲ့ ရုပ်သံဇာတ်လမ်းတွေမှာ ကျွန်တော်တို့ အပြတ် အခြားမရှိ လိုက်သွားစီးမျောလို့ ရနိုင်သားပဲ။ (တကယ်လို့) တကယ် လို့ လှုပ်စစ်စွမ်းအင်စီးဆင်းမှု အကြားအလပ်မရှိခဲ့ရင်ပေါ့။

ကျွန်တော်ကတော့ ကွက်လပ်သဘောတွေကြားထဲမှာ ပျော် ပျော်ကြီး နေတဲ့သူပါ။ အပွင့်စာသားတွေထဲလည်း ကူးခတ်လို့။ ဒါတင် မကသေးပါ။ သဘာဝရဲ့ ကွက်လပ်တွေကိုလည်း စေ့ငု။ ပြီးခဲ့တဲ့ညက မအိပ်ခင် အက်တမ်သီအိုရီအကြောင်း ဖတ်ခဲ့တယ်။ အဲဒီဟင်းလင်း ထဲမှာ ပိုလို့သေးငယ်တဲ့ အမှုန်တချို့ မျောရွေ့လို့။ မနက်စောစောထ လမ်းလျှောက်တဲ့အခါ လနဲ့ကြယ်ကို လှမ်းငေးရတယ်။ ကျွန်တော့်နေ ရာကကြည့်ရင် သူတို့ ထိလုမတတ် နီးနေပြီ။ လကို ကြယ်က ဖောက် ဖို့ ချဉ်းလာနေတဲ့ပုံ။ တကယ်တမ်းကျ အလင်းနှစ် ဘယ်လောက်ကွာ ကြမလဲ။ အဲဒီကြားထဲကို ဂြိုဟ်တုတစ်စင်းက ဖြတ်ဝင်သွားပေါ့။ အလင်း

တို့ ပွင့်လာတော့ ကျွန်တော့်ကိုကျော်ပြီး ဖြတ်လျှောက်သွားတဲ့ သရီး ကွာတား ဘောင်းဘီရှည်ဝတ်ကလေးမလေးရဲ့ သလုံးသားလေးတွေ ကိုကြည့်ပြီး 'ဖွေးရာရာ ပြေးကာလိုက်တော့မယ်' ဆိုတဲ့ ကဗျာဆရာ ကြီးရဲ့ ကဗျာစလေးက နှုတ်ဖျားဆီတက်လာတယ်။ ခေါင်းထဲမှာ နာ မည်ကျော်ဝတ္ထုတိုဆရာကြီးရဲ့ ဆရာအိုက ဝင်စား၊ ပျို့မျစ်လန်းဆန်း တဲ့မိန်းမပျိုလေးရဲ့ ဒိုင်းနမစ်အလှမှာ ခဏနစ်ကျသွားတဲ့ စိတ်တစ်ခု ရဲ့အဖွဲ့၊ စိတ်ကူးများ ဆန်းကြယ်နပျို့။ ခြေဖဝါးတွေ ကျိန်းစပြုလာ သလို သလုံးမြင်းခေါင်းကလည်း နည်းနည်းတင်းလာတယ်။ ဘယ် လောက်ရောက်ခဲ့ပြီလဲ။ ဩော် နှင်းမှုန်တွေခြားကန့်အပ်တဲ့ ကွက်လပ် များ၊ ဟင်းလင်းခွင်များ၊ ကျောက်ဖျာထက်က မမြင်ရတဲ့ခြေရာများနဲ့ ထိန့် ထိန့်ကျော်သံဝေမယ့် အနာဂတ်ရဲ့ နှုတ်ထွက်မိန့်သံကို မျှော်လင့် အပ်တဲ့ ချိုလေးသာအိန့်သော ဟေမန္တဆောင်းရက်များပါတကား။

*ဒီဇင်ဘာ ၁၅၊ ၂၀၀၄*

မင်းထက်မောင်

## အမှတ်တရရှိခြင်းများ ချစ်သူထံ ပေးပို့ရန်

နံနက်ပိုင်းသာ မိုးသည်းထန်စွာရွာသွန်းခဲ့သော နေ့ကလေးတစ်နေ့။ ရွေးချယ်ပိုင်ခွင့်ရှိသော အခြေအနေတစ်ရပ်ပေါ်တွင် မူတည်လျက်။ သစ်ပင်များ ရွေ့လျားကခုန်။ အပြာရောင်မိုးကောင်းကင်ကြီး မျက်စိတစ်ဖက်မှိတ်။ ကျွန်တော်၊ ကျွန်မများ လုပ်ငန်းခွင်သို့ မဝင်ကြဘဲ လျှောက်လည်ချင်ရာ လျှောက်လည်။ စွဲလမ်းတမ်းတနေရသော ရွှေနေကြာလားဟု မေးသူ။ အထီးကျန်သောရေအဖြစ်မှ ကင်းလွတ်။ စက်ယန္တရားများ ညည်းတွားအော်ဟစ်သံတို့ ဆူဆူညံ။ အားလုံးပဲ အားလုံးကို မေ့လိုက်ကြ။ ဘာဝါဒ ညာဝါဒတွေအကြောင်း ဘယ်သူမှ မပြော။ နားမလည်ခြင်းများကို နားလည်ပြီးသည့်နောက် နားမလည်နိုင်စွာ နားလည်မှုတွေရနေသည့် အခိုက်အတန့်။ အချိန်နာရီမရှိသော ဟင်းလင်းပြင် ဒြပ်သားသစ်ထဲ လောင်ကျွမ်းမှု အေးစက်စက်။ အမှည့်လွန်သက္ကရာဇ်တို့ ပျော်ပျော်ကြီး လမ်းလျှောက်ထွက်ခဲ့ကာ။ သိပ်ပြီး

အရေးတယူလုပ်စရာ ဟိုဟာသည်ဟာများလည်း ဘာမျှမရှိလှ။ ပုဒ်ဖြတ်များနှင့် ပုဒ်မများ ကျော်လွှန်။ ပုတုဇနော ဥမ္မတ္တကောဟု ဆိုကြရာ၌ ကန့်သတ်ချက်တို့ မီးခိုးငွေ့လို။ အခြားသော မည်သည့်ပုဂ္ဂိုလ်များကို ပြေဆိုရဦးမည် မသိနိုင်။ ပျော်ရွှင်တက်ကြွဖွယ် အားကစားပွဲတော်များ ကိုယ့်အခန်းထဲကိုယ် ကျင်းပကြရင်း။ လိင်စိတ်သားစိတ် ကုန်ခန်းနေသူအချို့ ပင်လယ်နက်ထဲ ခုန်ချ။ မိုးလင်းသည့်အခါ ထမင်းကြော်ပူပူကလေး မစားရမှာ မပူ။ ပန်းချီဆရာများ လမ်းမပေါ် စုဝေးရောက်ရှိ။ သွေးရောင်အလင်းထဲ ကင်းဗတ်စ၊ ဆေးဘူးများနှင့် စုတ်တံတွေ မီးပုံရှို့ အလုအယက်။ တောင်ပံပါသောငှက်တို့ သက်ဆင်းဝပ်တွားကာ ရွှံ့ဗွက်အိုင်ထဲ အထင်တကြီး မြှုပ်နှံပျော်ပါး။ မီးတောင်ပေါက်ဝ ချော်ရည်ပူများစီးထွက်ရာဆီ ငါးတို့ ဆန်တက်။ ဇာတ်လမ်းမှန်သမျှ ရိုးအီညောင်းညာ။

ပြတင်းပေါက်တိုင်းမှာ တံခါးချပ်မဲ့ကင်း။ သတင်းစကားများ စုံလင်စွာ စားသောက်ဆိုင်ထဲ ရှုပ်ပွေကျန်ရစ်မြဲ။ မြောင်းပုပ်ထဲ ပေါလောမျောပါ သံပြိုင်တေးသွား အကျိုးအပဲ့တွေ ပွတ်တိုက်။ တယ်လီဗီးရှင်းကို ပိတ်ပစ်လိုက်ကာ ပျင်းရိစွာ ဆေးပေါ့လိပ်ရှိုက်ဖွာ။ ပုံပြင်များ၏ သင်္ချိုင်းကို ငေးကြည့်နေမိခိုက်။ ဒဿနဗေဒသူရဲကောင်းတို့ အချင်းချင်း လှိုးဖြတ်ခုတ်ထစ် သတ်ပုတ်ထားရာနယ်မြေပေါ်။ မသေချာမှုများ တန်းစီညာညို မပြီးနိုင် မစီးနိုင်သေးဘဲ စတိုင်ကျကျ ဝတ်စားဆင်ယင်။ ဆာလောင်မွတ်သိပ်လွှန်းနေပြီဖြစ်သော ခွေးအိုမတစ်ကောင်က တရှုတ်ဆွဲ။ ပြဇာတ်ဆန်ဆန်တွေ လေထဲ တိုးလို့တွဲလောင်း မြည်သံပေး မြှူဆွယ်။ အစိမ်းရောင်မြက်ခင်းပြင်အလယ်က စကျင်ကျောက်

သားရုပ်တု ဖျားနာတုန်ရီနေပြီးလား မည်သူမျှ သတိမရ။ လမ်းဘေး ကော်ဖီဆိုင်တွေထဲက ရယ်သံအတုတွေ ထွက်အန်ကျ။ ဦးနှောက်ယို စီးမှုဆိုသည်မှာ ရောဂါကြီးတစ်ခုမဟုတ်ကြောင်း အဓိပ္ပာယ်ဖွင့်ဆို ရှင်းလင်းခဲ့ရသူ မောပန်းစိတ်ပျက်စွာ။ သီးသန့်ကုလားထိုင်ပေါ်မှာ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများ ရှည်လျား။ ညကလေးတစ်ည သူ့ဘာသာ သူ အိပ်မောကျ။ မာန မရှိပါ၊ ကိစ္စ မရှိပါ၊ ဘာရည်ရွယ်ချက်မှ မရှိပါ၊ ရင်ထဲ လွတ်လပ်အေးမြ။ မြို့ငယ်ကလေးထဲ မုန်တိုင်းတိတ်တဆိတ် ဖြတ်ကျော်သွားစဉ်။ အမှတ်တရရှိခြင်းများ ချစ်သူထံပေးပို့ရန်။ မိုးတိမ် တစ်ခုကြားတွင် သိမ်းဝှက်ထားခဲ့သည့် ခရမ်းသွေးနှင်းပွင့် ဒိုင်ယာရီ စစ်စစ်။ မယုံကြည်သူတို့ အိမ်ပြန်ချိန် ခေါင်းလောင်းထိုးအချက်ပေး။ ကမ္ဘာလောကကြီး၌ တစ်ကိုယ်စာအခန်းကျဉ်းများ ခိုင်ခံ့နေပျော်။ ည နေမရှိသောညနေခင်း သာသာယာယာ ဖြတ်သန်းသွား။ မှားယွင်းမှု ခပ်သိမ်းနှင့် သူစိမ်းတရံစာ။ ထိုအရာများ အမှန်တကယ် ရှိခဲ့ ဖြစ်ခဲ့။

*၁၉၉၅*

## သူတို့သုံးယောက်

ဆုံနေကျအတိုင်းပင် ထိုလက်ဖက်ရည်ဆိုင် စားပွဲဝိုင်း၌ သူတို့သုံးယောက်။ ရှုတ်နောက်နောက်စကားလုံးများ မပါဝင်ပါ။ သင်နှင့် သင့်ကမ္ဘာလောကကြီးကို ရေနွေးကြမ်းအိုးပူပူထဲထည့်၍ သူတို့ သုံးသပ်ဆွေးနွေးကြလိမ့်မည်။ ဆေးပေါ့လိပ်မီးခိုးငွေ့ပြာရီရီများ ဖုံးအုပ်ကာကွယ်လျက်။ သူတို့ စိတ်ကူးအိပ်မက်တွေက ထူးခြားဆန်းသစ်လှစွာ။ မီဒီယာများကသာ သတင်းအနံ့ရပြီး သိရှိသွားကြလျှင် ထိုစိတ်ကူးအိပ်မက်များကို ပုံကြီးချဲ့ကြဦးမှာ သေချာသည်။ မှတ်ဆိတ်နီနှင့်လူကကြောင်တို့၏ မိတ်လိုက်ပုံအကြောင်းကို တေးသီချင်းတစ်ပုဒ် စပ်ဆိုနေ၏။ ပကတိတွေ့မြင်နေရသော လတ်လတ်ဆတ်ဆတ် အယူအဆသစ်များ။ ဘုရားသခင်နှင့် တန်ခိုးရှင်များအကြောင်းကိုတော့ သူတို့နည်းနည်းကလေးမျှ မပြောမဆိုကြ။ ခေတ်စားလာသော အိန္ဒိယ ရုပ်ရှင်၊ ကမ္ဘာ့ငွေကြေးရံပုံငွေအဖွဲ့နှင့် မကြာခင်က ကွယ်လွန်သွားခဲ့သော

ကာတွန်းဆရာကြီး ချားလ်စ်ရှူ့စ်တို့အကြောင်းကိုတော့ သူတို့ တော်တော်ကလေး ပြောဆိုဆွေးနွေးဖြစ်ကြသည်။ သံမဏိခွေးသွားစိပ်ကြီးတွေ တပ်ဆင်ထားသောနာရီတွေက သူတို့ပါးစပ်ထဲမှ ထွက်ကျလာသောစကားလုံးများ၊ သံစဉ်များကို ကောက်ယူလျက် တကျွတ်ကျွတ်နှင့် ဝါးစားလို့နေသည်။ ပေါ့ပ်ရော့ခ်အပြီး အော်လ်တာနေးတစ်တေးဂီတအကြောင်းကိုရောက်တော့ မေးရိုးကားကားနှင့်လူက အသံတွေ ပိုမိုကျယ်လောင်လာခဲ့ကာ ရှိမန်တစ်ခေတ်က အချစ်ကဗျာတစ်ပုဒ်ကို ဝံပုလွေလို အူပြခဲ့လေသည်။ ထို့နောက် အဆီအနှစ်များဖြင့် ပြည့်လျှမ်းလေးနက်စွာသော ခေတ်ပေါ်ပန်းချီကားတစ်ချပ်၏ အရသာကို သူတို့မှာယူသုံးဆောင် မြည်းစမ်းကြည့်နေကြပြန်၏။ ရွှံ့အုတ်တွေ၊ ထုံးကျောက်တွေ၊ သဲမြေတွေနှင့် ပေါင်းစပ်တည်ဆောက်ထားသည့် လက်ဖက်ရည်ဆိုင်ကလေးထဲတွင်တော့ ဘာအနုပညာမှ မရှိချေ။ မသိခြင်းတရားသည် သက်ရှိသက်မဲ့ အရာအားလုံးအပေါ်မှ လှောင်ပြောင်ရယ်မောကာ ဖြတ်သန်းသွား၏။ ရှေးဂရိဒဏ္ဍာရီတစ်ခုကို ပို့စ်မော်ဒန်နည်းဖြင့် ကဗျာရေးဖွဲ့ပြလိုက်သူကတော့ အရပ် ၄ ပေသာရှိပြီး ငယ်ထိပ်တစ်ခုလုံးပြောင်နေသူပင်။ မကြာခင် နေဝင်တော့မည်ဖြစ်သဖြင့် သူတို့ လမ်းခွဲကာ အိပ်ပြန်ကြတော့မည်။

## လောင်မီးကျပြာပုံ

စိတ်ကူးယဉ်အိပ်မက် သက်သက်မျှမဟုတ်။ အမျိုးအမည် မသိရသော ပန်းပွင့်နီဝါကလေးတွေ ဖူးရာမှငုံ၊ ငုံရာမှပွင့်နှင့် တစ်ဆင့်ပြီးတစ်ဆင့် ပွင့်လန်းဝေဆာ ငွားစွင့်လာပုံကို ထူးဆန်းအံ့ဩဖွယ် တွေ့နေရသည်။ ဖက်ဖူးနုရောင် သစ်ရွက်ငယ်ကလေးများ အပြေးအလွှားကြီးရင့်စိမ်းလန်းလာပုံက ပို၍ပင် လျင်မြန်လှသေးသည်။ သစ်ကိုင်းသစ်ခက် လက်ချောင်းငယ်ကလေးများ တစ်ခုနှင့်တစ်ခု ယှက်နွယ်ကာရှည်လျားပြန့်ကားထွက်လာပြီး အုပ်ဖြာစုစည်းသွားကြပုံမှာ အလွန် ပဋ္ဌလက်ဆန်လှသည်။ ပင်စည်ခန္ဓာမှ မာကျောတောင့်တင်းသော သစ်ခေါက်ညိုမြည်းမည်းတွေ အက်ကွဲပွထွက်လာကာ ကွဲကြောင်းရာများကြားမှ ဖြူညစ်ညစ်သစ်စေးရည်တွေ တစ်မဟုတ်ချင်း စီးကျလာပြန်သည်။ နွဲ့ပျောင်းသန်မာသော အမြစ်သစ်တွေကတော့ အရှိန်အဟုန်ပြင်းပြင်းဖြင့် ဆန့်ထွက်လာကြပြီး မြေကြီးထဲသို့ ဦးထိုးစိုက်နစ်လျက်

ကွေ့ဝိုက်သွားကြသည်။ ပင်လုံးညွတ်အုံ့မှိုင်းကာ ကြီးပြင်းဖွံ့ထွားလာသည့် သစ်ပင်ထက်တွင် အဘယ်အရပ်ဒေသမှ ပျံသန်းရောက်ရှိလာမှန်းမသိရသော ငှက်ပြာကလေးတစ်ကောင်က ခရီးတစ်ထောက်နားခိုရင်း သူ၏ အနုပညာဂီတသံသစ်ကို သဘာဝဟန်ပန်အတိုင်း ဖန်တီးသီဖွဲ့ ထုတ်လွှင့်နေသေးလျက်။ လေပြန်ချိုအေးလား၊ လေပြင်းမိုးသက်လား မခွဲခြားတတ်နိုင်သည့် အခန်းစဉ်ဖြတ်သန်းမှုတစ်ခုထဲတွင် သစ်ရွက်ဝါရော်များရော သစ်ရွက်စိမ်းမြများပါ ကြွေလွင့်မျောပါ မြေခကြေပျက်သွားပုံမှာလည်း အချိန်တိုအတွင်းမှ အဖြစ်အပျက်မျှသာ။ သို့စဉ်အတိုင်းပင် ပြန်ပြောရလျှင် ဒဏ္ဍာရီတစ်ခုဟု ထင်မှတ်မှားဖွယ်ဇာတ်လမ်းတစ်ပုဒ်က မျက်စိရှေ့၌ အမှန်တကယ် ပြောင်းလဲဖြစ်ပေါ်ကာ တင်ဆက်ပြသနေခဲ့သည်။ ဘယ်လိုမှ မယုံကြည်နိုင်ဖွယ်ရာ သစ်သီးစိမ်း၊ သစ်သီးမှည့်များလည်း ထိုသစ်ပင်ပေါ်တွင် ဖြစ်ထွန်းသီးပွင့်ခဲ့ပြီး လျင်မြန်စွာပင် ပုပ်အဲ့ကြွေကျသွားခဲ့ကာ နောက် မိနစ်အနည်းငယ်မျှကြာလွန်ပြီးသော် မျက်စိရှေ့၌ လောင်မီးကျပြာပုံ။

နေမျိုး

## လမင်းကို တူးဖော်ခြင်း

သူတို့ လမင်းကို တူးဖော်နေကြချိန်တွင် သူတို့အနီးသို့ ကျွန်တော် ရောက်ရှိသွားသည်။ အချိန်မှာ ညဖြစ်သည်။ ပို၍ တိကျအောင်ဆိုရပါလျှင် ညဦးပိုင်း (၉) နာရီခန့်တွင် ဖြစ်သည်။ သူတို့အနီးသို့ ကျွန်တော် ရောက်ရှိသွားသောအခါ သူတို့သည် ကျွန်တော့်ကို စိတ်ဝင်စားဟန် မပြကြပါ။ သူတို့အလုပ်ကိုသာ သူတို့ သဲသဲမဲမဲ လုပ်ဆောင်နေကြသည်။ သူတို့ အားလုံး အယောက် (၄၀)ခန့်တော့ ရှိမည်။ ပေါက်တူးများ၊ ပေါက်ချွန်းများ၊ ဂေါ်ပြားများဖြင့် မြေကြီးကို သူတို့ သဲကြီးမဲကြီး တူးနေကြသည်။ မြေထိုးစက်ကြီးနှစ်စင်းကလည်း မြေသားများကို ဖဲ့ယူတူးဖော်နေသည်။ မြေထိုးစက်ကြီးများဆီမှ တဒီးဒီးမြည်သံက ညထဲမှာ ထီးထီးကြီး။ သူတို့အားလုံး ပင်ပန်းနွမ်းနယ်နေကြဟန်ရှိသည်။ သို့ရာ တွင် ဖွဲနပဲကြီးသော ဟန်များကိုလည်း မှုန်လဲ့လဲ့ ညထဲမှာပင် တွေ့မြင်နေရသည်။ သူတို့သည် သူတို့အနီးရှိ

မြေသားများကို ပေါက်တူး ပေါက်ချွန်းများဖြင့် ဖဲ့ယူ တူးဖော်နေကြသည်။ ကျွန်တော်က သူတို့ကို ဘာလုပ်နေကြတာလဲဗျာဟု မေးမြန်းလိုက်သောအခါ သူတို့အထဲမှ တစ်ယောက်က လက်ညှိုးကို နှုတ်ခမ်းတွင်ထောင်၍ ရှူးတိုးတိုးဟု ရေရွတ်ရင်း အသံခပ်အုပ်အုပ်ဖြင့် ငါတို့လမင်းကိုတူးနေကြတာဟု ဖြေလိုက်သည်။ ကျွန်တော့်ကို အံ့ဩစေရုံမျှမက နားလည်ရလည်း ခက်စေသော အဖြေတစ်ခု ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ သူတို့သည် မြေသားအပြင်ကို သဲသဲမဲမဲ တူးနေကြမြဲပင် ဖြစ်သည်။ ကောင်းကင်ထက်မှာ တောက်ပဝိုင်းစက်သော လမင်းကြီးကို ကျွန်တော် မော့်ကြည့်မိပါသည်။ ထို့ကြောင့် စောစောကလူ ပြောကြားချက်ကို လက်ခံရန် ခက်ခဲနေပါတော့သည်။ ကျွန်တော့်အခက်အခဲမှာ သိပ်မကြာခင် ပျက်ပြယ်သွားသည်။ တွေ့ပြီ ငါတို့တွေ့ပြီဟူသော ခပ်အုပ်အုပ်အသံများနှင့်အတူ မြေသားချိုင့်ဝှမ်းကို လက်ဖြင့် ယက်တူးဖော်နေကြသူများအောက်ဝယ် လင်းထိန်နေသော ရောမအလုံးအဝန်းကြီးကို တစ်စွန်းတစ်စ တွေ့မြင်လိုက်ရသောကြောင့် ဖြစ်သည်။ သူတို့သည် တကယ်ပင် လမင်းကို တူးဖော်တွေ့ရှိခဲ့ကြပေပြီ။ ကျွန်တော်က ကောင်းကင်ထက်တွင် လင်းထိန်နေသောအရာကို ညွှန်၍ အဲဒါ လမင်းမဟုတ်ဘူးလားဟု မေးမြန်းလိုက်သောအခါ မဟုတ်ဘူး မဟုတ်ဘူး အဲဒါ ရောမပလတ်စတစ်မီးလုံးကြီးပဲဟု သူတို့အထဲမှ တစ်ယောက်က ဖြေကြားလိုက်သည်။ သူတို့အားလုံး ဝမ်းမြောက်ပျော်ရွှင်နေကြသည်။ သူတို့၏ တူးဖော်တွေ့ရှိမှုဖြစ်သော လမင်းသည် မြေသားမြေစိုင်များထဲဝယ် လင်းထိန်လျက်။ ထိုလင်းထိန်သော လုံးလုံးဝန်းဝန်းကြီးသည် မြေသားထဲမှ တအိအိကြွတက်ကာ မိုးယံ

အမြင့်ဆီသို့ တရိပ်ရိပ် ရောက်ရှိသွားပါတော့သည်။ ကောင်းကင်ယံဝယ် လမင်းသည် လင်းထိန်လျက်။ မြေတူးစက်ကြီးနှစ်စင်းသည် လရောင်အောက်ဝယ် ငြိမ်သက်လျက်၊ ဧရာမပလတ်စတစ်မီးလုံးကြီးကို ဘယ်နေရာမှာ သိမ်းဆည်းထားကြောင်းကိုတော့ ကျွန်တော် သူတို့ကို မမေးခဲ့မိပါ။

မေ ၄၊ ၂၀၀၄

ကောင်းကင်ဘုံဆိုတာ.. ကောင်းကင်ဘုံဆိုတာ.. ကောင်းကင်ဘုံဆိုတာ..။ ဩော်.. ကောင်းကင်ဘုံဆိုတာ ကောင်းကင်ဘုံပေါ့။ သူတို့ကတော့ လမ်းမကြီးအတိုင်း ခရီးထွက်ခွာသွားခဲ့ကြသည်မှာ ခုနစ်နေ့နှင့်ခုနစ်ည ကြာမြင့်ခဲ့ပေပြီ။ သူတို့အထဲတွင် ဦးဆောင်၍ ရှေ့ဆုံးမှ သွားနေသူမှာ စက်ယန္တရားအတတ်ကို ကုန်စင်အောင် တတ်မြောက်ထားသူ ဖြစ်သည်။ နောက်တစ်ဦးမှာ လူရွှင်တော်တစ်ဦးဖြစ်ကာ နောက်တစ်ဦးမှာ ကဗျာဆရာတစ်ယောက် ဖြစ်ပေသည်။ ပိန်ပိန်ပါးပါး ကဗျာဆရာနှင့် ဝဝတုတ်တုတ်လူရွှင်တော်က နောက်မှလိုက်ပါလာကြသည်။ စက်ယန္တရားအတတ်ကို ကုန်စင်အောင်တတ်မြောက်ထားသူကရှေ့ဆုံးမှ သွားမြဲသွားလျက်ပင်။ သူတို့သည် ကောင်းကင်ဘုံမှ ပြက်လုံး၊ ကောင်းကင်ဘုံမှ ကဗျာတစ်ပုဒ်၊ ကောင်းကင်ဘုံမှ သတ္တုတို့ လွန်စွာ စိတ်ဝင်စားခဲ့ကြပေသည်။ သူတို့ (၃) ဦးသည် ထိုအကြောင်းအရာများကို ညစဉ်ညစဉ်ပင် ပြောဆိုကြ၊ ဆွေးနွေးကြ၊ တွေးတောကြံဆခဲ့ကြပေသည်။ တစ်ရက်မှာဖြင့် ကဗျာဆရာထံသို့ ကောင်းကင်ဘုံမှသံကြိုးစာ ရောက်လာခဲ့သည်။ သံကြိုးစာထဲတွင် ကောင်းကင်ဘုံ၌ နတ်ဒေဝတာနည်းနေပြီဟု ရေးသားထားသည်ကို ကဗျာဆရာက သူ့အဖော်နှစ်ဦးအား ထုတ်ပြခဲ့သည်။ နောက်တစ်နေ့တွင် သူတို့သည် စိတ်ဝမ်းညီစွာ ဤခရီးကို စတင်ခဲ့ကြတော့သည်။ (သူတို့သည် ကောင်းကင်ဘုံသုံး ဘာသာစကားကို မတတ်မြောက်ကြပါ။ သို့ရာတွင် ထူးခြားဆန်းကြယ်အံ့ဖွယ်ကောင်းသည်က ကောင်းကင်ဘုံက သံကြိုးစာသည် မမြင်ဘူးသော အက္ခရာစိမ်းများ ဖြစ်နေသော်လည်း သူတို့ကို အဓိပ္ပာယ်သိစေလိုက်ခြင်းပင် ဖြစ်တော့သည်။

ဤသို့ဖြင့် ခုနစ်နေ့နှင့်ခုနစ်ည လွန်မြောက်ပြီး နောက်တစ်နေ့ နံနက်မိုးသောက်ယံတွင် သူတို့သည် ကောင်းကင်ဘုံမှ ဆင်းသက်လာသူတစ်ဦးနှင့် လမ်းတွင် ဆုံမိကြလေတော့သည်။ ကောင်းကင်ဘုံမှ ဆင်းသက်လာသူမှာ အရပ်ခပ်ပြတ်ပြတ်၊ ခပ်ဝဝ၊ အသားညိုညိုနှင့် မေးစေ့တွင် အမာရွတ်ခပ် ကြီးကြီးတစ်ခုရှိပြီး ပန်းရောင်ဦးထုပ်ကို ဆောင်းထားလေသည်။ ပါးစပ်တွင် ငါးသုံးလုံးစီးကရက်တစ်လိပ်ကို ခဲထားသည်။ သူတို့သည် ထိုသူ့ထံမှ သိလိုသည့်အတော်များများကိုလည်း သိခွင့်ရလိုက်ကြသည်။ သူတို့သည် ကောင်းကင်ဘုံမှ သံကြိုးစာကို ထိုပုဂ္ဂိုလ်အား ထုတ်ပြလိုက်ကြသည်။ ထိုအခါတွင် သူတို့အားလုံး မထင်မှတ်သောအဓိပ္ပာယ်နှင့် ရင်ဆိုင်ကြရသည်။ ကောင်းကင်ဘုံက သံကြိုးစာတွင် ရေးသားထားသည်မှာ 'မင်းတို့ကို ခွင့်လွှတ်တယ်' ဟူသော သူတို့သိနားလည်သည့် အက္ခရာများအဖြစ်ပြောင်းနေသည်ကို တွေ့လိုက်ရခြင်းပင် ဖြစ်တော့သည်။ ကောင်းကင်ဘုံမှာ မိုးတစ်အားရွာနေတယ်။ ခင်ဗျားတို့ မသွားနဲ့ဦး၊ ကောင်းကင်ဘုံမှ ဆင်းသက်လာသူသည် ဤသို့ပြောကာ သူတို့နှင့် အခြားတစ်နေရာသို့ ထွက်ခွာသွားပါတော့သည်။ သူတို့သည် လမ်းမကြီးပေါ်မှာ ရပ်နေကြ၏။ လမ်း၏ တစ်ဖက်တွင် (အလွန်ဟောင်းမြင်းသော) ကောင်းကင်ဘုံသို့ ဟူသည့် လမ်းညွှန်ဆိုင်းဘုတ်ကို တွေ့မြင်ကြရလေသည်။ သူတို့သည် ကောင်းကင်ဘုံသို့ မော်ကြည့်လိုက်ကြ၏။ မိုးသားတိမ်တိုက်ကြီးများနှင့် ဝင်းပြက်ထစ်ချုန်းနေသောလျှပ်စီးများကို တွေ့မြင်ကြရလေတော့သည်။

*အောက်တိုဘာ ၂၇၊ ၂၀၀၃*

## ဓာတ်ပုံ

ကျွန်တော့်ကို မိတ်ဆွေတစ်ယောက်က သူနဲ့ ညနေခင်းတစ်ခုမှာ ဆုံဖို့ ပြောတာကြောင့် သူရှိရာကို ပြီးခဲ့တဲ့လထဲက တစ်ညနေမှာ ကျွန်တော်ရောက်သွားတော့ သူက ဆီးကြိုနှုတ်ဆက်ပြီး အခန်းလွတ်တစ်ခုထဲမှာ ညှော်ခံပါတယ်။ ခင်ဗျားကို ဓာတ်ပုံတစ်ပုံပြချင်လို့လို့ သူက ပြောပြီး အခန်းတစ်ခုထဲဝင်သွားကာ ဓာတ်ပုံတစ်ပုံ ယူဆောင်လာပါတယ်။ ကြည့်စမ်းဗျာတဲ့။ သူကပြောတော့ ကျွန်တော် ယူကြည့်မိရဲ့။ ဓာတ်ပုံထဲမှာ ကျွန်တော်မြင်တွေ့လိုက်ရတာ မီးခိုးငွေ့တွေပါ။ သူ တကူးတကခေါ်ပြတဲ့ ဓာတ်ပုံက မီးခိုးငွေ့တွေ ရိုက်ကူးထားတဲ့ ဓာတ်ပုံတစ်ပုံမျှသာပါပဲ။ ကျွန်တော့်ကို စိတ်ဝင်စားမှု မရှိစေတာကြောင့် ခဏပဲ ကြည့်ပြီး ပြန်ပေးလိုက်ပါတယ်။ ဒါကို သူက ပြောတယ်လေ။ ဒီဓာတ်ပုံဟာ သိပ်စိတ်ဝင်စားဖို့ကောင်းတယ်လို့ ခင်ဗျား မထင်ဘူးပေါ့။ အေးလေ ဒါပေမဲ့ ခင်ဗျားကို ဒီဓာတ်ပုံအကြောင်း ပြောချင်တယ်။

ကျွန်ုပ်တစ်သက်လုံး ဖတ်ခဲ့မှတ်ခဲ့တဲ့ စာအုပ်တွေအားလုံးကို ပြီးခဲ့တဲ့ ဆောင်းရာသီမှာ မီးရှို့ပစ်ခဲ့တယ်။ ကျွန်ုပ်သိပ်ကြိုက်ခဲ့တဲ့ စာအုပ်တွေလေ။ တချို့စာအုပ်တွေဆို (၁၀)ကြိမ်မက ကျုပ်ဖတ်ခဲ့တယ်။ ကျုပ်သိပ်ကြိုက်ခဲ့တဲ့စာအုပ်တွေဆို အလွတ်ရတဲ့အထိ ဖတ်ခဲ့တာပေါ့။ ဒါပေမဲ့ ခုတော့ အဲဒီစာအုပ်တွေကို မီးရှို့ပစ်နိုင်ခဲ့ပြီ။ ခုတွေ့နေရတာက အဲဒီစာအုပ်တွေကထွက်တဲ့ မီးခိုးတွေပေါ့။ ကြည့်စမ်းဗျာ ခေတ်ပုံထဲက မီးခိုးတွေ ဘယ်လောက်လှသလဲ။ မာယာကော့ဖ်စကီးရဲ့ ဘောင်းဘီဝတ်မိုးတိမ်ကဗျာစာအုပ်ကို လောင်ကျွမ်းတုန်းက ထွက်လာတဲ့မီးခိုးကို ခင်ဗျား မြင်စေချင်တယ်၊ သိပ်လှတာပဲ။ ဒီမီးခိုးငွေ့တွေဟာ ကျုပ်ရလိုက်တဲ့ တန်ဖိုးတစ်ခုပါပဲတဲ့ စသည်ဖြင့် သူက ဆက်ပြောနေတယ်။ သူဆက်ပြောနေတာတွေကို ကျွန်တော် မကြားတော့ဘူး။ အဲဒီနေ့က စပြီး နောက်ထပ် သူနဲ့ ကျွန်တော် မတွေ့ဖြစ်ကြတော့တာ အခုထက်တိုင်ပဲလေ။ ဒါပေမဲ့ စက်ရုံမီးခိုးတွေ၊ ကဖေးဆိုင်ကမီးခိုးတွေ၊ ဘတ်စ်ကားနဲ့ မီးရထားတွေဆီက မီးခိုးတွေ၊ တစ်နေရာရာကထွက်နေတဲ့ မီးခိုးတွေမြင်ရတိုင်း ကျွန်တော် သူ့ကို အမှတ်ရနေမိတော့တယ်။

*ဇူလိုင် ၆၊ ၂၀၀၃*

မင်းထင်ကိုကိုကြီး

## သုံးဆယ့်သုံး

၁။

၁၉၄၇ ခုနှစ်က အသက် ၃၂ နှစ် ၅ လနှင့် ၆ ရက်သာ ရှိသေးသော လူတစ်ယောက် လုပ်ကြံခံခဲ့ရသည်။ သူ၏ခန္ဓာကိုယ်ထဲသို့ ကျည်ဆန်တော်တော်များများ ဖြတ်သန်းထိုးဖောက်သွားခဲ့၏။ အခင်းဖြစ်ပွားစဉ်က သေနတ်ထဲမှကန်ထွက်လာသည့် ကျည်ခွံများက သံမံတလင်းပေါ်သို့ တဝေါဝေါပြုတ်ကျသံအား ကျွန်တော်သည် ၁၉၉၅ ခုနှစ်တွင် နားဖြင့်ဆတ်ဆတ် ကြားလိုက်ရ၏။ ထိုနှစ်က ကျွန်တော့်အသက်သည်လည်း ၃၃ နှစ် ပြည့်ခဲ့သောကြောင့် ဖြစ်သည်။

၂။

အသက် ၃၂ နှစ်ပြည့်သောနေ့မှစ၍ ကျွန်တော်လည်း ကျွန်တော်၏ အသက်အား တစ်ရက်ချင်း ရေတွက်နေခဲ့တော့၏။ တစ်ရက်

ရေတွက်ပြီးစီးတိုင်းလည်း ကျွန်တော် တစ်ကြိမ်သေခဲ့သည်။ အကြိမ် ၁၅၀ ကျော်မျှ သေဆုံးပြီးစီးချိန်တွင် ကျွန်တော်၏ အသက်ရှင်သန်ခြင်းအား ကျွန်တော် စက်ဆုပ်စပြုလာချေပြီ ဖြစ်၏။ ချောက်ချားလည်း ချောက်ချားစပြုလာချေပြီ။ ၎င်းခံစားမှုများ အဆိုးရွားဆုံးနှင့် အပြင်းထန်ဆုံးနေ့ကတော့ ကျွန်တော့် အသက် ၃၂ နှစ် ၅ လနှင့် ၆ ရက် တင်းတင်းပြည့်သောနေ့ပင် ဖြစ်သည်။ ထိုနေ့က ကျွန်တော်သည် လုပ်ကြံခံရန် အဆင်သင့်ဖြစ်နေခဲ့၏။ ကျွန်တော်၏ အခန်းတံခါးကိုလည်း စေ့ရုံသာ စေ့ထားခဲ့သည်။ မည်သည့်ခံစားမှုမျိုးကိုမျှ မကျူးလွန်မိစေရဟုလည်း ကျွန်တော့်ကိုယ်ကျွန်တော် ပြဋ္ဌာန်းထားခဲ့ပြီးပြီ။ ကျွန်တော်သည် တစ်စက္ကန့်တွင် အကြိမ်မည်မျှ အသက်ရှူပါသနည်း။ ကျွန်တော်လည်း တိတိကျကျ မသိပါချေ။ သို့သော် ကျွန်တော်အသက်ရှူနေသမျှ စက္ကန့်တိုင်းသည် ကျွန်တော့်အား အသရေမဲ့သည်၏အဖြစ်သို့ ရောက် ရှိစေခဲ့ပြီ ဖြစ်သည်။ ထိုနေ့က ကျွန်တော့်အား မည်သူတစ်ဦး တစ်ယောက်ကမျှ လာရောက်လုပ်ကြံခြင်း မရှိပါချေ။

၃။

ကံအားလျော်စွာ ကျွန်တော့်မှာလည်း ကြိုးတစ်ချောင်း ရှိနေခဲ့ပါသည်။ အချိန်အနည်းငယ်အတွင်းမှာပင် အသင့်အနေအထားသို့ ရောက်ရှိသွားခဲ့၏။ ကြိုးစတစ်ဖက်က ထုပ်တန်းတွင် ချည်နှောင်ထားခဲ့သည်။ ၎င်းထုပ်တန်းအောက်တည့်တည့်ရှိ ကုလားထိုင်ပေါ် ကျွန်တော် တက်ရပ်လိုက်၏။ ကျွန်တော့် ခြေထောက်အောက်ရှိ ကုလားထိုင်ကို ကန်ထုတ်ပစ်လိုက်ရန်သာလျှင် လိုအပ်ပါတော့သည်။ ကျွန်တော် နည်း

နည်းတော့ သေချာချင်ပါသေးသည်။ စက္ကန့်အနည်းငယ်မျှဖြစ်စေ ကျွန်တော် ထပ်မံ စဉ်းစားကြည့်ရပါဦးမည်။

၄။

ရှင်သန်ခြင်းနှင့်သေဆုံးခြင်း။ ကျွန်တော်၏ ရှင်သန်ခြင်း။ အသွင် သဏ္ဌာန်အားဖြင့်သော် လည်းကောင်း၊ အနှစ်သာရအားဖြင့်သော် လည်းကောင်း ကျွန်တော်၏ရှင်သန်ခြင်းသည် ကျွန်တော်တစ်ဦးတည်း ပေါ်မှာသာလျှင် သက်ရောက်မှုရှိချေ၏။ ကျွန်တော့်အတွက်ဟူ၍ ကျွန်တော် အလုပ်လုပ်သည်။ ကျွန်တော့်အတွက်ဟူ၍ ကျွန်တော် ကဗျာရေးသည်။ ကျွန်တော့်အတွက်ဟူ၍ ကျွန်တော် ဗီဒီယိုရိုက်သည်။ ကျွန်တော့်အတွက်ဟူ၍ ကျွန်တော် အိပ်သည်။ စားသည်။ အရက် သောက်သည်။ လက်ဖက်ရည်ဆိုင်ထိုင်သည်။ စကားပြောသည်။ ရုပ်ရှင်ကြည့်သည်။ ကော်ဖီသောက်သည်။ မဂ္ဂဇင်းဖတ်သည်။ Night Club သွားသည်။ ကသည်။

၅။

အသက်ရှင်နေထိုင်ရရုံသက်သက်မျှဖြင့် ကျွန်တော်၏ အထံတွင် အရက်နှင့် ဂုဏ်သိက္ခာသည် အရည်တည်တံ့နေလိမ့်မည်ဟုလည်း ကျွန်တော် မသက်ဝင်ပါ။ ထို့ကြောင့် ကျွန်တော့်ကိုယ် ကျွန်တော် လုပ် ကြံလိုက်ရခြင်း ဖြစ်ပါသည်။ ကျွန်တော်၏ လုပ်ကြံမှုမှာလည်း အထ မြောက်အောင်မြင်ခဲ့သည်ဟု ယုံကြည်ရပါလိမ့်မည်။ ကျွန်တော်၏ ရှင်သန်ခြင်းသည် အသရေဖြင့် မတင့်တယ်ခဲ့သော်ငြားလည်း ကျွန်

တော်၏ သေဆုံးခြင်းကတော့ အမှန်တကယ်ပင် အသရေဖြင့် တင့်တယ်နေပါလိမ့်မည်။ ကျွန်တော် သေဆုံးခဲ့ပါပြီ။ ကျွန်တော် မရှိတော့ပါချေ။ သို့စဉ်လျက် ကျွန်တော့်ကဗျာများကိုလည်း ဖတ်နေရဆဲ၊ ကျွန်တော့်ကိုလည်း တွေ့နေရဆဲဟုဆိုလျှင် ၎င်းကျွန်တော်မှာ ကျွန်တော်ဖြစ်လိမ့်မည် မဟုတ်ပါ။ ရှင်သန်ခြင်းတစ်ခု၌ အနည်းဆုံးရှိနေရမည့် အင်္ဂါရပ်အချို့ကိုသော်မှ မသိလည်း မသိသော၊ မိမိတစ်ဦးတည်း၏ ကိုယ်ပိုင်ရှင်သန်ခြင်းသည်သာ ရှင်သန်ခြင်းအစစ်ဟု ဖွင့်လည်းဖွင့်ဆိုသော အခြားတစ်ယောက် ဖြစ်နေပါလိမ့်မည်။ ထိုသူကို အတောင်တစ်သောင်းက ရှောင်ကြဉ်ရာ၏။

၆။

တစ်နေ့သ၌ အကြင်ယောကျ်ားတစ်ယောက်သည် အသက် ၃၂ နှစ် ၅ လနှင့် ၆ ရက်တင်းတင်းပြည့်အံ့။ ၎င်းနေ့လွန်သည်အထိလည်း ထိုယောကျ်ားအား လုပ်ကြံမည့်သူ မရှိသေးဖြစ်အံ့။ ထိုယောကျ်ား၏ ဆက်လက်ရှင်သန်ခြင်းသည် ရှက်ဖွယ်ရာသာတည်း။

*ရန်ကုန်၊ ဒီဇင်ဘာ၊ ၂၀၀၄*

လင်းတည်ဦး

# ပြတင်းပေါက်ကသစ်ပင်

## တစ်

ထူးဆန်းတဲ့ စမ်းပေါက်ကလေးတစ်ခုပေါ့။

အဲဒီလို ကျွန်တော် အဆုံးသတ်လိုက်တဲ့အခါ ကျွန်တော်မြင်တွေ့နိုင်တဲ့ သူမရဲ့ နှုတ်ခမ်းထောင့်စွန်းတစ်ဖက်မှာ အပြုံးတစ်ခု ချိတ်တွယ်လာတယ်။ ကျွန်တော်မမြင်ရတဲ့ အခြားတစ်ဘက်မှာ ဘယ်လို အပြုံးမျိုးများရှိမလဲ။ ပြုံးနေတာရော ဖြစ်နိုင်ပါ့မလား။ အဲဒါကိုမြင်တွေ့ရဖို့ ကျွန်တော် ဘယ်တော့မှ မကြိုးစားမိဘူး။

ရင်မှာပွေ့ပိုက်ထားတဲ့ ကြောင်နက်ကလေးရဲ့ ဦးခေါင်းကို သူမ ပွတ်သပ်နေရဲ့။ အခန်းဟာ ငြိမ်သက်တိတ်ဆိတ်ရပ်ဝန်းတစ်ခု။

ရုတ်တရက် အခန်းထောင့်တစ်နေရာက အသံတစ်ခု ထွက်ပေါ်လာတယ်။ ကြောင်နက်ကလေးဟာ ဆတ်ခနဲ ခေါင်းထောင်နားစွင့်လိုက်

ပြီး သူမရင်ခွင်ထဲကနေ ခုန်ဆင်းသွားလေရဲ့။

ဆံနွယ်မျှင်တချို့ကို သပ်တင်လိုက်ပြီး ကျွန်တော့်ဘက် လှည့်လိုက်တဲ့ သူမရဲ့ မျက်နှာပေါ်မှာ စောစောကအပြုံးဟာ အငွေ့ပျံပျောက်ကွယ်နေခဲ့ပြီ။ သူမရဲ့ ဝင်းလက်မျက်လုံးတွေ ညင်သာစွာ ကျွန်တော့်ဆီ စူးစိုက်တိုးကပ်လာတယ်။ ပခုံးနှစ်ဖက် အသာမြှင့်တင်လိုက်ပြီး . . .

အဲဒီခဏမှာ ကျွန်တော် အေးစက်သွားခဲ့တယ်။ ငြိမ်သက်တိတ်ဆိတ်နေပေမဲ့ ကျွန်တော့်ငြင်းဆန်မှုက အခန်းရဲ့လေထုထဲမှာ တစ်မုဟုတ်ချင်း သိပ်သည်းသွားတော့ရဲ့။ ကျွန်တော့်အတွက် တစ်ဝက်တစ်ပျက်သာ ထိတွေ့ရမယ့် သူမနှုတ်ခမ်းအစုံကနေ ကျွန်တော် ဘာများမျှော်လင့်နိုင်မလဲ။

နှစ်

ပြတင်းပေါက်ကနေလှမ်းမြင်နိုင်တဲ့ သစ်ပင်တစ်ပင်နဲ့ ကျွန်တော့်ရဲ့အခန်းကို သူမ ပထမဆုံးရောက်လာတဲ့နေ့က အလင်းရောင်ရတယ်။ သေသပ်တယ်။ ဒါပေမဲ့ အခန်းက ရိုးစင်းလွန်းတယ်လို့ သူမ အကဲဖြတ်ခဲ့တယ်။ ပြီးတော့ ကျွန်မ ဒီလိုယုံကြည်ထားလို့လည်း လာခဲ့တာပေါ့လို့ပြောသေးရဲ့။ သူမကိုယ်သူမ ပြောလိုက်ပုံမျိုးနဲ့လေ။

တောက်ပတဲ့အရောင်တွေနဲ့ ပြင်ဆင်ခြယ်သ မထားတာ၊ အသုံးအဆောင် အရာဝတ္ထုတွေ ရှုပ်ပွမနေတာ သူမ သတိထားမိနိုင်တယ်။ သူမက အဲဒီလို ယုံကြည်မိလို့တဲ့။ မျက်စိနဲ့ မမြင်တွေ့ရတဲ့၊ ဒဏ်ရာတစ်ခုခုရစေနိုင်တဲ့ လက်သည်းချွန်တွေ ကျွန်တော့်အခန်းရဲ့ ထောင့်ကွယ်အမှောင်ထဲမှာသာ ရှိနေခဲ့ရင် သူမ ဘယ်လိုဖြစ်သွားမလဲ။

သုံး

မကြာခဏဆိုသလိုပဲ သူမ ကျွန်တော့်အခန်းဆီ အလည်အပတ် ရောက်လာတတ်တယ်။ ဒီကနေ့တော့ သူမ နေထိုင်ရာ အခန်းပြတင်းက မြင်တွေ့နိုင်တဲ့ ဆူညံစည်ကားတဲ့လမ်းမအကြောင်း သူမ ပြောပြတယ်။ တကယ်တော့ အဲဒီလမ်းမဟာ သူမရဲ့ အခန်းငယ်ကလေးထဲက ဖြတ်သွားနေတဲ့ မြစ်တစ်စင်းပဲ မဟုတ်လား။ သူမရဲ့အသံမှာ လမ်းမရဲ့ အငွေ့အသက်တွေ ကိန်းအောင်းနေတာ ကျွန်တော်ခံစားရတယ်။

ကျွန်တော့်ကိုယ်ကျွန်တော် အခန်းကျဉ်းကလေးထဲက အပြင်ကို ထွက်ခဲ့ဖို့ သူမ ဆွဲဆောင်နေတယ်။ ကျွန်တော့်အခန်းကျဉ်းကလေးကို သော့ခလောက်တစ်လုံးနဲ့ အသေပိတ်လှောင်ထားခဲ့ပြီး သူမရဲ့ လမ်းမ တစ်လျှောက် လျှောက်သွားကြရအောင် ... တဲ့။

သူမက ကျွန်တော့်ကို သံလိုက်တစ်ခုလို သတ္တုသံသဲ့သဲ့ စကားလုံးတွေနဲ့ ညှို့ငင်နေရဲ့။ ကျွန်တော်က အခါများစွာပဲ ဗလာမျက်လုံး အစုံနဲ့ သူမကို ကြည့်နေမိတယ်။

ကျွန်တော်က ကျွန်တော့်အခန်းတံခါးကို ဖွင့်ဝင်ပြီး ကျွန်တော့်ရဲ့ ပင်လယ်ပြင်ငယ်ဆီ လျှောက်လှမ်းသွားချိန်မှာ သူမက သူမရဲ့ အခန်းတံခါးကို ဖွင့်ပြီး လမ်းမတစ်လျှောက် လျှောက်လှမ်းသွားတော့တယ်။

လေး

ဂီတသံတချို့ ရုတ်တရက်ထွက်ပေါ်လာတယ်။ ဒါ သူမ နှစ်သက်တဲ့ ဂီတအမျိုးအစားပါပဲ။ ကျွန်တော်က အရွက်တွေ ခြွေချနေတဲ့သစ်ပင်

ကို ပြတင်းပေါက်ကနေ လက်ထောက်ငေးနေတုန်း ...။ ရေရရှိဖို့ရာ နည်းပါးလာတဲ့အခါ သူ့ရဲ့အရွက်တွေကို ခြွေချပစ်တဲ့နည်းနဲ့ ဆက်လက်အသက်ရှင်သန်ဖို့ ကြိုးစားနေတဲ့သစ်ပင်။

သူမက ကျွန်တော့်လက်ကို ဆွဲလာတယ်။ လာ ... ကကြရအောင်တဲ့။ ကျွန်တော် ဘယ်တုန်းကမှ ဒီလိုမကခဲ့ဖူးတာ သူမ သိပြီပဲလေ။

'ကပါ။ ဟိုသစ်ပင်အတွက် တစ်ခုခုလုပ်ပေးနိုင်မလားလို့ ကိုယ်စဉ်းစားနေတယ်'

ကျွန်တော့်နံဘေးကနေ သစ်ပင်ဆီ တစ်ချက်လှမ်းကြည့်လိုက်ပြီး ပခုံးနှစ်ဖက် အသာတွန့်လှုပ်လို့ သူမထွက်သွားရဲ့။ အပူရှိန်ပြင်းထန်တဲ့ ရာသီဥတုရယ်၊ သစ်ပင်ရယ်၊ ဂီတရယ် ...။ တစ်စုံတစ်ရာ စိတ်ပြေရာရဖို့ သူမတစ်ယောက်တည်းပဲ ကနေပေတော့မယ်။

ငါး

နေ့တစ်နေ့မှာတော့ လူတစ်ယောက်ရဲ့ စိတ်အမှိုက်သရိုက်တွေကို ရှင်းလင်းပစ်လိုက်တဲ့အခါ ဘယ်လိုအခြေအနေ ဖြစ်လာမလဲ။ စားပွဲပေါ်က စာအုပ်အချို့နဲ့ ကျွန်တော်ရဲ့ ရေးလက်စစာအုပ်အချို့ ငြိမ်ငြိမ်ဆိတ်ဆိတ် လှန်လှောဖတ်ရှုနေရင်း သူမက မေးလာခဲ့တယ်။

ရုတ်တရက် ကျွန်တော့်အတွေးစတွေကို ဖြတ်တောက်ခံလိုက်ရတဲ့အတွက် ကျွန်တော့်နှုတ်က အသံတစ်ခု တိုးတိုးညင်းညင်း လွတ်ကျသွားရဲ့။ ဒါဟာ မေးစရာ၊ တွေးစရာကောင်းတဲ့ မေးခွန်းတစ်ခုပါပဲ။ ကျွန်တော် ဘာမှ အဖြေမပေးမိခင်မှာပဲ သူမက ...

'ဘဝဟာ စိတ်ရဲ့ ကာလအမှတ်အသားတစ်ခုပဲ မဟုတ်လား။ ခဏကလေးပဲနော်...'

စာအုပ်တွေကို ပြန်စီ။ ဦးခေါင်းက ဆံနွယ်မျှင်တွေကို ဘီးကလေးနဲ့ ဖြီးသင်သေသပ်လိုက်ပြီး သူမ ပြောလာတယ်။

'ကျွန်မတို့ အတူနေဖို့ ဖြစ်နိုင်ဦးမလား'

သူမဟာ တည်ငြိမ်နေတယ်။ ကန်ရေပြင်ယောင်ဆောင်ထားတဲ့ တောင်ကျချောင်းတစ်ခုများလား၊ ကျွန်တော်တွေးလိုက်မိတယ်။

'ဘာပဲဖြစ်ဖြစ်လေ ...၊ ကျွန်မ ရှင့်ကို ချစ်တယ်'

ကျွန်တော်တစ်ခုခုကို သိလိုက်သလိုပါပဲ။ သူမဟာ နူးညံ့ပျော့ပျောင်းတဲ့ ပန်းပုရုပ်တုတစ်ခုလို ငြိမ်သက်လို့။ သူမရဲ့ နှုတ်ခမ်းအစုံဟာ နှင်းဆီတစ်ပွင့် ဖြစ်နေပြန်တယ်။

## ခြောက်

ညနေခင်းတချို့မှာတော့ သူမနှင့် ကျွန်တော် ပြတင်းပေါက်ကနေ အရွက်စိမ်းတွေ ဝေနေတဲ့သစ်ပင်ကိုကြည့်ရင်း အတူတကွပဲ ရှိနေကြပါတယ်။

*သရဖူ၊ ၁၉၉၆*

## နှင်းဆီခင်းများ

ထိုင်ခုံတစ်လုံးပေါ်တွင် နေ့နှင့်ညများ ကုန်ဆုံးသွားကြသည်။

ညနေခင်းတချို့ လေးတွဲ့သောသည်းတွားသံဖြင့် လောင်ကျွမ်းသွားကြသည်။ နှင်းဆီခင်းများကား ဘယ်ဆီမှာပါလဲ။

ကျွန်ုပ် စိုက်ပျိုးခဲ့ခြင်း မဟုတ်ပါ၊ သင်လည်း မပိုင်ဆိုင်ပါ။

ညနေခင်းတစ်ခု ဖြူရော်မှုန်ဝါးရာမှ မည်းနက်သွားသည်အထိ နှင်းဆီခင်းများအကြောင်း ကျွန်တော်တွေးတောနေမိသည်။

သေခြင်းတရားအကြောင်း ခေတ္တ မေ့လျော့ထားကြပါစို့။

ထိုညနေခင်းကို ဆွဲဆန့်ထား၍ ရပါမည်လား။ နောက်တစ်နေ့ နံနက်သည် အသစ်တစ်ခုဖြစ်သော်လည်း ကျေနပ်စရာ ကောင်းချင်မှ ကောင်းပါလိမ့်မည်။ မကြုံတွေ့ဖူးသေးသော နံနက်ခင်းတစ်ခု ဖြစ်နေသောကြောင့်လည်း ဖြစ်နိုင်ပါသည်။ ကုန်ဆုံးဝေးလွင့်ဆဲ နေ့ရက်များအပေါ် စွဲမက်တွယ်တာ၍ နတ်ပြဟ္ဘာများဆန်ဆန် အသက်ရှည်ချင်

သူများ ရှိနေသည်။

အမှန်တကယ် ကျွန်တော်ကိုယ်တိုင်ပင်လျှင် ထိုမနက်ခင်း တစ်ခင်းအပေါ် ယုံကြည်စိတ်ကို တည်ဆောက်နေရပါသည်။ အသား ကျပြီးသား မြင်းတစ်ကောင်ကို စီးနင်းခဲ့ကြဖူးသည် မဟုတ်ပါလား။ မလာပသောနေ့တစ်နေ့ ဖြစ်ခဲ့လျှင် ထိုနေ့၏ နောက်တစ်နေ့အတွက် ထပ်မံပြင်ဆင်ကြရပေဦးမည်။

နှင်းဆီခင်းများ ဘယ်ဆီမှာပါလဲ။ အသွေးအရောင် ပကတိစို ပြည်တောက်ပသော နှင်းဆီခင်းများ။

တွေ့ရှိ မွှေးရနံ့ ရရှိခဲ့ဖူးသော နှင်းဆီခင်းများသာလျှင် အစစ် အမှန်လော။ မတွေ့ရှိဖူးသေးသော နှင်းဆီခင်းများသာလျှင် အစစ်အမှန် လော။ ရှုပ်ထွေးလှပါသည်။ ဖန်တီးခြင်း၊ ဖန်ဆင်းခြင်းကိစ္စအပေါ်တွင် စိတ်ဝင်စားမှု နည်းပါးလာခဲ့ပါပြီ။ သေချာသည်ကတော့ ...

နှင်းဆီခင်းများ ဘယ်ဆီမှာများလဲ။ အသွေးအရောင် ပကတိ စိုပြည်တောက်ပ နှင်းဆီ၊ နှင်းဆီခင်းများ။

ကမ္ဘာမြေနေရာ အကျယ်အဝန်းသည် စည်းရိုးများကြောင့် ကျပ် တည်းကျဉ်းမြောင်းလျက် ရှိနေပါပြီ။ ကျပ်တည်းကျဉ်းမြောင်းမှုအပြင် စစ်ပွဲများ၊ မပြီးဆုံးနိုင်သော စေ့စပ်ဆွေးနွေးပွဲများ၊ မပြီးဆုံးနိုင်သော အေးခဲဆာလောင်မှုများဖြင့် ပွက်လောရိုက်လျက်ရှိနေပါပြီ။ နှင်းဆီခင်း များ ရှင်သန်ရန်ပင် မဖြစ်နိုင်တော့ဟု ထင်စရာဖြစ်နေပါပြီ။

ကမ္ဘာရွာ အယူအဆသည် ခေတ်သစ်ဆက်သွယ်ရေးစနစ်ပေါ် တွင် ပေါ်ပေါက်လာခဲ့ခြင်းသာ ဖြစ်ပါသည်။ အသွေးအရောင် စိုပြည် တောက်ပသော နှင်းဆီခင်းများ ဘယ်ဆီမှာပါလဲ။

ကမ္ဘာဦးတွင် နှင်းဆီခင်းများ ရှိ မရှိ မသေချာခဲ့ပါ။ ကမ္ဘာဦးက ကိစ္စအတွက် ခေတ်သစ်သိပ္ပံပညာရှင်များကိုသာ ယုံကြည်စိတ်ချထား လိုက်တာ ကောင်းပါသည်။ အမှန်တကယ်က နှင်းဆီခင်းများသာ အဓိကဖြစ်ပါသည်။ ကမ္ဘာမြေ၏ မြေဆီဩဇာအစစ်မှ ပေါက်ဖွားလျက် သွေးရောင်ပကတိရှိနေသော လတ်လတ်ဆတ်ဆတ်နှင်းဆီခင်းများသာ ဖြစ်ပါသည်။

ထိုနှင်းဆီခင်းကို တွေ့ရှိခဲ့ပါလျှင် ပထမဆုံးအစီအစဉ်အဖြစ် တစ်ပွင့်ကို ချူးဆွတ်၍ သူမနှင့် ကျွန်တော်တို့၏ အခန်းတွင်းစားပွဲပေါ်ရှိ ပန်းအိုးတွင် တိတ်တဆိတ် ထိုးစိုက်လိုက်ရန်ပင် ဖြစ်ပါသည်။

*သရဖူ၊ ၁၉၉၆*

နိုင်သစ်နီ

# ကိုယ့်ဖိနပ်ကိုယ်စီး ကိုယ်ခရီးကိုယ်သွား

*'စိတ်ရှည်သည်းခံ လမ်းကြောင်းမှန်*
*မောင်းရန်မော်တော်ကား'*

ဘာရယ်လို့မဟုတ်ဘဲ ကားပေါ်ရောက်သည်နှင့် လမ်းဘေးဝဲယာသို့ ဟိုဟိုဒီဒီကြည့်မိရာမှ ယာဉ်မောင်းရှေ့ရှိ လေကာမှန်အတွင်းဘက်၏ အထက်နဖူးစီးနေရာတွင် ကပ်ထားသောစာတန်းဆီသို့ အကြည့်ရောက်သွားသည်။

သူ ပြုံးလိုက်မိသလား၊ သိပ်တော့မသေချာလှပါ။ ပြုံးခြင်းနှင့် မဲ့ခြင်းကြားမှာ ဘယ်လိုအရာတွေ ခြားထားပါလိမ့်ဟု တွေးနေမိသလိုလိုပါပဲ။ တကယ်တမ်း ပြုံးချင်တော့လည်း ဒီစိတ်၊ မဲ့ချင်တော့လည်း ဒီစိတ်ပဲ မဟုတ်လား။ စိတ်တစ်ခုတည်းပေါ်တွင် တည်မှီပြီး အသွင်သဏ္ဍာန်တွေ၊ ထုထည်တွေ၊ အရောင်အသွေးတွေ အမျိုးမျိုးအစားစား စိတ်မြွာဖြာထွက်နေတာကတော့ စိတ်ဝင်စားဖို့ကောင်းသည်။

ဟုတ်သည်။ မတူသောအရာတွေက များလှသည်။ တချို့ မတူသည့်အရာများမှာ မတူတာချင်း တွဲဖက်လိုက်သောအခါမှ ပင်ကိုယ်

အရည်အသွေးသာမက သီးသန့်တန်ဖိုးပါ ပေါ်လွင်လာသည်။ ထိုတန်ဖိုးများ၏ အရည်အသွေးနှင့် လားရာကြောင့် ကောင်းကျိုး၊ ဆိုးကျိုးများ ပေါ်ပေါက်လာသည်။ ထိုကောင်းကျိုးကိုရော ဆိုးကျိုးကိုပါ ပြုလုပ်သူ 'ကတ္တား'က ခံစားရသလို၊ ပြုလုပ်ခံပုဂ္ဂိုလ် 'ကံ'ကလည်း ခံစားရသည်။ ထိုကံနှင့် ကတ္တားကို ဘယ်လိုကြိယာက ချိတ်ဆက်လိုက်သလဲ။

'နောက် သုံးလလောက်ကြာရင် ခင်ဗျားကို အင်တာဗျူးလုပ်မယ်'

သူ မြို့တော်ကြီးတွင် ခြေချပြီး ရက်သတ္တ ၃ ပတ်အတွင်းမှာပင် မြို့ပြယဉ်ကျေးမှု အတွေ့အကြုံရင့်ကျက်သူတစ်ဦးက သူ့ကို ပြောလာသည်။ ထိုစဉ်အတွင်းမှာပင် သူ့အဖြစ်က မြို့ကြီးပြကြီးတွင် ယဉ်ကျေးမှုသွေးလန့်နေသူတစ်ယောက်၏ ဘဝသို့ အသွင်ပြောင်းနေလေပြီ။

သူ မပျော်ပါ။ မြို့ပြနေ ကျေးလက်မိသားစုက မွေးဖွားလာသည့် သူသည် မိရိုးဖလာတောင်သူလုပ်ငန်းကို ဝါသနာမပါ။ သူစိတ်ဝင်စားသော၊ သူဝါသနာပါသော၊ သူမြတ်နိုးသော အလုပ်ကလည်း သူ့မွေးရပ်မြေမှာ မရှိ။ သည်လိုနှင့် ထုထည်ကြီးမားလှသော မေတ္တာစိတ်ပျော်ဝင်နေသည့် တားမြစ်သံများ၊ အောက်မေ့စကားများ၊ မျက်ရည်စများ၏ ပူးကပ်တွယ်ငြိမှုတို့ကို ဖယ်ခွာလျက် ယုံကြည်ရည်ရွယ်ရာ လမ်းမပေါ်သို့ ဦးတည်ချီတက်ခဲ့သည်။

ထိုလမ်းသည် သူ့အတွက် ချစ်စိတ်နှင့်အတိပြီးသော လမ်းဖြစ်သော်လည်း ပန်းနှင့် စမ်းနှင့် အလွမ်းသင့်သောလမ်း မဟုတ်ပါ။ လူမျိုးတူ၊ ဘာသာစကားတူ၊ ဘဝခရီးသည်ခြင်းတူသော်လည်း ဘာသာဗေဒကိစ္စမှာ ရှုပ်ထွေးလွန်းသဖြင့် ကိုယ်ပြောနေသော ဘာသာစကား

သည် မိခင်ဘာသာစကားမှ ဟုတ်ပါလေစဟု သံသယဖြစ်ချင်စရာ ကောင်းလောက်အောင် ခံစားရပါသည်။ ဘယ်လိုနားလည်ရမှန်းမသိသည့် 'နားလည်မှု'ဆိုတာတွေ၊ ဘယ်လိုကိုယ်ချင်းစာလိုက်ရမှန်း မသိသည့် 'ကိုယ်ချင်းစာတရား'ဆိုတာတွေ၊ ဘယ်လိုတုန့်ပြန်လိုက်ရမှန်း မသိသည့် 'အပေးအယူ'ဆိုတာတွေက ဆူးလေဆူးလွင့်တွေလို စိတ်အကြည်သား၏ နေရာအနှံ့ကို ဟိုစူး ဒီစူး စူးတာခံရသည်။

'ကိုမျိုး ... ခင်ဗျားလုပ်ချင်တဲ့အလုပ်က ဒီမှာမရှိဘူး။ မြို့တော်ကိုသွားတာ ခင်ဗျားမှန်တယ်။ ဘာမှ မစိုးရိမ်နဲ့။ ကျွန်တော် ဂါထာပေးလိုက်မယ်။ အဲဒီဂါထာကိုသာ ရေလဲသုံး၊ အားလုံး အဆင်ပြေစေရမယ်'

ပျော်ပျော်နေတတ်သော သူငယ်ချင်းဖြစ်သည့် သိန်းအေးက ဇာတိမြေမှ ထွက်ခွာတော့မည်ဖြစ်သော သူ့ကို နှုတ်ဆက်စကားပြောရင်း ဂါထာတစ်ပုဒ်ပေးခဲ့သည်။

ယခု မြို့တော်သူ မြို့သားများ နေ့စဉ်အသုံးပြုနေသော လူစီးယာဉ်ပေါ်မှာ ဘဝကို ပေါင်းခံရင်း ထိုဂါထာကို သတိတရစိတ်ဖြင့် ရွတ်ကာ သူပြုံးလိုက်မိသည် ထင်သည်။

'အင်း၊ ဩော်၊ ဟုတ်ကဲ့၊ ဟာ၊ ဟင်၊ တောက်၊ ကျွတ်' တဲ့။

"ဘာပြောပြော 'အင်း' လို့သာ မှိန်းပြောလိုက်။ ပြောရင်းဆိုရင်း အောက်မေ့စရာ ဘာဘာညာညာရှိလာရင် 'ဩော်'လို့ မျောချလိုက်။ သဘောတူစရာတွေ့ရင်တော့ 'ဟုတ်ကဲ့'ပေါ့ဗျာ။ လိုအပ်ရင် အာမေဋိတ်ကလေး ဘာလေးသုံးလိုက်၊ 'ဟာ၊ ဟင်' ဆိုတာမျိုးပေါ့။ အခန့်မသင့်တာ၊ ဘဝမကျစရာတွေ ပါလာရင်တော့လည်း 'တောက်'

ခေါက်ယိုက်ပေါ့။ ကိုယ်ချင်းစာစရာ၊ စိတ်မကောင်းစရာ ဆိုရင်သာ 'တကျွတ်ကျွတ်' စုတ်သပ်လိုက်။ အစ်ကိုရာ ... အားလုံး အဆင်ပြေပြီသာမှတ်"

သိန်းအေး ...သိန်းအေး ...။ အခုဘာယ်ရောက်နေသလဲ။ ဟိုအရင်လိုပဲ ဟာသတွေ၊ အပျော်စာတတ်တွေနဲ့ ဘဝလမ်းပေါ်မှာ ပျော်ပျော်ကြီး လျှောက်လှမ်းနေဆဲပဲလား။

သူ့အတွေးများက ယာဉ်မောင်းရှေ့ရှိ လေကာမှန်အတွင်းဘက်၏ အထက်နဖူးစီးနေရာတွင် ကပ်ထားသော စာတန်းဆီသို့ အကြည့်ရောက်သွားပြန်သည်။

ဩော် ... ဒီခန္ဓာကိုယ်ယာဉ်ဟောင်းကြီး အင်ဂျင်ကောင်းပါမှ လိုရာရောက်နိုင်ပေလိမ့်မည်။ ဆီ၊ ရေ၊ လေ၊ ဗိုင် စစ်သလို သတိမြဲမှ၊ လုံ့လဝီရိယခွန်အားကောင်းမှ၊ စိတ်ကို မှန်အောင် ဖြတ်အောင်ထားနိုင်မှ၊ အသည်းလည်း ကောင်းပါမှ၊ ရှိသော သတ္တိကလည်း ကောင်းပါမှ ... မော်တော်ယာဉ်လို မှတ်တိုင်တစ်ခုပြီးတစ်ခု ဆက်ကာဆက်ကာ ချီတက်နိုင်ပေလိမ့်မည်။

စိတ်ရှည်သည်းခံစွာဖြင့် လမ်းကြောင်းမှန်မှန်မောင်းရန်မှာ မော်တော်ကားသာမက လူသည်လည်း စိတ်ရှည်သည်းခံစွာဖြင့် လမ်းကြောင်းမှန်မှန် ချီတက်ရန် လိုအပ်ကြောင်း သူတွေးနေစဉ် မော်တော်ယာဉ်သည် ရန်ကုန်–အင်းစိန်လမ်းမကြီးပေါ်တွင် ခရီးနှင်ဆဲဖြစ်သည်။

*ယုံကြည်မှုဂျာနယ်*
*အတွဲ–၁၊ အမှတ် ၅၊ နိုဝင်ဘာ ၂၆၊ ၂၀၀၅*

ဇော်မိုးလွင်

## ဂီတဖြင့်သစ်ပင်စိုက်ခြင်း

ကောင်းကင်ဘုံသို့အရောက်သွားမည့် သင်္ဘောတစ်စင်း ကျွန်တော့်မှာ ရှိသည်။ ထိုသို့ဖြင့် အမြီးတစ်ချောင်းပျောက်ဆုံးသွားသော မျောက်တစ်ကောင်သည် မနာလိုဝန်တိုမှုတွေကြားမှာ ကူးခတ်နေသည်။ နှင်းဆီငါးပွင့်ဖြင့် အဆွေခင်ပွန်းဖြစ်သွားသော ရွှေငါးလေးတစ်ကောင်အကြောင်း သီချင်းလုပ်ဆိုသူမှာ မောင်းချခါးတစ်လက်ဖြစ်သည်။ မိုးရွာမည်ဆိုသောနေ့တစ်နေ့မှာ ကျွန်တော် ဦးထုပ်တစ်လုံး ပျောက်ဆုံးသွားသည်။ ထိုဦးထုပ်တစ်လုံး ပျောက်ဆုံးသွားသောကြောင့် မိုးရွာသည်။ ကျွန်တော်နှင့်သူမအကြောင်း မှတ်တမ်းတင်ထားသော ကွန်ပျူတာတစ်လုံး ကိုယ်တစ်ခြမ်းသေသွားသည်။ ကိုယ်တစ်ခြမ်းသေသွားသော ကွန်ပျူတာတစ်လုံးအကြောင်း ကျွန်တော်နှင့်သူမ မှတ်တမ်းတင်ထားသည်။ ကြက်သွေးရောင်မြက်ခင်းပြင်ပေါ်မှာ နေကာမျက်မှန်တပ်ထားသောမြည်းတစ်ကောင် ပြေးလွှားနေသည်။ မြည်းကို လိမ္မော်သီး

မကျေးလိုက်ရခြင်းအတွက် သင့်ကို ကျေးဇူးတင်ပါသည်။ သင့်ကို ကျေးဇူးတင်ခြင်းသည် ထိုမြည်းကို လိမ္မော်သီး မကျေးလိုက်ရခြင်းအတွက် ဖြစ်သည်။ (လေ့ကားတစ်စင်း ယူလာခဲ့ပါ) အနှစ်သာရမဲ့သော စကားလုံးများဖြင့် တည်ခင်းဧည့်ခံသော ညစာစားပွဲမှာ ကြက်တူရွေးလေး တစ်ကောင် နာမကျန်းဖြစ်သွားသည်။ စိမ်းလန်းသောဆံမျှင်စများကို သပ်တင်ပြီး မျှော်ကြည့်လိုက်စမ်းပါ။ ချစ်သူ အလိုမပြည့်ခြင်းများဖြင့် ညို့မှိုင်းနေသော တိမ်တိုက်တစ်ခုအတွင်းမှာ ကိုယ့်ဆန္ဒတွေ ရှိနေပါသည်။ ကြိုးမပါသော ဂစ်တာတစ်လက်နှင့် နွားနို့မပါသော ရေခဲမုန့်တစ်ခွက်တို့ ငြင်းခုံဆွေးနွေးနေသည်။ သွားတစ်ချောင်းကျိုးနေသော ခွေးတစ်ကောင်ကြောင့် ကျွန်တော်နှင့် သူမ စိတ်ကောက်ကြခြင်း ဖြစ်သည်။ မေးခွန်းသုံးခု ကောက်ရလိုက်သည်။ သချိုင်းတစ်ခု ကွယ်လွန်သွားသည်။ နေကြာပန်းတစ်ခင်း သီချင်းဆိုနေသည်။ စတော်လ်ဘယ်ရီသီးများ မီးလောင်နေသည်။ ချစ်သူ သွယ်လျနွဲ့ပျောင်းသော လက်ချောင်းတို့ဖြင့် ဗျပ်စောင်းကို တီးခတ်ပါလေ။ လေညင်းတို့ဖြင့် ရှူမှုနေသောဥယျာဉ်ထက်မှာ ငှက်တစ်သောင်း၏ တောင်ပံတို့ဖြင့် ကာမိုးပေးထားသော အရိပ်အောက် ရွှေစင်ဆယ်တင်းဖြင့်မလဲနိုင်သော ချစ်သူ့ဂီတကိုသာ ကိုယ်ပျော်ပိုက်လိုပါ၏။ အဆိပ်မပါသော ဖိနပ်တစ်ရံအကြောင်းကို ပြောပြနေသူမှာ အပေါင်ဆိုင်ပိုင်ရှင်ဖြစ်၏။ ကျွန်တော်နှင့်သူမ စံပယ်ရုံနံဘေးမှာ စံပယ်ပွင့်လေးတွေအကြောင်းကို အနမ်းဖြင့် ဘာသာပြန်ကြ၏။ အိပ်မက်ဖြင့် ဆောက်ထားသော အိမ်ကလေးတစ်လုံးအကြောင်း သူမ အဆစ်တောင်း၏။ ရေမွှေးပုလင်းထဲကသတိရခြင်းများကို ဆွတ်ဖြန်းလိုက်ပါ ချစ်သူ။ နေထွက်ရာ

အရပ်သည် အရှေ့အရပ်ဖြစ်သောကြောင့် လွှဲမှားနေသောဝါကျများကို ကျွန်တော် ခံတွင်းတွေ့နေခြင်း ဖြစ်သည်။ ကမ္ဘာကြီးလုံးဝန်းကြောင်း သက်သေပြစရာ မလိုတော့သည့်အတွက် ကျွန်တော်နှင့်သူမ မိုးရေထဲ လမ်းလျှောက်ထွက်ကြခြင်း ဖြစ်သည်။ ကျွန်တော်နှင့်သူမ မိုးရေထဲ လမ်းလျှောက်ထွက်ခြင်းအားဖြင့် ကမ္ဘာကြီးလုံးဝန်းကြောင်း သက်သေပြစရာ မလိုတော့ပါ။ နူတ်ခမ်းဖူးဖြင့်သာ ကိုယ့်ကိုရှူးလေ ချစ်သူ..။ ဝိညာဉ်အသစ်ဖြင့် ရေးဆွဲထားသော ပန်းချီကားတစ်ချပ်ထဲမှာ မရေးဖြစ်သော ကဗျာတစ်ပုဒ်ရှိသည်။ ချိန်းဆိုမထားသောကြောင့် သူမ ရောက်ရှိလာသည်။ ကျွန်တော့်မှာ လက်ပတ်နာရီ မရှိသောကြောင့် ကြောင်လေးတစ်ကောင် သေဆုံးသွားသည်။ ငါးများ လေထဲမှာ ပျံသန်းနေကြသည်။ ငှက်များ ရေထဲမှာ ကူးခတ်နေကြသည်။ သင် ဝါးစားနေသော ကျောက်တုံးတစ်ဖဲ့ပေးပါ။ မနေ့က စကားကို မယုံကြပါနှင့် ချစ်သူ ...။ ရွက်သင်္ဘော ရာပေါင်းများစွာကို ရေမချနိုင်ခြင်းအတွက် ခွင့်လွှတ်ပါ။ အရေးမကြီးသော အရေးပေါ်ကိစ္စတစ်ခုအတွက် ကျွန်တော် သွားတိုက်နေသည်။ ကြမ်းရှသောရယ်သံကြီးကို သုံးခြမ်းခွဲပစ်လိုက်သည်။ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရန်အတွက် ကျွန်တော်နှင့်သူမ သစ်ပင်စိုက်ကြခြင်း ဖြစ်သည်။

*သရဖူ၊ ၁၉၉၆*

## ဖန်မီးအိမ်ကို အထူးထွန်းညှိခြင်း

ဇီဇဝါတစ်ပွင့်ကြွေ ... လေနှင်ရာအတိုင်းလွင့်လို့ မိုးစက်ပွင့်နှင့်အတူ ...။ နိုင်သူအကုန်ယူဖို့ ယုန်ကလေးတစ်ကောင်ကို မွေ့ပိုက်၊ လွမ်းလိုက်ရတာ ရွာအဝင်မြေနီလမ်း၊ အမေ့ထံသို့ ပေးစာလေးတစ်စောင်ရေးဖို့၊ တမာပင်တန်းတွေ လမ်းဘေးဝဲယာ၊ အင်းဝနှင့်ရတနာပုံတံတား၊ တမာနုချိန်စစ်တမ်းကို ဖတ်၊ ဆရာမြသန်းတင့်ကိုသတိတရ။ အညာမြေမှာ သနပ်ခါးရနံ့ တလှူလှူ။ ကျညီဆောင်ရွက်သူပရဟိတသမားတစ်ယောက်အဖြစ် ရှင်သန်ခွင့်ရမည်ဆိုလျှင် ... သစ်ပင်စိုက်မည်။ မအောင်မြင်သော အနုပညာသမားတစ်ယောက်၏ အောင်မြင်သော အရေးအသားတစ်ခုအဖြစ် အခေါက်ကိုခွာ၊ အပွင့်ကိုချူး၊ အသီးကိုဆွတ်၊ အရိပ်ကိုခို ...။ နွဲ့နွဲ့ယဉ်ယဉ် တေးသွားအတိုင်း ထုဆစ်လို့ ...။ ရင်ခတ်အလွမ်းရေ ... ရင်ခတ်ပန်းတဝေဝေ ဆည်းဆာရိတေးသွားအတိုင်း ...။ ဘဝစာမျက်နှာများကို ဖတ်၊

ကြွေလိုက်ရတာ . . . ။ နွေကို ယပ်တောင်ကမ်း၊ မိုးကို ထီးမိုး၊ ဆောင်း ကို မီးကင်၊ အစဉ်သဖြင့် . . . ။ ? ? ? ? ? ? ? ရင်ဝယ်ပိုက်။ မဏ္ဍဇင်ဂေါ်ကီကြီးရဲ့ရပ်ကွက်ကို ဖြတ်သန်းလို့ . . . ။ နှင်းဆီပွင့်ပေါ် အိပ်စက်ရန်အတွက် ဖန်မီးအိမ်ကို အထူးထွန်းညှိလိုက်သောအခါ ပုဂံကျောင်း မှ ခေါင်းလောင်းသံကို ကြားလိုက်ရသဖြင့် ကဝိမှိုင်း၏ လေးချိုးကြီး များကို ရင်ဝယ်ပိုက်ထွေးမိပါသည်။

၃၁.၇.၂၀၁၁

# ရွှေတောင်ပံနှင့် ကုမုဒြာ

ရွှေတောင်ပံဖြင့် ပျံသန်းထွက်ခွာသွားသူမှာ သူရချစ်မောင် ဆိုသည့် ဂီတသမားတစ်ယောက်ဖြစ်၏။ ဘူးသီးသီးသည့်အခါ ရွာမှ အရိုးလေးကို အားလုံးက ဆွေမျိုးတော်စပ်လာကြသည်။ အိုစမာဘင်လာဒင်သေပြီ။ စိတ်ချလက်ချ ဆင်မြီးကွင်းလက်စွပ်လေးကို ချစ်သူ၏ လက်သူကြွယ်တွင် ဆင်မြန်းပေးလိုက်သောအခါ အောင်စည်ယွန်းသံကို ကြားလိုက်ရ၏။ ငွေလရောင်ခြည်နှင့် ကုမုဒြာ ...၊ နေခြည်နွေးနွေးနှင့် နေကြာ ...၊ ကိုယ်တစ်ခြမ်းသေနေသည့် နာမဝိသေသနတစ်ခုကို လေနှင့်မှုတ်၍ ငြိမ်းသတ်လိုက်၏။ မလေးတို့အိမ်ဦးမှာ ဆပ်သွားဖူးတွေက တစ်ရုံ နှစ်ရုံ၊ ကျေးတွေက အုံနေပြီလား ???။ ဒသမမြောက် သစ်ခြောက်ပင်အိုကြီး၏ ရင်ဘတ်ကို ဆွဲဖွင့်ကြည့် လိုက်မည်ဆိုလျှင် အလှတရားသစ်၏ အထူးကောင်းမွန်သော အာဟာရကို တွေ့ရှိနိုင်ပါလိမ့်မည်။ ပင်ဂွင်းငှက်အမှတ်တံဆိပ်ဖြင့် ထုတ်ဝေသော

စာအုပ်များသည် ကမ္ဘာအနှံ့ ခြေဆန့်နေကြပါသည်။ လက်တွဲမဖြုတ်စတမ်း မြဲမြဲနိုင်မာကြပါစို့။ နှင်းဆီဖြူသည် အဝေးကလူတစ်ယောက်ကို ကြင်နာသနားချင်သော်ငြားလည်း ...။ 'ဂွန်တာဂရပ်'၏ 'ခွေးနှစ်များ' သည် စိတ်ဝင်စားဖွယ်ကောင်း၏။ ခေါင်းလောင်းထိုးသံကို ကြားလိုက်ရ၏။ ခါးကုန်းကြီး 'ကွာစီမိုဒိုး'၏ ရုပ်ပါရုံထက် အဖျော့တွသည် ပို၍ စိတ်ဝင်စားဖွယ်ကောင်းပါလိမ့်မည်။ မြောက်စူးစူးအရပ်ရှိ ပဒေသာပင်မှ သစ်သီးတစ်လုံးကို ဆွတ်ယူလိုက်သည့်အခါ ရှုမောဖွယ်လောက၏ ပြတင်းတံခါးဝတွင် တစ်ခုခုကို ... သင် မြင်တွေ့လိုက်ရပါလိမ့်မည်။

*ဩဂုတ်၊ ၂၀၁၁*

မိုးဝေး

## အချစ်ဆိုတာ စူးစမ်းရှာဖွေခြင်း၊
## ဝင်ရောက်ကျူးကျော်ခြင်း၊ ခြေရာချန်ခဲ့ခြင်း

အခုတော့ ကျွန်တော် ဘယ်သွားသွား၊ ကျွန်တော် ဘာလုပ်လုပ် အဓိပ္ပာယ်ရှိခြင်း၊ မရှိခြင်း ကိစ္စတွေဆီပဲ စိတ်ကရောက်နေတယ်။ ဥပမာ စာပေစိစစ်ရေးနှင့် မှတ်ပုံတင်ဌာန(ယခုတော့ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲဟု အမည်သစ်ဖြစ်သွားပါပြီ)ကို ကျွန်တော် သွားသွားနေတာ အဓိပ္ပာယ်ရှိလားပေါ့။ ဥပမာ စာအုပ်အရောင်းဆိုင်တွေထဲဝင်ပြီး ကျွန်တော့်စာအုပ်တိုက်ကထုတ်တဲ့ ဘာစာအုပ်တွေရှိသလဲ သွားသွားကြည့်တာမျိုး။ မနေ့ကလေးတင် တစ်ယောက်ယောက်နဲ့ တွေ့ခဲ့သေးတယ်။ သူက အဝကျဉ်း၊ အဝန်းကျယ် ဖန်လုံးထဲ ငန်းဥတစ်လုံးထည့်ထားတဲ့ အယူအဆတစ်ခုအကြောင်း ပြောသေးတယ်။ အဲဒါ အဓိပ္ပာယ်ရှိပြီးသားလား။ အဓိပ္ပာယ်တည်ဆောက်နေသလား။ ဘာမှ ရေရေရာရာ မဟုတ်ပါဘူးကွာလို့တော့ မပြောစမ်းပါနဲ့လို့ ဆက်ရေးမလို့လုပ်တုန်း အနားကတစ်ယောက်ကို ဖြတ်သွားသူတစ်ယောက်က

ဝံသာနုစိတ်ဓာတ် ထားစမ်းပါဆိုပြီး ကြိုတစ်ချောင်းယူသွားတာ တွေ့လိုက်တယ်။ ဒီတော့လည်း ကြိုကို အဖျားက စစုပ်တာနဲ့ အရင်းက စစုပ်တဲ့အယူအဆ ခေါင်းထဲရောက်လာပြန်ရော။ ဒီလိုဆို အခွံခွာပြီးသား အဆစ်ဖြတ်ထားတဲ့ ကြိုတုံးကြိုခဲတုတ်ထိုးလေးတွေမှာ ရုတ်တရက် အရင်းအဖျား ဘယ်လိုခွဲမလဲ။ အကုန် ပြန်လမ်းမရှိဘူး။ သူ့ဟာကျတော့ တုန်ခါနေတာပဲ။ သူ့ဘဝဆိုပေမဲ့ လောကကြီးက အလကားမနေဘူး။ လောကကြီးက အလကား မထားဘူး။ ချိုစရာလည်း ဒါပဲ၊ ခင်းစရာလည်း ဒါပဲ။ အဲဒါဟာ အဓိပ္ပာယ်ရှိလား။ အဓိပ္ပာယ်မရှိဘဲရော နေလို့မရဘူးလား။ အဓိပ္ပာယ်မရှိဘူးဆိုတာကရော ဘယ်လိုမျိုးလဲ။ ဘယ်လိုဒီဇိုင်းလဲ။ ဘာအယူဝါဒ ကိုင်စွဲသလဲ။ ဘယ်ဘာသာစကားသုံးစွဲလဲ။ နယ်ပယ်အမျိုးမျိုးမှာ ဝင်ရောက်ပျံ့နှံ့နေပြီလား။ ဘယ်လိုခွဲခြားမလဲ။ ဘယ်သူ့ကို ခွဲခြားခွင့်ပေးမှာလဲ။ အဲဒါကိုရော ဘယ်သူက ဆုံးဖြတ်မှာလဲ။ ဒီလိုနဲ့ မိုးပေါ်ကကျလာတဲ့ အဓိပ္ပာယ်တစ်ခုနဲ့ တစ်မနက်မှာ ဆုံပါရော။ ဒီနေရာမှာ မိုးပေါ်လို့သုံးနှုန်းရတာကလည်း ကျွန်တော့်ခေါင်းပေါ်ဘက်ကိုပဲ ပြောတာ။ သိပ်တော့ မသေချာဘူး။ အများလက်ခံထားတဲ့ မိုးပေါ်လို့တော့ အလွယ်တကူဆိုရင်ဆိုပေါ့။ ဒါပေမဲ့ ဒါဟာလည်း စစ်တမ်းတွေ၊ ဘာတွေ ကောက်ထားတာတော့ မဟုတ်ပြန်ဘူး။ ထင်မယ်ဆိုရင်ထင်လို့ရတာက တစ်ယောက်စကားတစ်ယောက်နား အလွယ်တကူ ဝင်ရောက်လက်ခံထားကြတာလို့ပဲ အလွယ်ယူဆကြပါစို့။ ဒီနေရာမှာ အလွယ်ဆိုတာကလည်း ကိုယ်က အားမှ မစိုက်ရပဲကိုး။ နားအေးပြီးရော လက်ခံထားကြရာက လက်ထဲက ပြန်မထွက်ဘဲ လက်ထဲမှာ အသားမာတက်ကျန်ခဲ့တာမျိုးလေ။

အခုတော့ အသားမာတက်အဓိပ္ပာယ် ဖြစ်သွားပြီးပေါ့။ ဒီနေရာမှာ အသားမာတက်တာ ကောင်းလား၊ ဆိုးလားဆိုတာတော့ မိတ်ဆွေများလည်း ကြံဖူးကြမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ လူဆိုတာ ကိုယ့်အတွေ့အကြုံပဲ ကိုယ်အမှန်ထင်ကြတာ မဟုတ်လား။ ဒီမှာ ကိုယ့်အတွေ့အကြုံဆိုတာကလည်း ကိုယ်နဲ့ရင်းနှီးပြီးရတဲ့ အတွေ့အကြုံ၊ စိတ်နဲ့ရင်းနှီးပြီးရတဲ့ အတွေ့အကြုံ၊ အနံ့နဲ့ရင်းပြီးရတဲ့ အတွေ့အကြုံစသဖြင့်တွေပေါ့လေ။ ဒီမှာ ဆက်စဉ်းစားရမှာက အထက်မှာပြောခဲ့တဲ့ 'ရင်းပြီးမှရတဲ့'ဆိုတဲ့ အသုံးအနှုန်း။ ကိုယ်နဲ့ရင်းရအောင် ကိုယ်ဆိုတာ ဘယ်သူလဲ။ ကိုယ်ကို ဘယ်သူပိုင်သလဲ။ အဲဒီလို မသေမချာနဲ့ ဝဲလည်နေတာကလည်း နေ့စဉ်နဲ့အမျှ မဟုတ်လား။ ဥပမာ–ကိုယ့်ကို ဘယ်သူမှမပိုင်ဘူးဆိုပါစို့၊ ဒါဆိုရင် ကိုယ်နဲ့ ရင်းနှီးရသူတစ်ယောက်ရဲ့ ရင်းနှီးထားတဲ့ အရင်းအနှီးတွေဟာ သူများဆီက ချေးငှားထားတာလား။ ခေတ္တခဏ ယူငင်သုံးစွဲထားတာလား။ ဘယ်သူ့ဆီကလဲ။ ဒါကရော သူ့ကိုယ်ပိုင်လား။ သူ့ကိုယ်ပိုင်ဆိုတာရော တကယ်ရှိလို့လား။ စိတ်ဓာတ်မကျပါနဲ့ မိတ်ဆွေ၊ ဒါက ကျွန်တော်ကိုယ်ကို ဘယ်သူမှမပိုင်ဘူးဘက်က တွေးကြည့်တာပါ။ ကိုယ့်ကိုယ်ကိုပိုင်တဲ့ ဘက်ကလည်း တွေးကြည့်လို့ရပါတယ်။ မိတ်ဆွေတို့ အချိန်ရရင်ပေါ့။ မိတ်ဆွေတို့ အချိန်ရသလား။ ဘယ်အချိန်တွေမှာ အချိန်ရသလဲ။ နားနေချိန်မှာ အချိန်ရသလား။ အိပ်ချိန်မှာ အချိန်ရသလား။ ထမင်းစားချိန်မှာ အချိန်ရသလား။ ဘာမှမလုပ်ဘဲ တောင်တွေးမြောက်တွေး တွေးနေချိန်မှာ အချိန်ရသလား။ ဒါမှမဟုတ် ပြေးလွှားနေရချိန်မှာ အချိန်ရသလား။ မိတ်ဆွေများ အချိန်ရရင် ကျွန်တော့်ဆီ အကြောင်းကြား

စေချင်ပါတယ်။ အခု ကျွန်တော့်လိပ်စာပေးလိုက်ပါတယ်။ အကြောင်း ရှိလို့ မိတ်ဆွေတို့ အကြောင်းကြားလာတဲ့အခါ ကျွန်တော်ပေးထားတဲ့ ကျွန်တော့်လိပ်စာမှာ ကျွန်တော် မရှိတာနဲ့မျှားကြုံခဲ့ရင်တော့ ကျွန်တော့်ကို အပြစ်မတင်စေချင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ကပဲ အဲဒီလိပ်စာမှာ တကယ်မရှိတာလား။ မိတ်ဆွေတို့ကပဲ အချိန်မရတာလား။ အဲဒီလိုပဲ တစ်ခါတစ်ခါ ပြန်ပြန်စဉ်းစားကြည့်ရင်ရော . . . ။ ကျွန်တော်က ပြောကြည့်တာပါ။ ဘာဖြစ်လို့လဲဆိုတော့ အချိန်နဲ့ နေရာနဲ့ သတ်မှတ်ထားကြသော်လည်း တကယ်တမ်းဆုံကြပြီဆို အဲဒါ ဘယ်သူပြောတာလဲ။ ဘယ်ဘက်ကလဲ။ ဘက်ဆိုတာ ဘာလဲ။ အဲဒါ ဘယ်သူမေးတာလဲ။ အဓိပ္ပာယ်ရှိရင် တွေ့ကြတာပေါ့။ မတွေ့ရင်တော့ အဓိပ္ပာယ်မရှိဘူးပဲထားပါလို့တော့ လွယ်လွယ်မမြင်စေချင်ဘူး။ ခင်ဗျား အချိန်ရလား။ ခင်ဗျား ဘယ်သူ့အဓိပ္ပာယ်သုံးမလဲ။ ဘယ်တော့ ပြန်ပေးမလဲ။ သူ့မူလအတိုင်းပဲလား။ နည်းနည်းပွန်းပဲ့သွားသလား။ ထပ်ဖြည့်စွက်မလား။

*ဇူလိုင် ၁၈၊ ၂၀၀၇*

## ဆံနွယ်တစ်ခု၏ အလျား

ကျွန်တော့်ရှေ့တွင် အချိန်ကာလများ ဖြတ်သွားနေပုံမှာ အလွန် လျင်မြန်လှသော်လည်း ကျွန်တော်ကတော့ စိတ်မဝင်စားစွာဖြင့် လမ်း မဆီ ငေးနေပါသည်။ သို့သော် ဖြတ်သွားဖြတ်လာများအား မြင် သလားဆိုတော့လည်း မမြင်မိပါ။ အသိတစ်ယောက်ယောက်က ဝင် လာပြီး အခြားအသိတစ်ယောက် ဖြတ်သွားတာ မြင်လိုက်သလားဟု မကြာခဏ အမေးအမြန်းခံရသော်လည်း ကျွန်တော့်မှာ ထို့အတွက် ပြင်ဆင်မထားမိ။ ခါးကြားတွင် ထိုးစိုက်ထားသော ဂက်စ်မီးခြစ်ကို အသာထုတ်လိုက်မည်။ ထို့နောက် သစ်သားဘောင်တန်းပေါ်တွင် တင် ထားသော ဆေးပေါ့လိပ်ကိုယူပြီး မီးညှိမည်။ ပြီးမှ 'မတွေ့မိဘူးဗျ' ဟု အေးစက်စွာပြန်ပြောရင်း မျက်လုံးကို လမ်းမဘက်ဆီသို့ ပြန်ပစ် ထားလိုက်မည်။ ထိုသူက အနားမှမခွာသေးဘဲ 'အရောင်းအဝယ် ကောင်းလား' 'ဘာလုပ်နေသလဲ' စသဖြင့် မေးနေမည်ဆိုပါကလည်း

ကျွန်တော်က ဂရုစိုက်ဖြေကြားမည့်သူ မဟုတ်ပါ။

ကျွန်တော်သည် ဘာကိုမှ စိတ်ဝင်စားမှုမရှိတော့သည့် လူတစ်ယောက်ဆိုတာ လူကဲခတ် အလွန်ညံ့သည့်သူများပင် ရိပ်စားမိနိုင်ပါသည်။ သို့သော် လူတွေသည် ကိုယ်ဖြစ်ချင်တာတွေ၊ ကိုယ်ရချင်တာတွေအတွက်သာ စဉ်းစားကြပြီး တစ်ဖက်သားဖြစ်သူအကြောင်းကို နည်းနည်းမျှ မျှဝေစဉ်းစားပေးခြင်း မရှိခြင်းသည် ဒီကမ္ဘာမြေပေါ်တွင် တကယ်တည်ရှိနေပါသည်။ ထိုသို့တည်ရှိနေခြင်းကိုလည်း ကျွန်တော်တစ်ယောက်သာ သတိထားမိသည်ဟု တွေးထင်မိသူမှာလည်း ကျွန်တော်တစ်ယောက်သာ ဖြစ်ပါလိမ့်မည်။

ကျွန်တော်သည် လမ်းတစ်ဘက်ဆီသို့ ဆတ်ခနဲလှည့်၍ မျက်စိတစ်ဆုံး ကြည့်လိုက်ပြန်ပါသည်။ ကြံရည်ဆိုင်မှ အဘိုးအိုသည် ကြံရည်ညှစ်နေပါသည်။ စားပွဲဝိုင်းတွင် လူနှစ်ဦး ကြံရည်သောက်ရန် စောင့်မျှော်နေကြပါသည်။ လမ်းသွားလမ်းလာများ၊ ဆိုက်ကားများ၊ ကားများ၊ မှန်မှန်ဖြတ်သန်းနေကြသော်လည်း ကျွန်တော်သည် ထိုမြင်ကွင်းတွင် အရသာခံကြည့်၍ မရလှပါ။ ဆေးပေါ့လိပ်ကိုသာ လေးတွဲ့စွာဖွာရှိုက်ပြီး လမ်း၏နောက်တစ်ဘက်သို့ လှည့်လိုက်ပါသည်။ ဤသို့ အကြိမ်ပေါင်း တစ်နေ့ဘယ်နှကြိမ် ကျွန်တော်လုပ်နေမိမှန်း မသိ။ တစ်စုံတစ်ယောက်က တစ်နေရာမှနေ၍ ကျွန်တော့်အား သေချာစွာ စူးစိုက် စောင့်ကြည့်နေမည်ဆိုလျှင် အလွန်ပျင်းရိဖွယ်ကောင်းသော ရုပ်ရှင်ပြကွက်တစ်ခု ဖြစ်နေမည်ကို အံ့သြစရာမလိုဘဲ ရိုးစင်းစွာပင် လက်ခံနိုင်ပါလိမ့်မည်။

ကျွန်တော်သည် မရှိခြင်းများ ခမ်းနားစွာစုဝေးနေသည့် ရပ်ကွက်

ကလေးတစ်ခုထိပ် ဆေးဆိုင်ကလေးတစ်ဆိုင်မှ ဆေးရောင်းသူတစ်ဦး ဖြစ်သည်ကို ပြောမပြထားမိသည့်အတွက်တော့ ခွင့်လွှတ်စေချင်ပါ သည်။ ကျွန်တော်သည် ဘယ်အချိန်အခါမဆို မေ့မေ့မျောမျော နေ တတ်သူတစ်ဦး ဖြစ်နေသည်ကို ကျွန်တော်ပြောမပြထားသော်လည်း သင်တို့ ရိပ်စားမိပါလိမ့်မည်ဟု ကျွန်တော့်ဘက်က ယုံကြည်မှုအပြည့် ရှိပါသည်။ တစ်ခါတစ်ရံတွင်တော့ ဘာ့ကြောင့် ကျွန်တော်ဒီလို ဖြစ် သွားရသလဲဆိုတာ ကျွန်တော်စဉ်းစားကြည့်မိပါသည်။ ကျွန်တော့်ကိုယ် ကျွန်တော်လည်း ထောင့်ပေါင်းစုံမှ ကြည့်သည့်အနေဖြင့် ဆိုင်ရှေ့မှ ရပ်၍ ကြည့်ဖူးပါသည်။ မနက်ခင်း လက်ဖက်ရည်ဆိုင်ထိုင်နေစဉ် ရုတ်တရက်ထလိုက်ပြီး အဝေးတစ်နေရာရာမှ သွားရပ်ခါ ကျွန်တော် လက်ဖက်ရည်သောက်နေပုံကို ကြည့်မိပါသည်။ အိပ်ရာပေါ်တွင် အိပ် မောကျနေသည့်အခါများတွင်လည်း အိပ်ရာမှ ရုတ်တရက်ထကာ အိမ် ထဲရှိသမျှ မီးအားလုံးကိုဖွင့်ပြီး ညလယ်ယံ တိတ်ဆိတ်မှုကြားတွင်လည်း ကျွန်တော့်ကိုယ်ကျွန်တော် ငြိမ်သက်စွာဖြင့် စိုက်ကြည့်ဖူးပါသည်။ တစ်ခါ တစ်ရံ ကျွန်တော်လမ်းလျှောက်နေစဉ် ရှေ့သို့အမြန်ပြေးလွှားကာ ကျွန်တော်လမ်းလျှောက်လာပုံကိုလည်း ဂရုတစိုက် လေ့လာကြည့်မိပါ သည်။

ထိုသို့ အကြိမ်ပေါင်းများစွာ စစ်ဆေးပြီးချိန်တွင်တော့ လက်ခံ နိုင်စရာ အဖြေတစ်ခုကို ကျွန်တော်ရရှိခဲ့ပါသည်။ ထိုအကြောင်းကို ကျွန်တော်ပြန်ပြောရလျှင် ပထမဆုံး ကျွန်တော်ရိပ်စားမိခဲ့တာ ကတော့ . . . ။

ကျွန်တော့် ဆေးဆိုင်လေးတွင် ဆေးလာဝယ်သူများမှာ တစ်ဦး

နှင့်တစ်ဦး ဆယ်မိုင်မျှ ခွာလျှောက်လာသူများပမာ ဖောက်သည်တစ်ဦး နှင့်တစ်ဦး အလွန်အလှမ်းကွာဝေးလှခြင်းပင်။ တစ်စုံတစ်ယောက်က ဆေးတစ်မျိုးလာရောက် ဝယ်နေချိန်တွင် နောက်ဝယ်မည့်သူ တစ်စုံ တစ်ယောက်က ကျွန်တော့်ဆေးဆိုင်ကလေးနှင့် ဆယ်မိုင်မျှဝေးသော နေရာတွင် ရောက်ရှိနေပြီး ကျွန်တော့်ဆိုင်ကလေးဘက်သို့ တရွေ့ရွေ့ ဦးတည်လျှောက်လာနေပါလိမ့်မည်။

ထိုအချိန်မျိုးတွင် ကျွန်တော်သည် စာအုပ်တစ်အုပ်ကို ကောက် လှန် ဖတ်ရှုနေမည်ဖြစ်သော်လည်း စာအုပ်ထဲတွင် စိတ်ကို လုံးလုံး မမြှုပ်နှံနိုင်ပါ။ ဦးခေါင်းကို မကြာခဏ သစ်ကုလားအုပ်တစ်ကောင်လို လမ်းမဆီသို့ထုတ်ပြီး ဖောက်သည်အလာကို မျှော်နေမိပါသည်။ နောက် တော့ မထူးခြားစွာ ဖတ်လက်စ စာမျက်နှာကိုပြန်ဖွင့်ရင်း စိတ်မဝင် စားနိုင်သည့် စာမျက်နှာများကို ဘယ်နှကြိမ်မြောက်မှန်းမသိ ထပ်ဖတ် နေလိုက်ပါသည်။ သို့သော် သိပ်မကြာလိုက်ပါ။ ကျွန်တော် သမ်းဝေ လိုက်ပါသည်။ မီးခြစ်ကိုခါးကြားမှ ပြန်ထုတ်လိုက်ပါသည်။ သစ်သား တန်းပေါ်က ဆေးပေါ့လိပ်ကို လှမ်းယူလိုက်ပါသည်။ ထို့နောက် လေ ထုထဲသို့ ပျံ့နှံ့သွားသည့် ပျင်းရိငြီးငွေ့ခြင်းများဆီသို့ အကြည့်ကို ပြန် ပို့လိုက်ပါသည်။

ထို့နောက် ကံအကြောင်းကောင်းလျှင် ဆေးဝယ်သူ တစ်ဦးတလေ ဆိုင်ရှေ့သို့ ရောက်လာပြီး သူ့ရောဂါပျောက်ကင်းနိုင်မည့် ဆေးအမျိုး အစားထဲက ဈေးအသက်သာဆုံးဆေးကို ရွေးကာ ဈေးကိုလည်း အဆ မတန်ဆစ်ပြီး တစ်လုံးစ၊ နှစ်လုံးစ ဝယ်နိုင်လျှင် ဝယ်သွားပါလိမ့်မည်။ ပြီးလျှင် ကျွန်တော့်ဆိုင်ကလေးသည်လည်း ကြည့်ရှုသူမရှိသည့် ပြ

ခန်းကလေးတစ်ခုသဖွယ် လမ်းရဲ့ထောင့်မှာ ပြန်လည်ငြိမ်သက်သွား ပုံမှာ အိပ်နေသော ခွေးတစ်ကောင် ပုံစံပြောင်း၍ လှည့်အိပ်သွားသလို ပင် ပြန်လည်ငြိမ်သက်သွားပါလိမ့်မည်။

အချိန်တန်လျှင် ကျွန်တော်သည် ဆာလောင်လာပါသည်။ ထို့ နောက် ပိုက်ဆံခွက်ထဲမှ ရောင်းရသမျှ ငွေကြေးအနည်းငယ်ကိုပင် ပွတ်သပ်ကာ အမဲဖျက်သလို ရေတွက်ပြီး ဆိုင်တံခါးများကို ပိတ်ကာ ညောင်းညာနေသော အကြောအခြင်များအား တဖျစ်ဖျစ်မြည်လာ အောင် ဆန့်ထုတ်လိုက်ပြီး စားစရာထမင်းရှိရာ ကျွန်တော့်အိမ်လေး ဆီသို့ ရပ်ကွက်ကလေးထဲမှတစ်ဆင့် ခေါင်းငိုက်စိုက်ချ ဝင်ရောက်လာ ခဲ့တော့သည်။ ထိုမြင်ကွင်းအား သတိထားနေမိသူမှာ ကျွန်တော်တစ်ဦး တည်းသာ ဖြစ်နေလိမ့်ဦးမည်ဆိုတာ နောက်ထပ် နေ့ရက်များစွာအထိ သေချာနေလိမ့်မည်။ ထို့ကြောင့် နောက်ထပ် အချက်အလက်အသစ်၊ တွေ့ရှိချက်အသစ်များကို ဖော်ထုတ်ရန် ရက်ကိုလည်း အကန့်အသတ် မရှိ ကျွန်တော် ရွှေဆိုင်းပစ်လိုက်ပါသည်။

*Idea ဒီဇင်ဘာ၊ ၂၀၀၁*

## ဟောမာန်ဦးကို တေးညည်းဆို

အချိန်တွေကုန်သွားတာ မြင်နေရသလို ထင်မိသည်။ ကျွန်တော်သည် ပုံပြင်တွေကို ယုံနေဆဲလား။ အလုံလမ်းကလေးကို တစ်နေ့တော့ ရောက်ဖြစ်ခဲ့ရသည်ပင်။ တစ်ချိန်တုန်းက ဒီအရပ်မှာ စိန်ပန်းပြာပြာတွေ၊ နီနီတွေ ပွင့်ခဲ့သည်။ ခုတော့ ပန်းစွယ်တော်ဆိုသည့် စားသောက်ဆိုင်ကလေးတစ်ဆိုင် ဖြစ်နေသည်။ အလုံလမ်းနဲ့ ရှမ်းလမ်းဆုံရာမှာ အုတ်ခုံကလေးက ရှိနေသေးသည်။ အဲဒီမှာ ကျွန်တော် နာရီဝက်မျှ ထိုင်နေလိုက်သည်။ အသိအကျွမ်းတွေ တစ်ယောက်တလေမျှ မရှိတော့သည့် ထိုအရပ်ပါတကား။ ထိုစဉ် ကျွန်တော့်နာမည်ကို ကားတစ်စီးပေါ်က လှမ်းအော်ခေါ်သွားတာ ကြားလိုက်ရသည်လေ။ လမ်းပေါ်မှာ ကျွန်တော့်နာမည်ကလေး ခွေခွေခေါက်ခေါက် လွင့်ကြွေကျသွားတာကို မျက်စိတစ်ဆုံး လိုက်ကြည့်နေမိသည်။ လိုက်ကြည့်နေမိသည်ဆိုတာက အလုံလမ်းဘက်ကနေ ရှမ်းလမ်းကုန်းဆင်းလေးအတိုင်း

ဖြစ်သည်။ ဟိုဘက်မှာ ရှင်စောပုလမ်းရှိသည်။ တစ်ဘက်မှာ မီးရထား အိမ်ရာဝင်း၊ တစ်ဘက်မှာ အိမ်တော်ဝင်းလေ။ ဩော် ... ဟိုဝေးဝေး က ခေတ်ကြီးတစ်ခေတ်ပါလားဟု တစ်ယောက်တည်း နစ်နေရင်း လွယ်ထားတဲ့လွယ်အိတ်ထဲ လက်တစ်ဘက်ကို ထိုးထည့်ရင်း စမ်းစမ်း စမ်းစမ်းနဲ့ ဘာရယ်မဟုတ် ဘာကိုပြန်လည်ရှာဖွေနေမှန်းပင် မသိ၊ ရုတ်တရက်ထရပ်လိုက်ရင်း ပိတောက်မြိုင်ရိပ်သာဘက်၊ အဏ္ဍဝါရိပ် သာဘက်ဆီ ခြေလှမ်းတွေကို ပို့မိသည်။ ထိုစဉ် ပိတောက်မြိုင်ရိပ်သာ ထဲက ခွေးတစ်ကောင် အပြေးထွက်လာတာကြောင့် အလန့်တကြား ဖြစ်မိတာအမှန်ပင်။ ဘာကြောင့်မှန်း မသိ၊ ပိတောက်မြိုင်ဝင်းထဲ ချိုး ကွေ့ဝင်လိုက်သည်။ ကျွန်တော်တို့ ဂစ်တာတက်တက်တီးလေ့ရှိတဲ့ ရေ စင်ကြီးရောက်တော့ အတန်ကြာ မော့ကြည့်လိုက်မိပါသည်။ ပြီးတော့ မှ ကျော်ကျော်ဦးတို့ အိမ်ခန်းဘက်၊ မောင်ဦးတို့အိမ်ခန်းဘက်၊ သက် နိုင်တို့အိမ်ခန်းဘက် ကြည့်လိုက်သည်။ ဘယ်သူ့ ဘယ်သူကိုမှ ကျွန် တော် မသိတော့ပါ။ ခေတ်ကြီး ပြောင်းသွားပါပြီ။ ကျွန်တော့်သူငယ် ချင်းတွေ တချို့သေဆုံးကြပါပြီလေ။ အခုမြင်နေရတဲ့သူတွေကို ကျွန် တော် တစ်ယောက်မှ မသိပါ။ ကျွန်တော် အခုရောက်နေရာနေရာသည် နယ်ပယ်သစ်တစ်ခု မဟုတ်ပါ။ နှစ်အတန်ကြာ ကျင်လည်ခဲ့ဖူးရာဝန်း ကျင်ဒေသဖြစ်ပါသော်လည်း ကျွန်တော့်ကို ဘယ်သူမှမသိကြတော့ပါ။ ဒီလိုပဲ စောစောက ကျွန်တော်ဖြတ်လျှောက်ခဲ့ဖူးသော လမ်းဘေး တစ်ဖက်တစ်ချက်က အိမ်တော်ဝင်းကြီးကိုရော သိတဲ့သူတွေ ရှိမှရှိကြ ပါစ။ ဒီလိုအတွေးတွေလည်း တကယ်ဝင်ခဲ့ရပါသည်။ ကျွန်တော် ပိတောက်မြိုင်ရိပ်သာထဲကနေ ထွက်လိုက်ဖို့ ဆုံးဖြတ်လိုက်ပါသည်။

လာရာလမ်းအတိုင်း ပြန်ထွက်တာမျိုးတော့ မဟုတ်၊ မြို့ပတ်ရထား လမ်းရှိရာ ကရင်ခြံဘက် လူဝင်ပေါက်ကလေးမှ ထွက်လိုက်တာ ဖြစ် ပါသည်။ ဒီရထားလမ်းတွေပေါ့။ ၁၉၈၀ ကျော်ခုနှစ်တွေရဲ့ ညတွေမှာ နံနက်လင်းအားကြီးအထိ ဂစ်တာတွေတီးရင်း၊ သီချင်းတွေသီဆိုကြရင်း ကုန်လွန်စေခဲ့တဲ့အချိန်တွေကို ပြန်ရေတွက်နေမိလိုက်သည်။ "*လာပါလေ မောင့်ည သခင်မရေ ... ကြိုဆိုသူ မောင့်ညသခင်မရေ ...*" ဒီလို ဒီလို သီချင်းတွေနှင့် ဆောင်းညများ မရေမတွက်နိုင်အောင်ကို ရှိဖူး ခဲ့ကြသည်လေ။ ရထားလမ်းလေးမှာ အကြာကြီးထိုင်နေမိတဲ့ ကျွန်တော့် ကို ဘယ်သူမှလည်း သတိမထားမိကြပါဘူး။ ဟိုတုန်းကတော့ ဒီ တစ်ဝိုက်မှာ ကျွန်တော်တို့ကို မသိသူဟာ ဧည့်သည်သူစိမ်းတွေပဲ။ ခု တော့ ကျွန်တော်က ဧည့်သည်။ ဘာရယ်မဟုတ် ရှိတဲ့အလုပ်တွေဆီ မသွားဘဲ ငူငေါင်ငေါင်နဲ့ အဓိပ္ပာယ်မဲ့ ဒီအရပ်ဆီ ရောက်လာလို့။ ကျွန်တော် တဖြည်းဖြည်း ရထားလမ်းလေးအတိုင်း အလုံလမ်းဘူတာ ဘက်ဆီ ဆက်လျှောက်နေလိုက်သည်။ ဘူတာနားနေရိပ်လေးကတော့ ရထားသံလမ်းတွေနဲ့ လုပ်ထားတာ အတော်ခိုင်ခံ့ပုံရသည်။ အမိုးက ဘိလပ်မြေကျောက်ပြားမိုးနဲ့ အခုထက်ထိ တောင့်တင်းခိုင်မာနေတုန်း ပင်။ ရထားစောင့်မည့်သူ တစ်ယောက်မှမရှိ။ စာလေးခွေအထမ်းသည် ကြီးတစ်ဦးကိုသာ တိတ်ဆိတ်ငြိမ်သက်စွာ အမောဖြေနေတာ တွေ့ရ သည်။ အိတ်ထဲကနေ ကင်မရာကိုထုတ်ပြီး ရထားလမ်းတစ်လျှောက် ကို ကျွန်တော် ဓာတ်ပုံတွေ တစ်ပုံပြီးတစ်ပုံ ရိုက်နေလိုက်သည်။ ပြီး တော့မှ ဟိုဘက်ပလက်ဖောင်းက စာလေးခွေသည်ကြီးကို တစ်ပုံရိုက် ယူလိုက်သည်။ ပြီးတော့လည်း ဘာဆက်လုပ်ရမည်မသိ။ ကျွန်တော်

သည် တွေတွေငေးငေးဖြင့် ဟိုကြည့်လိုက်၊ သည်ကြည့်လိုက်။ ဘူတာကုန်းပေါ်က အလုံလမ်းပေါ်တွင် ကားတွေ တဝူးဝူး ရိပ်ခနဲ ရိပ်ခနဲ သွားနေကြသည်။ ဒီနေရာသည် ခေတ်ကြီးနှစ်ခေတ်ကို ခြားထားသည့် စည်းရိုးများ ဖြစ်နေမလား။ ဟိုး လွန်ခဲ့တဲ့နှစ်တွေတုန်းက ဒီကုန်းတံတားအောက်ကအုတ်နံရံမှာ မီးသွေးခဲ၊ အုတ်ခဲတွေနဲ့ လူတစ်ယောက်ပုံတွေ လာလာရေးနေတာ ကြည့်ဖူးသည်။ ရုပ်ရှင်ပိုစတာကြီးတွေလို ကျွန်တော် လိုက်ကြည့်မိသည်။ မှတ်မိသမျှတွေကို လိုက်ရှာဖွေနေမိသည်။ ဘာမှ မရှိတော့ပါ။ ရှိခဲ့တာတွေပေါ်မှာထပ်လို့ နင်းသွားခဲ့တာ အချိန်တွေ ဖြစ်လိမ့်မည်။ ကျွန်တော်သည် ဖြတ်သန်းစီးဆင်းနေသော အချိန်တွေကြားထဲမှာ ကျားကုတ်ကျားခဲ ရေဆန်ကို ဖြတ်နေမိသည်လား။ ကျွန်တော်သည် *'သာယာသံသာတဲ့ မောင့်နေခြည်'*ဟု သီချင်းကို တိုးတိုး ရေရွတ်မိလိုက်သည်။ ကျွန်တော်သည် ရထားလမ်းတစ်လျှောက် ကွေ့ကွေ့ကောက်ကောက် ကြည့်မိလိုက်ပြန်သည်။ ရထားလမ်းမှ အုတ်လှေကားလေးအတိုင်း အလုံလမ်းပေါ်ကို ဖြည်းဖြည်းလေးလံစွာဖြင့် တက်လာခဲ့သည်။ ရထားလက်မှတ်အရောင်းဌာနလေး။ အုတ်ကြွပ်မိုးလေးနှင့်။ မှိုင်းပျပျနံရံလေးမှာ ဗိနိုင်းစနှင့် ရထားအချိန်စာရင်းတွေ ကပ်ထားတာမြင်ရသည်။ အတိတ်နှင့်ခြားနားသည့် အရာတွေသည် တစ်စတစ်စ မြင်လာရသည်။ ခပ်မှိုင်းမှိုင်းလူတွေကို မှုန်ဝါးဝါး တွေ့လာရသည်။ ဟိုယခင်ကာလအတိုင်း တရွေ့ရွေ့။ သို့သော် ကျွန်တော်နှင့် ဟိုးအရင်ကတည်းကရှိခဲ့သော လက်ဖက်ရည်ဆိုင်လေးကို တွေ့သေးသဖြင့် ဝမ်းသာအားရ ဝင်ထိုင်လိုက်သည်။ ဆိုင်ရှင်အမျိုးသမီးဟု ထင်ရသူသည် ဟိုတုန်းက ကျွန်တော်

တို့နှင့် တစ်တန်းတည်းဖြစ်ခဲ့သူ ဖြစ်ရမည်။ ကောင်တာဆီ ကျွန်တော် သွားပြီး ဆေးလိပ်မီးညှိသည်။ ကျွန်တော့်ကို မှတ်မိသလားအထင်နှင့် သူ့ရှေ့မှာ အတန်ကြာ ရပ်နေမိသည်။ ပြီးတော့ ထိုင်ခုံမှာ ပြန်ထိုင် လိုက်သည်။ လူများစွာ ကျွန်တော့် ရှေ့မှာ၊ ကျွန်တော့် ဘေးမှာ ရိပ်ခနဲရိပ်ခနဲ ဖြတ်သွားနေကြသည်။ ကျွန်တော့်မျက်နှာကို သူတို့မြင် သာအောင် ကျွန်တော့်ဦးခေါင်းကို ထုတ်ထုတ်ပြမိသည်။ ရထားတစ် စင်းဝင်လာသံ ကြားရသည်။ ဆက်လက် ထွက်ခွာသွားတာ ကြား လိုက်သည်။ မစ်ရှင်လမ်းဘက်ကို ငေးမိသည်။ မင်းရဲကျော်စွာလမ်းဟု ဆိုင်းဘုတ်ကို မြင်မိသည်။ အရာရာသည် မပြောင်းဟု ထင်သည်။ သို့သော် အချိန်တွေပြောင်းလဲသွားကြသည်။

*ဇန်နဝါရီ၊ ၂၀၁၁*

မိုးဦးဆွေညိန်း

## လမ်းမကို ကျောခိုင်းသွားကြသူများ

၁။

လွန်ခဲ့သော အနှစ်နှစ်ဆယ်ကျော်ကာလ၊ ကျွန်တော်တို့ရဲ့ လူငယ်ဘဝ နေ့စဉ်ဖြတ်သန်းမှုသည် ငြိမ်းချမ်းငြိမ်သက်လှသည်ဟု ဆိုနိုင်သည်။ အတိတ်ကို ပြန်လည်တမ်းတသည့် တစ်ဖက်သတ်အမြင်တော့ မဟုတ်ပါ။ လှုပ်ခတ်လွန်းလှသည့် ယခု မျက်မှောက်အခြေအနေနှင့် နှိုင်းယှဉ်ကြည့်မိခြင်းသာ။

ရုပ်ပိုင်းဆိုင်ရာ ထွန်းကားမှုကလည်း ယခု ၂၁ ရာစုလောက် မဆန်းပြားသေး။ ထိုအချိန်က ကွန်ပျူတာ ဘယ်ဆီနေမှန်း မသိသေး။ ဗီစီဒီကာရာအိုကေဆိုတာ ဘာမှန်းမသိသေး။ စလောင်းမပြောနဲ့၊ တီဗီအင်တင်နာ ထိုးထိုးထောင်ထောင်၊ များများစားစား မရှိသေး။ တီဗီကြည့်ချင်လျှင် ရပ်ကွက်ကောင်စီရုံးနဲ့ ငွေကြေးပြည့်စုံသူတချို့ရဲ့ အိမ်မှာပဲ ရှိသေးတဲ့ကာလ ဖြစ်သည်။

ဆိုတော့ ကျွန်တော်တို့ရဲ့ လူငယ်ဘဝ အာရုံကျက်စားရာဟာ လက်ဖက်ရည်ဆိုင်တွေပဲ ရှိသည်။ ဆောင်းဘောက်စ်က ထွက်ကျလာတဲ့ နှစ်သက်ရာသီချင်းတွေကို ရင်ခုန်ခံစားခဲ့ကြသည်။ အထူးသဖြင့် ညနေဆည်းဆာရီအချိန်များတွင် ဖြစ်၏။

သူငယ်ချင်းတွေနဲ့ သီချင်းနားထောင်၊ လမ်းမပေါ်မှာ သွားလာလှုပ်ရှားသမျှကို ငေးမော၊ ကိုယ်မျက်စိကျနေတဲ့ ကောင်မလေးကို စောင့်မျှော်။ ထိုသို့ဖြင့် ... ကျွန်တော်တို့ရဲ့ ညနေဆည်းဆာရီအချိန်များသည် လက်ဖက်ရည်ဆိုင်မှတစ်ဆင့် လမ်းမများပေါ်တွင် မျှော်လင့်စိတ်ရှည်ခဲ့ကြဖူးပါသည်။

လက်ဖက်ရည်ဆိုင်ယဉ်ကျေးမှုရဲ့ အဓိပ္ပာယ်များစွာထဲတွင် စောင့်စားမျှော်လင့်ခြင်းသည် အဓိကကျသော အဓိပ္ပာယ်တစ်ခု ဖြစ်ခဲ့သည်။ မိတ်ဆွေနဲ့ အလုပ်စကားပြောဖို့ ချိန်းထားမည်။ သူငယ်ချင်းတွေနဲ့ တွေ့ဆုံစကားပြောရင်း လောကဓံကို အညည်းဖြေကြမည်။ မနက်ဖြန်ကိစ္စများကို ဆွေးနွေးတိုင်ပင်ကြမည်။ ချစ်သူရည်းစားရဲ့ ညနေကျောင်းပြန်ချိန်ကို စောင့်မျှော်မည်.. စသည်ဖြင့် အဓိပ္ပာယ်မည်ခဲ့ဖူးလေသည်။

၂။

လူ့ဘဝရဲ့ တစ်ဆစ်ချိုးအကွေ့မှာ ရုပ်ဝတ္ထုထွန်းကားမှုသည် ကျွန်တော်တို့ဆီသို့ ဆိုက်ဆိုက်မြိုက်မြိုက်၊ လျင်လျင်မြန်မြန် ရောက်ရှိလာသည်။ ကွန်ပျူတာ၊ ဗီစီဒီ၊ ဒီဗီဒီ၊ ဟမ်းဖုန်း၊ စလောင်း၊ ဂိမ်း၊ ကာရာအိုကေ၊ အင်တာနက်.. စသည့် ရုပ်ပိုင်းဆိုင်ရာနည်းပညာတွေရဲ့ ပြောင်းလဲမှုနှုန်းက တစ်နေ့ထက်တစ်နေ့ ပိုမိုမြန်ဆန်လာသည်။

ယခင်ကာလတွေတုန်းက တစ်ခုတည်းသော တီဗီချန်နယ်မှ ကြုံကြုံကြိုက်ကြိုက်ရှိပါမှ ဘောလုံးပွဲကြည့်ရသည်။ ၁၉၉၀ ကမ္ဘာ့ဖလားဘောလုံးဗိုလ်လုပွဲ နောက်ကျထုတ်လွှင့်ပြသခြင်းကို အသည်းအသန်စောင့်ကြည့်ရသည်။ ယခုအချိန်မှာတော့ ဘောလုံးရာသီဆိုလျှင် ညစဉ် တစ်ညလုံးထိုင်ကြည့်မလား၊ တစ်ရေးနိုးထကြည့်မလား။ ရသည်။

နည်းပညာအသစ်တွေနဲ့ ရုပ်ပိုင်းဆိုင်ရာပြောင်းလဲလာသလို လက်ဖက်ရည်ဆိုင်ယဉ်ကျေးမှုဟာလည်း ပုံသဏ္ဍာန်ပြောင်းလဲသွားသည်။

ရန်ကုန်မြို့နှင့် အခြားသောမြို့ကြီးတွေမှာ snack bar တွေ၊ ကာရာအိုကေဆိုင်ခန်းတွေ၊ ဂိမ်းဆိုင်တွေ ပေါ်လာသည်။ ကော်ဖီသောက်ရင်း တေးဂီတကို live show ကြည့်ပြီး ခံစားနိုင်သလို ကိုယ်တိုင်ဆိုချင်လည်းရသည်။ ဒါကတော့ ငွေကြေးတတ်နိုင်သူ၊ သုံးနိုင်ဖြုန်းနိုင်သူ လောကတစ်ခုရဲ့ပြယုဂ်ဖြစ်၍ သီးခြားဆန်ပါသည်။

မြင်သာ၊ ထင်သာပြောင်းလဲမှုကတော့ မြို့ပြဆင်ခြေဖုံးရပ်ကွက်များရှိ လမ်းဘေးလက်ဖက်ရည်ဆိုင်များတွင် ဖြစ်သည်။ စလောင်းရှိသောဆိုင်မှာ ဝင်ထိုင်ပြီး ဘောလုံးပွဲ၊ ဖက်ရှင်ရှိုး၊ ဇာတ်လမ်း စသည်တို့ကို နှစ်သက်ရာ လက်ဖက်ရည်တစ်ခွက်နဲ့ ဖိမ်ခံနိုင်သည်။ စလောင်းမရှိလည်း ဗီဒီဒီ၊ ဒီဗီဒီပြစက်များနှင့် ပြသည့် မြန်မာဇာတ်လမ်း၊ နိုင်ငံခြားဇာတ်လမ်းများ ကြည့်ရှုခံစားနိုင်သည်။

ယခုအခါ ရပ်ကွက်အတွင်းရှိ ဗီဒီယိုရုံများ သိပ်ခေတ်မစားတော့ပါ။ လက်ဖက်ရည်ဆိုင်ဟာ ဗီဒီယိုရုံပမာ ဖြစ်လာသည်။

လမ်းသွားရင် ဘေးဘီဝဲယာကို ကြည့်မိတော့ ကျွန်တော်တို့

ငယ်စဉ်ကလို ညနေဆည်းဆာရီအချိန်များတွင် လက်ဖက်ရည်ဆိုင်ထိုင်ရင်း လမ်းမပေါ် မျှော်ငေးနေသောပုံရိပ်များ လွင့်ပါးကွယ်ပျောက်သွားပြီဖြစ်၏။ လက်ဖက်ရည်ဆိုင်ထိုင်သူများသည် လမ်းမကိုကျောခိုင်းကာ တီဗီစခရင်သို့သာ ဦးတည်နေကြသည်က များပါသည်။

လက်ဖက်ရည်ဆိုင်ယဉ်ကျေးမှုမှာ ပါဝင်ပတ်သက်သူများဟာ လမ်းမကို ကျောခိုင်းသွားကြသူများ ဖြစ်နေသည်ကတော့ သေချာသော ရုပ်ပိုင်းပြောင်းလဲမှုတစ်ခု ဖြစ်ခဲ့လေပြီ။

*ယုံကြည်မှုဂျာနယ်၊ ၂၀၀၅*

# အလင်းကြွေသံအောက်မှာ

၁။

ကျွန်တော် အိပ်မက် မမက်ဖြစ်တော့သည်မှာ ကာလအတန် ကြာပြီ။ အများသူငါလိုပဲ ကျွန်တော်လည်း ဗာဟီရဒုက္ခတွေနဲ့ စလစ် ဖြစ်နေသည်။ အနာဂတ်ပျောက်ကာ စမ်းတဝါးဝါးလမ်းလျှောက်နေသူ ကဲ့သို့ ကျွန်တော့်ရဲ့မနက်ဖြန်တွေကို အဓိပ္ပာယ်မမဲ့စေချင်ပါ။

ကျွန်တော့်အခန်းရှေ့မှာ အမြဲတမ်းပိတ်ထားသော တံခါးတစ်ချပ် ရှိသည်။ ထိုတံခါးချပ်သည် ကျွန်တော့်ပုံတူ ဖြစ်လာသည်ဟု တစ်ခါ တစ်ရံ ခံစားရသည်။ ကံကြမ္မာရဲ့ထုဆစ်မှုဟာ ထိုသို့ လက်ရာမြောက် နိုင်ကြောင်း ဘဝတွေ အများကြီးရင်းနှီးပြီး သိလာရသည်။ မိတ်ဆွေ များကို မျက်ရည်ခံထိုးကာ ဖြေရှင်းချက်တွေထုတ်ပြရမှာ အလွန်တရာ အားနာစရာကောင်းပါသည်။ အမှန်တကယ်လည်း မလိုအပ်ကြောင်း ကျွန်တော့်မှာ ပြဋ္ဌာန်းချက်ရှိနေ၍ ကိုယ့်ကိုယ်ကို ပြန်မတ်၊ ပြန်

လျှောက်နိုင်အောင် သွေးနွေးနေရ၏။

တစ်ခါတရံ ဘဝတွေဟာ ဖွဲ့နွဲ့ဖို့မကောင်းလောက်အောင် စိတ်ပျက်လက်ပျက်နိုင်လှတာတော့ ဝန်ခံရပေမည်။ ထိုအခါမျိုးမှာ ကျွန်တော်ဟာ ကျောက်တုံးတစ်တုံးနှင့် တူလာသည်။ အမြဲတစေ မာကျောခက်ထန်နေတတ်သည့် လောကနှင့် သဟဇာတ မဖြစ်ကြောင်းတော့ ကြိုပြောထားချင်သည်။

၂။

ကျွန်တော် နေထိုင်အသက်ရှင်နေရသည်မှာ အလင်းရောင်တစ်ဖြည်းဖြည်းနည်းပါးလာသည့် နေဝင်ချိန်အခန်းကျဉ်းတစ်ခုနှင့် တူလာသည်ဟု သံသယဖြစ်ဖူးသည်။ ကျွန်တော် သွားချင်သည့်လမ်းက 'ရှည်ရှည်မျောမျော' ဟူသောစကားလုံးလို မျောလွင့်လွန်းလှ၏။

ဘေးနားမှာ တိုးတိုးဖော်မရှိလည်း တစ်ယောက်တည်းထွက်ရန် ဆုံးဖြတ်ချက်ခိုင်မာပြီးပြီမို့ ဘဝရဲ့လမ်းဟာ ရှည်ချင်သလောက်ရှည်စမ်းပါစေ အမှုမထားချင်တော့ပါ။ ငတ်ခဲ့ဖူးသော၊ သေမင်းနှုတ်ခမ်းဝက လွတ်မြောက်ခဲ့ဖူးသော၊ လောကဓံတရားက ဘောလုံးတစ်လုံးလို လိမ့်ကန်ခဲ့ဖူးသော အတွေ့အကြုံတို့သည် လက်ရှိကျဆင်းနေသော စိတ်ပိုင်း၊ ရုပ်ပိုင်းအခြေအနေများကို ကျားကန်ပေးပါသည်။

ထိုသို့ဖြင့် နယူးယောက်မြို့ကြီးဆီသို့ သုတ်သီးသုတ်ပြာထွက်လာခဲ့၊ ဘတ်စ်ကားတိုးစီးခဲ့၊ နေပူပူမိုးရွာရွာ ပလက်ဖောင်းတွေပေါ်မှာ လမ်းလျှောက်ခဲ့၊ နိစ္စဓူဝ နွမ်းနွမ်းရိရိအိမ်ပြန်လာခဲ့၊ ဥသြငှက်တွေလို အရက်တက်မှာ အလွမ်းတေး ထ ထဆိုခဲ့။ မြို့ပြရဲ့ဖလက်ချ်ဘက်

များသည် တစ်သွေးတည်းတစ်သားတည်း ရှိသည်။

သိမ်းဆည်းထားရခြင်းများကို လက်ဖက်ရည်ဆိုင်မှာ တချို့၊ အရက်ဆိုင်မှာ တချို့ အထုပ်ဖြေပြီး ပိုလျှံသောစကားလုံးများကို နံရံများဆီသို့ ဦးတည်ပစ်ပေါက်နေရသည်။

၃။

ဘဝမှာ စိတ်ဓာတ်စစ်ဆင်ရေးတွေ များလှသည်။ မီဒီယာအမျိုးမျိုးရှေ့မှာ ပြိုလဲသွားနိုင်သည်။ သတင်းဇာတ်ညွှန်းတစ်ပုဒ်ဖတ်နေရင်း ပြိုလဲသွားနိုင်သည်။ ကြားဖူးနားဝ တစ်ဆင့်စကားများနှင့်လည်း ပြိုလဲသွားနိုင်သည်။ ခေတ်ပေါ်နည်းပညာရဲ့ ရုပ်ဆန်လွန်းမှုရှေ့မှာလည်း ပြိုလဲသွားနိုင်သည်။ ကိုယ်ခံအားမီးစာမြှင့်ပေးရန် လိုအပ်နေသော အခြေအနေမှာ ထမင်းတစ်လုပ်ဟာ အရေးပါနေတော့ ခက်လှသည်။

ဖြေရှင်းရလွယ်ကူသည့် ပုစ္ဆာများကိုပင် ဝေးဝေးမှာ ထားချင်သောသူများနှင့် စကားပြောရသည်မှာ ပင်ပန်းဆင်းရဲလှ၏။ တွန်းကန်တက်လာသောဒေါသကို မျိုမျိုချနေရတာ ပို၍ပင်ပန်းလှ၏။ ကျွန်တော့်ပတ်ဝန်းကျင်မှာ ဘာလုပ်နေမှန်းမသိသော၊ ဘာဖြစ်ချင်မှန်းမသိသောသူတွေဟာ ပတ်ချာလည် ဝိုင်းနေသည်။ သူတို့တွေ ဘာ့ကြောင့် ပြိုပြိုလဲနေကြရသလဲ။ သူတို့ကို ကြည့်ရင်း တစ်ခါတစ်ရံ ခေါင်းမူးချင်လာသည်။ လူ့အဖြစ်ဟာ ဘာလဲ။ လူ့ဘဝဟာ ဘာလဲ။

လောကခံမြစ်ပြင်မှာ မြုပ်ချည်တစ်ခါ နစ်ချည်တစ်လှည့်နဲ့ ပေါ်တယ်ဆိုတာ မရှိလေတော့ စိတ်ဓာတ်စစ်ဆင်ရေးမှာ ကျွန်တော်လည်း

အချိန်အခိုက်အတန့်မျှ ရှုံးနိမ့်တတ်ပါသည်။

၄။

အလင်းရောင်ကို ခြားထားသည့် နံရံ၏တစ်ဘက်ခြမ်းမှာ ပြိုလဲကျသံတွေ တဝေါဝေါ ကြားနေရ၏။ သစ်ပင်ကဲ့သို့သော အရိပ်တို့ ပြိုလဲသွား၏။ နေအိမ်အဆောက်အအုံကဲ့သို့သော လုံခြုံမှုတို့ ပြိုလဲသွား၏။ ယုံကြည်မှုကဲ့သို့သော ကြည်လင်သန့်စင်မှုတို့ ပြိုလဲသွား၏။

ကျွန်တော့်တို့ရဲ့ စာရိတ္တကို ကိုက်ဝါးစားသောက်နေသော အကောင်သည် ကိုယ်ခန္ဓာအနှံ့ တရွရွ၊ တဆစ်ဆစ်။ ဘာကောင်လဲဟု စဉ်းစားခန်းဝင်မိစဉ် မြင်ကွင်းသည် တစ်စတစ်စ မှုန်ဝါးလာသည်။

ကိုယ့်ကိုယ်ကို ကျားကန်ထားသော စိတ်ဓာတ်တို့ သမနိရှည်ကြာဆုံးဖြစ်နေစေရန်မှာ မိမိအပေါ်၌သာ မူတည်ကြောင်း အသိတရားများ ထွန်းကားစေချင်သည်။

နေဝင်ရီတရောသည် တစိမ့်စိမ့်အားကောင်းလာသည်နှင့် အမှောင်ထုသည်လည်း တဖြည်းဖြည်းကြီးမားနက်ရှိုင်းလာသည်ကို အလင်းကြွေသံအောက်မှာ ကြည့်နေရသည်။

*Newspactator ၊ ၂၀၀၅*

## လူ့ဘဝနှင့်ငါ့ဒြပ်စင်

ဝေါဟာရသက်သက်လောက်နဲ့ အဓိပ္ပာယ်ဟာ ဂိတ်ဆုံးနေကြ တော့မယ်ထင်ပါရဲ့။ 'ငါတွေးသည်၊ ငါရှိသည်'လို့ ပြောခဲ့တဲ့ ပြင်သစ် တွေးခေါ်ရှင် ဒေးကား (၁၅၉၆– ၁၆၅၀)ရဲ့ စကားအတိုင်းဆိုရင် ကိုယ့် လူတွေ ဘာတွေဖြစ်ကုန်ကြပါမည်လဲ။ ဘာဖြစ်လို့လဲဆိုရင် လူတော် တော်များများဟာ တွေးမှ မတွေးတတ်ကြတော့တာ။ တွေးရမှာ ကြောက်နေသလားတောင် မသိဘူး။ အနီးစပ်ဆုံး ကိုယ့်ကိုယ်ကို ဘာ ဖြစ်နေလဲ၊ ဘာလုပ်နေလဲဆိုတာလောက်တောင် မတွေးဖြစ်ကြတော့ ဘူးထင်ပါရဲ့။ မောင်းတဲ့အတိုင်း ရွေ့နေလိုက်ကြတာ။ ခိုင်းတဲ့အတိုင်း လုပ်နေလိုက်ကြတာ။ နည်းနည်းလေး ချဲ့ကားတွေးခေါ်ရမယ်ဆိုရင် တီကောင် ဆားနဲ့ထိသလို တွန့်တွန့်သွားကြတယ်။ ဘာကြောင့် အဆင့် ကို တိုးတက်ရောက်ရှိမလာဘဲ၊ ဘာလဲ အဆင့်မှာတင် ကိုယ့်လူတွေ ဂိတ်ဆုံးနေတာ ကြာလှပေါ့။

တစ်ခုခုကို ပစ်ယုံချင်သူတွေအတွက် ယုံစရာတစ်ခုခုလောက် မှာယူတင်သွင်းဖို့ လိုအပ်နေပြီ။ ဘာမှမယုံချင်သူတွေအတွက် ဆော့စရာတစ်ခုခု တင်သွင်းဖို့ မလိုတော့ပါဘူး။ ဘယ်နေရာ လှမ်းကြည့်ကြည့် တစ်လုံးတို့၊ နှစ်လုံးတို့ ဆိုတာတွေနဲ့တင် တီးတိုးတီးတိုးလုပ်ကာ မအားမလပ် ရှိနေကြပါပြီ။ တခြားသောနည်းလမ်းတွေနဲ့ ထိုးကျွေးခံထားရတာလည်း ရှိပါရဲ့။

ငါယုံကြည်တယ်လို့ ပြောပြောနေမိတဲ့ အနုပညာအပေါ်မှာရော လူတွေဘယ်လောက် အာရုံဝင်စားနိုင်ကြလဲ။ ငါက 'အနုပညာသည် အနုပညာအတွက်' လည်း မဟုတ်၊ 'အနုပညာသည် ဘာအတွက်မှ မဟုတ်' လည်း မဟုတ်လေတော့ လက်တံတွေရှည်နေမိတယ်။ အနုပညာဆိုတာ ဖိမ်ခံပစ္စည်းတစ်မျိုးလို့ သံသယဝင်နေမိတာကြာပြီ။ အနုပညာအပြင် တခြားသောအရာတချို့ကို စိတ်ဝင်စားမိသည်က စလို့ပေါ့။ 'ရသ'ကပေးတဲ့ အတွေးအခေါ်တို့၊ ကျင့်ဝတ်တို့၊ စာနာနားလည်နိုင်မှုတို့ ဆိုတာတွေဟာ အခုလို မိုးထဲရေထဲမှာ အအအိပ်မက် ဖြစ်နေခဲ့ပါပြီ။

ခက်တာက အနုပညာဆိုတာကလည်း တစ်သီးတစ်သန့်ခံစားမှ ရနိုင်တဲ့အရာမျိုး (အချိန် သီးသန့်ပေးပြီး ခံစားရသည်ကို ဆိုလိုသည် မဟုတ်။ လစ်ရင် လစ်သလို၊ တွေးမိရင် တွေးမိခိုက်၊ မြင်မိရင် မြင်မိခိုက်၊ ကြားမိရင် ကြားမိခိုက် အချိန်ကန့်လေးကို ဆိုလိုသည်။) မဟုတ်လား။ တိုးတိုးဖွဖွ ဘတ်စ်ကားစီးရင်း ကံကောင်းထောက်မလို့ ထိုင်စရာတစ်နေရာရပါမှ ပါလာတဲ့ စာအုပ်လေးထုတ်ခါ တစ်ပုဒ်ရရ၊ တစ်မျက်နှာရရ အသည်းအသန်ဖတ်ရတဲ့ အကာလအချိန်မျိုးမှာ အနု

ပညာဟာ ဘုံတစ်ခုလိုလို၊ ဘာလိုလို ထင်ချင်စရာ။ ဒါလည်း ခဏ တစ်ဖြုတ်ပါပဲ။ စိတ်အိုက်လူအိုက်နဲ့ အာရုံမရလှပါဘူး။ ဖျပ်ခနဲ တွေး မိတဲ့ကဗျာပါဒတွေ ဘတ်စ်ကားပေါ်မှာ ပြုတ်ကျကျန်ရစ်ခဲ့တာ မနည်း မနော။ အနုပညာနဲ့လူ ကင်းကွာနေရတဲ့ အဖြစ်အပျက်တွေဟာ စေ့စေ့ တွေးမိတော့ ရင်နာစရာပါလား။

အိပ်ဖို့၊ စားဖို့၊ ကာမဂုဏ်မှီဝဲဖို့ ဆိုတာလောက်ပဲသိတဲ့ တိရစ္ဆာန်တွေမှာ အတွေးအခေါ် မရှိပါဘူး။ လူမှာပဲ တွေးတတ်ခေါ် တတ်တဲ့ အသိဉာဏ်ရှိတာမို့ သာပြီးသားအချက်ကို လျော့သွားအောင် လုပ်ကြရင် ဘာတွေဖြစ်ကုန်ကြမလဲ။ ကျောချစရာတစ်နေရာကို အသည်းအသန်ရှာနေရတဲ့ မြို့ကြီးရဲ့ဒုက္ခနဲ့ တွေ့နေရသူတွေအဖို့ ဒီ အကြောင်းပြောနေရတာ အားနာစရာကောင်းလှပါတယ်။ ခေတ်ကြီး ကလည်း သွားသုတ်သုတ်၊ စားသုတ်သုတ်၊ သေသုတ်သုတ် မဟုတ် လား။ ဆေးရုံလည်း ဆေးရုံမို့၊ ရဲ့စခန်းလည်း ရဲစခန်းမို့၊ သင်္ချိုင်း လည်း သင်္ချိုင်းမို့ ကြုံရတဲ့အခါ အဲဒီနေရာတွေက လူတွေဟာ တစ်ထေ ရာတည်း တူနေကြတယ်။ သိပ်တော့လည်း အံ့ဩစရာ မဟုတ်ပါဘူး။ သူတို့ကိုမွေးပေးလိုက်တဲ့ 'လက်သည်'က တစ်ယောက်တည်းကိုး။

အနုပညာသမားလို့ ကြွေးကြော်နေသူတွေတောင် တစ်ခါတစ်ရံ မှာ အနုပညာနဲ့ ကင်းကွာသွားတတ်လေတော့ အနုပညာကို လူကြား ထဲချပြဖို့တောင် ရှက်ရွံ့နေမိတာ အမှန်ပါဘဲ။ သေချာတာက ကျွန်တော် တို့တွေ ကိုယ့်ကိုယ်ကို ပြန်လည်တပ်ဆင်တည်ဆောက်ဖို့ လိုအပ်နေ ပြီဆိုတာကို လေးလေးနက်နက် စဉ်းစားကြဖို့ပါပဲ။ လူ့ဘဝကို ရခဲ့ကြ တာ ပျာယာခတ်ဖို့ တစ်ခုတည်းတော့ မဟုတ်တန်ရာပါဘူး။ လူလို

တွေးပြီး လူ့အဖြစ်ရဲ့အဓိပ္ပာယ်တွေကို ရှာဖွေတူးဆွကြရအောင်လား။
ပုပ်သိုးသွားတဲ့ အိပ်မက်တွေကို ပြန်လည် တူးဖော်ကြရအောင်လား။
လူ့ဘဝရဲ့ဖြစ်စဉ်မှာ ငါ့ဒြပ်စင်ဟာ ဘာလဲ။

*ဟန်သစ်၊ ၂၀၀၆*

နီမျိုးထက်

## တစ်ဝက်ကျန်နေသောအသံ

(၁)

ရမ်းယောင်ပြီး စမ်းလိုက်မိတော့ လက်ထဲမှာ ဘာမှမရှိတော့ဘူး။ မျက်ရည်စတွေရယ် ဘယ်လိုမှ ငါမကြည့်ရက်ခဲ့ပါ။ ဒါပေမဲ့ မိုးသောက်ဦးရဲ့ အလင်းမျှင်စတွေ ကျရောက်လာရင် အပြုံးလှလှတွေနဲ့ ခိုနားပေါ့။ လက်ဝယ်ရရှိပိုင်ဆိုင်ချင်သလောက် ပြန်လည် အပ်နှင်းပေးဆပ်ရမည်သာ။ မရှိတာနဲ့ မရသေးတာတွေကိုပါ အပိုဆောင်းထားစေချင်ရဲ့။ အဖြေညှို့၍မရသေးသမျှတော့ ပုစ္ဆာအဆင့်တွင် ရှိနေပါသေးသည်။ နေ့လယ်ခင်းတွေကို ထမင်းစားပြီး ရေတစ်ခွက်သောက်သလို သက်သောင့်သက်သာရှိစေချင်၏။ ညက နာရီကို သံပတ်ပေးထားခဲ့ပါသည်။ ညီညာချောမွေ့မှုဆိုတာ ရှုန်းကန်ဖြတ်ကူး ရင်ဆိုင်ခြင်းရဲ့အနောက်ကပေါ့။ ရှိရှိသမျှ အဝါရောင်အားလုံးကို 'ဗင်းဆင့်ဗန်ဂိုး'၏ ပန်းချီကားတစ်ချပ်ထဲသို့ လောင်းထည့်လိုက်ပါ။ ကမ်းခြေတစ်ခုသို့ ဆိုက်ရောက်သွားလိမ့်မည်ဟု ထင်၏။ မိတ်ဆွေများခင်ဗျား၊ ခင်ဗျားတို့ရဲ့ မောဟတရားများကို အနည်းငယ်လောက် ပြန်လည်တွေ့ရှိလိုက်စမ်းပါ။ အခြေခံမှုစ၍ တိကျသေချာညီညာသော အဖြစ်အပျက်တို့သည် မျက်စိပသာဒဖြစ်၏။ အရည်တို့မည်သည် ဘယ်သောအခါမှ

အလိုအလျောက် ဆန်တက်ရိုးထုံးစံမရှိ။ သချောပြီဆိုလျှင် တစ်က ပြန်စ၍ရပါသည်။

(၂)

မနေ့ကထိ ကန်ပြီးသွားသော ပွဲများတွင် ကျွန်တော်တို့ ဂိုးမသွင်းနိုင်ခဲ့ချေ။ လူကြီးမင်းများအတွက်တော့ မှန်ဘီလူးကို ထပ်ချဲ့ပေးပါဦးမည်။ ကြွေတတ်တာ ပန်းပွင့်တွေပေါ့။ ကြွေတတ်တာ သစ်ရွက်တွေပေါ့။ အမည်နာမတစ်ခုကို မလိုအပ်မချင်း နောက်ထပ်တစ်မျိုးပြောင်းခေါ်စရာမလိုပေ။ မလွတ်မလပ်ကြီးပွင့်ရတာ အင်္ကျီကျပ်လွန်း၏။ အိမ်ပြန်ချင်နေသော လေချွန်သံလေးကို အဝေးမှပင် ကြားနိုင်ပါသည်။ တစ်ခါက အရိပ်ရခဲ့သောသစ်ပင်ကြီးတစ်ပင် ရှိခဲ့ဖူးတာ မေ့တေ့တေ့ ဖြစ်နေပြီ။ အဲဒီကဗျာတစ်ပုဒ်ကို ရေးဖွဲ့ကာ 'အယ်လန်ဂျင်းစဘတ်' အား ဖွင့်ဆိုရှင်းပြပေးဖို့ တောင်းဆိုပါမည်။ နာရီချိန်သီးလေးရဲ့အသံကို နားထဲမှာ နားဝင်ပီယံဖြစ်လာ။ ဖယောင်းတိုင်၏အလင်းမှာ မျက်စိညောင်းလွန်း၏။ အနာတရတွေနဲ့ ဖွဲ့စည်းထားသောဘတ်စ်ကားကြီးများ ထိုးဆိုက်လာသောအခါ အနာတရနဲ့လူများ ဆင်းချလာပြီး အနာတရနဲ့လူများ တက်လိုက်သွား၏။ စောင့်ဆိုင်းနေရတာ ခြေသလုံးများ တောင့်တင်းနေပြီ။ ကျဲပါးဖျော့တော့သော ကောင်းကင်အောက်တွင် ဗလာထမီဝတ်၍လာသောညအား မီးဖြတ်လိုက်သောအခါ မြို့ကြီးသည် ဖူးပွင့်သွား၏။ မျှော်လင့်ခြင်းနှင့် အိပ်မက်ကို ကြက်ဥနှင့်နွားနို့ထည့်၍ တိုက်ရပါဦးမည်။ ၁၉၈၀ ခုနှစ်များဆီက ဇာတ်နာလွန်းသောဝတ္ထုများကို မဖတ်ချင်တော့ပါ။ မျက်မှောင်ကျုတ်

၌ ဆေးလိပ်သောက်ချင် သောက်လိုက်ပါမိတ်ဆွေ။ အားနာဖို့ကောင်း သည်မှာ ဗလာစာရွက်များ ဖြစ်၏။

(၃)

အချိန်ကာလဟူသောဒီရေသည် သက္ကရာဇ်ကမ်းပါးကို တတိတိ တိုက်စားသွားနေ၏။ ဒီကနေ့သည် မနေ့ကမဟုတ်သောကြောင့် မနက် ဖြန်အကြောင်းကို ပြောဆိုရန်မှအပ ဘာမှမတတ်နိုင်တော့ပါ။ ဆေး လိပ်ခွက်ထဲက သောက်ပြီးသွားသော ဆေးလိပ်တိုများသည် ပစ္စက္ခ အကြောင်းကို ပြောဆိုနေကြသယောင် ရှာနေတဲ့မီးဟာ အချိန်တန် လျှင်တော့ တိတ်သွားပါလိမ့်မည်။ ရှိနေခြင်းများ၊ ဖြစ်ပြီးသွားသည်များ၊ လာလတ္တံ့သည်များကို အခုထက်ပို၍ မျှော်လင့်ရန်ရှိနေသေးပါလျှင် ကျွန်ုပ်အား လက်တို့လိုက်ပါ မိတ်ဆွေ။ ကျွန်တော်တို့ သေချာမှုတစ်ခု နဲ့ နွေးထွေးကြည့်ရအောင်။ အသီးအပွင့်မဲ့ ဖြစ်ထွန်းမှုတို့ကို ဒီအတိုင်း ထိုင်ကြည့်နေရသည်မှာ မနက်ဖြန်မရှိသော အခန်းတစ်ခုနှင့် တူလှ၏။ မှန်တိုင်းဟာ ဘယ်အရပ်သို့ဦးတည်နေပြီဆိုတာ သိနေရသော်လည်း အံ့ဩမှု သိပ်မရှိတော့ပါ။ ယုံကြည်မှုဟာ ရွှေစင်ရွှေသားဆိုရင် ခံနိုင် စွမ်းရည်မှတ်ကျောက်ပေါ်သို့ တင်လိုက်ပါ။ ဒီလောက်အထိ လျှောက် ခဲ့ပြီးမှ ရေချိုးပြီးလည်း မပြန်ချင်တော့။ အရိပ်ကိုငုံ့ကြည့်လိုက်တော့ မွန်းတည့်ချိန်မကာ။ ဖြစ်နိုင်ခြင်း၊ မဖြစ်နိုင်ခြင်းဆိုတာ ဖြစ်ချင်တဲ့စိတ် အဟုန်က အဓိကပါ။ ကျွန်တော်တို့စိတ်တွေ ရေချိုးခန်းဝင်ရအောင်။ ပေါ့ပါးလတ်ဆတ်စွာ အာရုံတစ်ခုကို ဖမ်းယူဆုပ်ကိုင်ထားချင်လှပြီ။

*ရတီ၊ အောက်တိုဘာ၊ ၂၀၀၃*

## ဇဝေဇဝါပျံ့သန်းမှု၏ ခတ်ခဲပေါင်းများ

(၁)

ဘယ်ကိုမှမသွားဘဲ အိမ်မှာပင် ရုပ်ရှင်လေးကြည့်လိုက်၊ စာအုပ်တွေ တစ်အုပ်တွေတစ်အုပ် ကောက်ဖတ်လိုက်နဲ့ နေဖြစ်နေ၏။ မယ်မယ်ရရတော့လည်း မဟုတ်ပါ။ ဘာကိုမှ အရသာမတွေ့သလို ဖြစ်နေသည်။ ရေဒီယိုနားထောင်၊ နေ့စဉ်ထုတ်သတင်းစာတွေ ဖတ်ပြီးသွားရင်လည်း မကျေလည်မှုတွေသာ တင်ကျန်ခဲ့၏။ စီးကရက်တွေ ပိုသောက်မိနေသည်။ ဘာသာရေးစာအုပ်တွေဘက် လှည့်ကြည့်တော့လည်း စိတ်ကို နှစ်ထားလို့မရ။ အလိုမကျခြင်း၊ သဘောမတူနိုင်ခြင်း၊ အရသာမတွေ့ခြင်း ...။ နောက်ဆုံးတော့ ထိုကဲ့သို့ပင် ခေါင်းစဉ်တပ်လိုက်ရပါသည်။

(၂)

ဘာမှ မထူးဆန်းပါဘူး။ ဘာမှ မသေချာပါဘူး။ ခပ်နွေးနွေးရှိနေသောရေနွေးကြမ်းကို အကုန်မော့သောက်လိုက်၏။ ဗိုက်ပြည့်နေသောကြောင့် 'ဟန်သစ်'မဂ္ဂဇင်းဟောင်းထဲက 'နေမျိုး'၏ ဝတ္ထုတိုများကို ရှာဖတ်နေမိသည်။ သူ့အစောပိုင်းဝတ္ထုတိုတွေက အနုပညာသမားတစ်ယောက်ရဲ့ ဆာလောင်မှုအသံတွေ သိပ်ပြည့်တာပဲ။ ဆယ်စုနှစ်

တစ်ခုကျော် ပတ်ဝန်းကျင်အသစ်မှာ ဘာအတွက်ကိုမှ မစဉ်းစားဘဲ ဖြတ်သန်းဖြစ်ခဲ့၏။ အိမ်ရှေ့ရှိ ဗာဓံပင်က အရွက်တွေ သိပ်ကြွေလွန်းသည်။ တကယ့်တကယ်တမ်းကျ ငါတို့လုပ်နိုင်ခဲ့တာဟာ ဘာမှမဟုတ်ပါဘူးကွာလို့ပြောတော့ မိတ်ဆွေဖြစ်သူက သိပ်သဘောမတူချင်။ ခွဲခွာရမှုတွေက ကျွန်တော်ရတာဆိုလို့ ကဗျာပဲရှိခဲ့၏။ အဲဒီကဗျာ အခု ကုန်သွားပြီ။ ဒီလူသားဘဝထဲက ကျွန်တော် ရချင်၊ ဖြစ်ချင်တာ တစ်ခုတည်းပါ။ လူပီပီသသဖြစ်ချင်တာ တစ်ခုတည်းပါ။ ကျွန်တော်တို့ နိုင်ငံတွင် ဒီလိုအိပ်မက်မျိုးမက်ရင်း ဘဝကူးပြောင်းသွားသူတွေ အတော်များများ ရှိလိမ့်မည်ထင်သည်။

နေ့စဉ်ထုတ်သတင်းစာတွေ အလုအယက်ထွက်လာကြတော့ ကျွန်တော် နှမျောတသစွာသတိရနေသူမှာ ဆရာကြီးလူထုစိန်ဝင်းဖြစ်၏။ ၃၉ လမ်း အောက်ဆုံးဘလောက်က စက္ကူပန်းပွင့်တွေဝေနေတဲ့ အိမ်အတက်လှေကားလေးဟာ အတက်အဆင်းခြေသံတွေကို ဆာလောင်နေတော့မှာပဲ။ ကိုကိုးကျွန်ပြန်ဆိုတဲ့ အသံတွေကလည်း ကျယ်ကျယ်လောင်လောင် ကြားနေရ၏။ 'အလံမလှဲစတမ်း'ပေါ့။ ခက်တာက အခု ကျွန်တော်တို့ ဘာအလံကိုကိုင်ရမယ်မှန်း မသိတော့တာပါ။ မီးခလုတ်ကို ထပိတ်လိုက်ရင်ကောင်းမလားဆိုတာ အိပ်ရာထဲမှနေ၍ ညစဉ်တွေးနေမိသော အတွေးဖြစ်၏။ ခွေးဟောင်သံကြား၍ မဟုတ်ပါ။ ဆီးသွားချင်သဖြင့် အိပ်ရာမှထလိုက်ခြင်း ဖြစ်ပါသည်။

(၃)

အခုလိုလေးလံနေပုံမျိုးကို ဘယ်လိုအရာနဲ့ လျှော့ချပစ်ရမလဲ။

မိန်းမ၊ သို့မဟုတ် မူးယစ်စေသောအရာတစ်ခုခု။ မသေချာမှု၏ ဖုန်းခေါ်သံများကို ကြားနေရ၏။ ဖွေးဖွေးလှုပ်အောင် ကျဆင်းနေသည့် ၁၉၉၂ ခုနှစ်၊ ဒီဇင်ဘာလ၏ဆောင်းနှင်းပွင့်တွေကို အဲဒီတုန်းကအတိုင်း ပြန်မြင်ချင်၊ တွေ့ချင်ပါသည်။ အဲဒီတုန်းက ကောင်မလေးတစ်ယောက်ကိုရောပေါ့။ မြစ်ရေတို့သည် စီးဆင်းသွားနေ၏။ အချိန်ကာလ၏ တိုက်စားမှုမှာ ဘယ်လိုအရာမှ အကောင်းအတိုင်း ပြန်လည်ဆယ်ယူ မရရှိနိုင်ပါ။ ခြတောင်ပို့ဆိုရင် ဖြိုပစ်လိုက်ရမှာပေါ့။ ချွင်းချက်နဲ့ မနက်ဖြန်တွေကိုစောင့်ကြည့်ဖို့ ခွေရုံသင်းပင်းတွေ၏ ခြားနားမှုဟာ ချွေးထွက်လွန်ပြီး ချွဲတွေဟပ်ထုတ်နေ၏။ ချုပ်ရိုးချုပ်သားကောင်းဖို့ ဘယ်အပ်ချုပ်ဆိုင်သွားအပ်ရမလဲ။ သမိုင်းဆိုတာ ကူးရေးတတ်ရင် ဖြစ်တယ်ဆိုတာတွေနဲ့ ရပ်ကွက်တစ်ခု၊ ဘတ်စ်ကားမှတ်တိုင်။ မိဘမေတ္တာက ဆိုင်တစ်ခုခုရဲ့နာမည်။ ချစ်ခြင်းမေတ္တာဟာ ခနောနဲ့ချက်ထားတာ ဆိုလား၊ ဘာဆိုလား။ ငိုချင်တဲ့စိတ်ကို ထိန်းထားလို့ရခဲ့တယ်။ ပျော်ရွှင်ခြင်းစိတ်ကူကို ချရေးကြည့်လို့ မရဘူး။ တံဆိပ်အမျိုးမျိုးနဲ့ ခပ်ညံ့ညံ့ ဝီစကီတွေ ပေါ်ခြင်းသောခြင်းထုတ်လုပ်ပေးနေတာကို ပျော်ရမလား။ လျှပ်စစ်မီးလာတာ အချိန်မှန်နေတဲ့အတွက် ပျော်ရမလား။ ဘတ်စ်ကားပေါ်မှာ ထိုင်စရာနေရာလည်းရ၊ ယာဉ်ကြောလည်းရှင်းလို့ အိမ်စောစောပြန်ရောက်တဲ့နေ့ဆိုရင် ပျော်ရမလား။ သမ္မတကြီးရဲ့ မိန့်ခွန်းတွေ နားထောင်ပြီး ပျော်ရမလား။ မပျော်ရတာကြာပြီဖြစ်၍ ကျွန်တော် ပျော်ကြည့်ချင်ပါသည်။

(၄)

ကမ္ဘာကြီးပေါ်တွင် သက်ရှိများ ရှင်သန်ရပ်တည်မှုအတွက် သစ်

ပင်များ၏ အရေးပါမှုကို လူသားတို့သိရှိကြသည်မှာ လူ့သက်တမ်းနှင့် နှိုင်းဆလျှင် ဘာမျှမကြာလှသေးဟု ထင်၏။ အများသဘောညီလျှင် 'ဤ'ကို 'ကျွဲ'ဟု ဖတ်နိုင်ကြသည်ဆိုပေမဲ့ 'ဤ'ဟာ 'ဤ'၊ 'ကျွဲ'ဟာ 'ကျွဲ'ပင် ဖြစ်ပါသည်။ အများစု၏သဘောထားကို လေးစားလိုက်နာရမည်ဆိုသကဲ့သို့ အနည်းစု၏သဘောထားကိုလည်း လုံးဝပစ်ပယ်လိုက်၍ မရစကောင်းပါ၊ အသိအမှတ်ပြုလေးစားအပ်ပါသည်။ ဒီမိုကရေစီဆိုသည်မှာ လွယ်လွယ်ကူကူနှိုက်ယူ၍ ရရှိနိုင်ကောင်းသော အမေ့၏ချွေးခံအိတ်လေး မဟုတ်ပါ။ မသိဘူးလေလို့ လွယ်လွယ်ကူကူလေးငြင်းပြီး ဒီကနေ့ကို ရှောင်ထွက်သွားမည်ဆိုပါက မနက်ဖြန်ကို သင်တွေ့ရှိနိုင်လိမ့်မည်မထင်ပါ။ ကြားနေရတဲ့ အသံတွေဟာ ပြောနေကျစကားတွေပဲဆိုလျှင် မကြားချင်တော့ပါ။ မှန်တိုင်းကခြွေလိုက်သည့် သစ်ရွက်လို နယ်မြို့လေးတစ်မြို့တွင် နေထိုင်ခဲ့ရစဉ်က နွေညမပြတ် ရေဒီယိုကို နားထောင်ဖြစ်ခဲ့သဖြင့် ကျွန်တော့်အိပ်ရာခေါင်းရင်း၌ အားကုန်သွားသော ဓာတ်ခဲတွေ အစီအရီတန်းပစ်လို့ ရှိနေခဲ့ပါသည့်အဖြစ်ကို ဒီကနေ့ ကျွန်တော်သတိရနေမိ၏။ ရာသီဥတု သာယာကောင်းမွန်သောနေ့တစ်နေ့တွင် ကြည်လင်တောက်ပသည့် ကောင်းကင်ပြာပြာကို စိတ်ချလက်ချ ငေးမောကြည့်ရင်း သက်သောင့်သက်သာ မင်းတို့နဲ့အတူရှိနေချင်ပါသည်။ ထိုနေ့သည် ဘယ်တော့လဲ။ မင်းတို့တွေကကော ဘယ်နေရာမှာလဲ ...။

*for you, march, 2014*

သဲဝှူး

## တဖွဲဖွဲရွာချ

"ရှေ့လူသွား နောက်လူလာ လောကဓမ္မတာထဲမှာ အဆက်မပြတ်လှည့်ပတ်နေတာက လောင်းရိပ်ကျနေတဲ့ သေဆုံးခန်းတွေပဲ"

"နှလုံးသားထဲ ငါးမျှားချိတ်တွေ ခဲထုပ်တွေတပ်ထားတဲ့ ဘောလုံးတစ်လုံး လှိမ့်ဝင်လာတယ်"

"ဒုက္ခရဲ့ အတိမ်အနက်ကို ထိစမ်းရင်း ကျလာမယ့်ဘေးဒုက္ခ မှန်သမျှ ရင်ဆိုင်ခံယူရန် အသင့်ပြင်ပြီး ဖြတ်လျှောက်"

"လှိုင်းထနေတဲ့ပင်လယ် ညှို့ပရိသတ်ကြားထဲ ဘယ်သူစွန့်ပစ်ခဲ့တာလဲ"

"ဝတ်လစ်စလစ်ဖြစ်လုနီးပါး ဆုတ်ဖြဲခံထားရတယ်၊ ရသမြောက် သွားသွားလာလာ လိပ်ခဲတင်းလင်း ငါတို့ရဲ့လက်သီးငယ်များ"

ရုတ်တရက် ...

နားမလည်နိုင်သော အဲဒီအော်သံတွေဟာ နှံ့အိုင်ထဲကလူသား

လို နေထိုင်အခြေချခဲ့ရတဲ့ ယနေ့ခံစားမှုတွေဆီကနေ ထွက်ပေါ်လာတယ်

[နေ့ရက်ပေါင်းများစွာ ကြာခဲ့ပြီ ... ကြာခဲ့ပါပြီ]

ကြီးပြင်းလာရာဒေသရဲ့ ရုပ်ပတ်ဝန်းကျင် သဘာဝမြင်ကွင်းနဲ့ လူနေမှုဘဝတို့အပေါ်မှာရော ...

''အစစ်အမှန်တရားအရ ရှင်သန်ခွင့်ရခဲ့ပါသလား''

''အနှစ်သာရဆီ ထိုးအပ်နိုင်ခဲ့တာက စတေးခံနေရတဲ့ ယုံကြည်မှုလား''

''တစ်ခါတစ်ရံ ဉာဏ်သက်ရောက်မှု အလှဲအမျိုးမျိုးပေါ် မှီတည်ပြီး ရပ်တည်နေထိုင်နေရပါသလား''

နောက်ဆုံးမှာ ...

အိုမင်းလာတဲ့ သံယောဇဉ်တရားဟာ စိုက်ခဲ့သောနေရာမှာပဲ ပြန်ခွေပတ်နေတယ် [မျက်ရည်တွေဝေ့လို့ ... မျက်ရည်တွေဝေ့လို့]

အစ်ကိုရေ ...

''*ချောင်းအောက်ခွင် ပင်လယ်ဝမှာ ဒီကြွပြီလေး*''တဲ့

မဗေဒါ ကျွန်မ

အတောင်ဖြူဖွေးတဲ့ ဗျိုင်းလို

ကမ်းစပ်ကိုကြည့် ကွင်းပြင်ကို စားကျက်ပြောင်းရတော့မှာလား

[ဒါဟာ ... ရုပ်ရှင်တစ်ကားရဲ့ ဇာတ်အဖွင့်နဲ့တူနေမယ့် ဆွေးမြည့်မှုရဲ့

အမြိုက်ရယ်ပါ..]

တံခါးတွေကိုဆွဲဖွင့်ပြီး ကောင်းကင်အမိုး ဖောက်ခွဲ ပျံသန်း ထွက်ခွာသွားချင်ပေမဲ့ စိမ်းညို့ကွေ့ကောက်သောမြစ်ပြင်ကို ဖြတ်သန်းတိုက်ခတ်လာတဲ့ "လေ"ကြောင့်

ပြန်မသွားနိုင်တော့တဲ့ စွန့်ခွာမှုတွေနဲ့

ကြေးနန်းတိုင်တွေကိုပဲ ငေးကြည့်နေမိတော့တယ် [အေးအေး စက်စက် ... တောင့်တောင့်ခဲခဲ]

လမ်းပေါ်မှာလား

ပုံသဏ္ဍာန်တွေထဲမှာလား ဒါမှမဟုတ်

အစာအိမ်တစ်ခုဆီမှာလား

[အရွေ့တွေကလည်း ရွေ့လို့ ... ရွေ့လို့]

ခေတ်ယန္တရားကျောင်းသားကတော့

ချည်တိုင်ငုတ်တို့ကို

နိုင်မြဲစွာစိုက်ပြီးပြီ

ဖြူဆံမြက်သစ်တို့ကို

ကောင်းစွာကျစ်ပြီးပြီ

ကြိုးသစ်တို့ကို နွားငယ်တို့သည်လည်း

မဖြတ်နိုင်ကုန်

ရှာလို့ရှာလော့ မိုးနတ်သား ... တဲ့

[အဲဒီမိုးရွာရင် ...

မိုးကြိုးသွားကျောက်နဲ့များ ပက်ပင်းတိုးလေမလား ...]

မြင်ကွင်းထဲ

ခန်းဆီးလိုက်ကာစတို့ နော့မြဲနဲ့မြဲ အလှူပ်သဘောကို ဆောင်

နေမြဲ

အော်သံတစ်ခုက ပျော့တွဲတွဲလည်ပင်းထဲမှာ
ရှက်လှှင့်သလို သွေးခုန်နေရဲ့ ...
"ကျွန်မ ပိုင်ဆိုင်ထားတာတွေဟာ လုယူခံလိုက်ရပြီ"
"ကျွန်မ ပိုင်ဆိုင်ထားတာတွေဟာ လုယူခံလိုက်ရပြီ"
"ကျွန်မ ပိုင်ဆိုင်ထားတာတွေဟာ လုယူခံလိုက်ရပြီ"
ပြီးတော့ ...
ယဖ်ပူဇော်မခံရမီ လှုပနေတဲ့ဆိတ်မတစ်ကောင် အတိုင်းပေါ့ ...
ဂဏှာမငြိမ်တဲ့ အိပ်မက်တွေကို မက်လို့ ...။

မေ ၂၂၊ ၂၀၁၁

## ဖြစ်နိုင်ခြေ၏နောက်ဆုံးနေ့အထိ

ဘီစီ ၅၀၀ မတိုင်မီလောက်က ဆေးပညာရှင်ဘုန်းကြီးတွေဟာ
ညွှန်းခြင်း ဓာတ်စာပေးခြင်း အပန်းဖြေစေခြင်း
နှိပ်နယ်ပေးခြင်း ဆေးဝါးပေးခြင်း
စသောနည်းတွေကို သူတို့ရဲ့ ရှေးရိုးနည်းများဖြစ်တဲ့
ဂါထာမန္တာန်ရွတ်ဆိုခြင်း ယဇ်ပူဇော်ခြင်းနည်းများဖြင့်
တွဲဖက်ကုသခဲ့ကြတယ်
ယင်းမှာ ခေတ်မီနည်းများကို ခေတ်မမီသောနည်းဖြင့်
တွဲဖက်သုံးခြင်းဖြစ်တယ်
ခေတ်မီအယူအဆရဲ့ အရိပ်အယောင်ကို တွေ့ရသော်လည်း
ရည်ရွယ်ချက်မှာ နတ်များရဲ့ နှောင့်ယှက်မှုမှ ကင်းလွတ်စေရန်
ဖြစ်သောကြောင့် တကယ်ခေတ်မီတယ်လို့ မဆိုနိုင်ဘူး
ဘယ်လိုပင်ဖြစ်စေ ပိုက်သာဂိုရပ်စ်ဟာ စိတ်ရောဂါအကြောင်းကို

ပထမဦးဆုံး သဘာဝကျကျ ရှင်းလင်းတင်ပြခဲ့သူဖြစ်တယ်
ပိုက်သာဂိုရပ်စ်က လူရဲ့ ဉာဏ်ရည်ဟာ ဦးနှောက်နဲ့ ဆက်သွယ်နေတယ်
အဲဒီလိုပဲ စိတ်ရောဂါဟာလည်း ဦးနှောက်ချွတ်ယွင်းဖောက်ပြန်မှုကြောင့်
ဖြစ်ရတယ်လို့ တင်ပြခဲ့တယ်
ဆေးပညာရဲ့ ဖခင်ကြီးလို့ အမည်တွင်ခဲ့တဲ့ ဟစ်ပိုခရတ္တိကလည်း
ဦးနှောက်ဖောက်ပြန်ချွတ်ယွင်းခြင်းက စိတ်ရောဂါရဲ့ အကြောင်းရင်း
ဖြစ်တယ်လို့ ယူဆခဲ့တယ်
အိပ်မက်တွေကို ခွဲခြားစိစစ်ခြင်းဟာ စိတ်ရောဂါရှင်ရဲ့
ကိုယ်ရည်ကိုယ်သွေးကို
နားလည်ရန်အတွက် အသုံးဝင်တဲ့ နည်းတစ်ခုဖြစ်တယ်လို့လည်း
ယူဆခဲ့တယ်
ဒဿနပညာရှင် ပလေတိုကလည်း စိတ်ရောဂါဟာ
တစ်စိတ်တစ်ဒေသအားဖြင့် စာရိတ္တနဲ့ သက်ဆိုင်တယ်
တစ်စိတ်တစ်ဒေသအားဖြင့် ရုပ်ဝတ္ထုနဲ့ သက်ဆိုင်တယ်
တစ်စိတ်တစ်ဒေသအားဖြင့် တန်ခိုးရှင်များနဲ့ သက်ဆိုင်တယ်လို့
ယူဆခဲ့တယ်
အရစ္စတိုတယ်ကတော့ စိတ်ရောဂါဟာ ဇီဝကမ္မ [physiology]
အခြေခံကြောင့် ဖြစ်တယ်ဆိုတဲ့ ဟစ်ပိုခရတ္တိရဲ့ အယူအဆကို
လက်ခံခဲ့တယ်
ဒါပေမဲ့
သူမဟာ အရင်လို မဟုတ်တော့ဘူး
နွေးကွေးလေးလံ ထုံထိုင်းမှိုင်းစွာ ...

တစ်ခါတစ်ရံမှာ
လက်ဖက်ရည်ပါဆယ်ထုပ်ကလေး လက်ကဆွဲလို့
တစ်ခါတစ်ရံမှာ
လက်ဖက်ရည်ပါဆယ်ထုပ်ကလေး လက်ကဆွဲလို့
တစ်ခါတစ်ရံမှာ
လက်ဖက်ရည်ပါဆယ်ထုပ်ကလေး လက်ကဆွဲလို့
[နှေးကွေးလေးလံထုံထိုင်းစွာ ...] ၃
သိကျွမ်းခဲ့ရသော
သိမြင်ခဲ့ရသော သူမရဲ့ ပညာရေး
သူမရဲ့ မိသားစုအတွင်း ကြီးပြင်းမှု
သူမရဲ့ အနုပညာ
သူမရဲ့ အရင်းခံစိတ်ထား စွမ်းအားများကို
ပြန်လည်မြင်ယောင်နေမိတော့တယ်
ဒါပေမဲ့
သူမဟာ အရင်လို မဟုတ်တော့ဘူး
[ဘာကြောင့်လဲ ...] ၃
တစ်ရွာကိုကျော် တစ်ခေါ်လောက်စခန်း
မဗေဒါဆန်တဲ့ချောင်း ကျောင်းနဲ့ နတ်လမ်း
နတ်လမ်းကိုကျော် တစ်ခေါ်လောက်စခန်း
မဗေဒါယာဘက်ဘေး တဲလေးအိမ်တန်း
လေးအိမ်ကျော်ကို တစ်ခေါ်လောက်စခန်း
မဗေဒါမယ့်လက်ဝဲ ကျွဲစားကျက်တန်း

စားကျက်ကိုကျော် တစ်ခေါ်လောက်စခန်း
မဖေဒါဝဲယာလိုက် တောဇျိုက်ဖြူတန်း
ဇျိုက်တောကိုကျော် တစ်ခေါ်လောက်စခန်း
မဖေဒါပတ်ချာဝိုင်း ကိုင်းမြက်ရှည်တန်း
[ဒီလို ... ဒီလိုတွေ ဖြတ်သန်းလာခဲ့ပြီးကာမှ ...]
မြစ်တန်းမှာ လေကြမ်းဆင်ပြီလား
လှိုင်းကဘောင်ဘင် လေမုန်တိုင်းရယ် ထန်လေပြီလား
ဒါမှမဟုတ်
မြစ်ရိုးမှာ မိုးသက်ဆင်လို့လား
လျှပ်ကြိုးပျံ့ မိုးသံထစ် မိုးစစ်ဘုရင်
မိုးညစ်လို့ပဲ မြစ်ကိုမမြင်ရော့ပြီလား
ဟော ... ပြောရင်းဆိုရင်းနဲ့ပဲ
[တက်ပြန်ပေါ့ဒီ မည်ပြန်ပေါ့ရေရိုင်း
အောက်တစ်ခွင် ပင်လယ်ဝမှာ ဝဲထလို့ဝိုင်း]
မထပါနဲ့
မထပါနဲ့
အောက်တစ်ခွင် ပင်လယ်ဝမှာ မထပါနဲ့ ...
ဟေး ...
ဟေး ...
ဘုတ်မက ချိုချင်ချို
ဇျိုင်းညိုက အောက်ချင်အောက်
အုန်းညီနောင် စောင်းချင်စောင်း

ချောင်းကောက်ချင်ကောက်
မပေဒါရယ်
ချောင်းတစ်ခွင် အဝင်ဝမှာ ပြခဲ့ပါပြီး "အား"တွေရယ်
ပြခဲ့ပါပြီး ...
ဒါပေမဲ့ ... ဒါပေမဲ့
သူမဟာ အရင်လို မဟုတ်တော့ဘူး
[နှေးကွေးလေးလံထုံထိုင်းစွာ ...] ၃
တစ်ခါတစ်ရံမှာ ...
တစ်ခါတစ်ရံမှာ ...
တစ်ခါတစ်ရံမှာ ...။

မေ ၂၂. ၂၀၁၁

## အာကာသထဲက မှတ်စု

"ကျွန်မလုပ်ချင်တာက ဘာအကြောင်းမှမဟုတ်တဲ့ စာအုပ်တစ်အုပ် ရေးချင်တယ် ... စာအုပ်ပြင်ပက ဘာအကြောင်းနဲ့မှ မဆက်စပ် မပတ်သက်တဲ့ စာအုပ်တစ်အုပ် ... သူ့ရေးဟန် အတွင်းအားနဲ့ သူ့ဘာသာရပ်တည်နိုင်တဲ့ စာအုပ်တစ်အုပ် ... ကမ္ဘာမြေဟာ အာကာသဟင်းလင်းပြင်ထဲမှာ ဘာအခုအခံမှမရှိ သူ့ဘာသာ ရပ်တည်နေသလိုပေါ့ ... အကြောင်းအရာရယ်လို့ မည်မည်ရရ ပြောစရာမရှိတဲ့ စာအုပ်တစ်အုပ် ... ဘယ်လိုပဲဖြစ်ဖြစ် အဓိပ္ပာယ်ကောက်ယူစရာ မပါတဲ့ စာအုပ်တစ်အုပ် ... ဖြစ်နိုင်ရင် ရေးချင်တယ် ..."

မပေဒါ ...
ဟေး ... မပေဒါ
ရွာလမ်းစဉ်
စုန်ဆန်ရာပေဒါလမ်းက ပန်းတို့အသိပါ ... ပန်းတို့အသိပါ
မပေဒါရယ် ...။

*မေ ၂၂၊ ၂၀၁၁*

မောင်ဖုန်းမြင့်

# ဓနသီဟ

ချမ်းသာခြင်းဟာ ခြသေ့ လို ဟိန်းဟောက်တယ်။ ငွေရှာခြင်း အတတ်ပညာဟာ ကျန်းမာသန်စွမ်းတဲ့ လိုင်ယွန်းတစ်ကောင်နဲ့ နပန်းလုံးနေရသလိုပဲ။ ပိုက်ဆံကလွဲပြီး ဘာမှမရှိတာနဲ့ အဘိဓမ္မာရှိပြီး ခြူးတစ်ပြားမှ မရှိတာဟာ ထူးမခြားနားပတ်ပျိုးနဲ့ မိုးမျှော်နေရသလို + = – နဲ့ အပေါင်းညီမျှခြင်း အနုတ်၊ အနုတ်ညီမျှခြင်း အရှုပ်ထုပ်ရဲ့ Plus Equal Minus ပဲ။ ငါ့ဘဝရဲ့ အဓိပတိဟာ ၂၀၀ ကျပ်တန်လိုင်းကား။ ငါ့အနုပညာရဲ့ ပါရမီဟာ ၂၀၀ ကျပ်တန်လိုင်းကား။ ငါတို့မျှော်နေရတဲ့ ရွှေညီ့သည် ငွေညီ့သည်ဆိုတာကလည်း ၂၀၀ ကျပ်တန်လိုင်းကားပဲ။ ယိုယွင်းလာနေတဲ့ စိတ်ကျန်းမာရေးအရ အီးစီဂျီမလို၊ စိတ်စကင်ဖတ်စရာ မလို။ ဂိတ်ဆုံးမယ့်မှတ်တိုင်ဟာ ယခင်တံတားလေး၊ ယခု ရွာသာကြီး။ ပလိုင်းပေါက်နဲ့ ဖားကောက်တယ် ပြောရအောင်ကလည်း ဖားနဲ့တူတာဆိုလို့ မျက်လုံးပြူးပြူး ပုရစ်တောင် မတွေ့ဖူး

ဘူး။ အောင်မြင်မှု၊ ချမ်းသာသုခနဲ့ မနုဿစွာဟာ ငါတို့နဲ့ အလှမ်းကွာတဲ့ တက်ကျမ်းကြော်ငြာဖြစ်ပြီး။ အေဗရာဟင်မိုဗစ်ဟာ ဘောလုံးအသင်းထောင်ချင်တဲ့ရောဂါ ရနေသလို ငါတို့ဟာလည်း အချိန်တန်ရင် ဂျက်ဒန်နီယယ်လို၊ ဂျေအန်ဘီလို၊ စကော့ဝီစကီနဲ့မှ သွေးနှေးချင်ခဲ့ပြီး။ ပဲရစ်ဟီလ်တန်နဲ့ အိပ်မက်ထဲမှာ ပွားမယ်၊ လေဒီဂါဂါနားထောင်ပြီး ငြိမ့်ချင်နေတဲ့ ရောဂါသည်တွေဖြစ်တယ်။ အခုလောလောဆယ်မှာ အရင်းကျမ်းဖတ်တယ်။ ကိုယ့်ထက်သာရင် မနှုရှင်ဘူဖွာ ဖောက်ပြန်ရေးသမားလို့ စွပ်စွဲမယ်။ ပစ္စည်းမဲ့ချင်သလိုလို၊ တော်လှန်ချင်သလိုလိုနဲ့ အာခေါင်ခြောက်လာရင် မနုဿဟာတံဆိပ် ရေသန့်ဘူး ဖောက်သောက်မယ်၊ မနုဿဟာတံဆိပ် မြေပဲလှော်ဝါးမယ်၊ မနုဿဟာတံဆိပ် အဝေးပြေးကားကို စီးမယ်၊ အခါကြီးရက်ကြီး သင်္ကန်းစည်းဖြစ်ရင်တောင်မှ မနုဿဟာသင်္ကန်းတိုက်က သင်္ကန်းနဲ့မှ ဖြစ်မယ်ဆိုတာလို . . .။ အိုဘယ့် . . . ဘယ့် . . . အို ဘယ့် မနုဿဟာ . . .။

## ဘယ်သူဘာပြောပြော ကိုယ့်အထာနဲ့ကိုယ်ကတော့ ရော့ခ်ကာပဲ

ဆံပင်ကိုနောက်က စည်းထားရလောက်အောင်လည်း မရှည်သေးဘူး။ ခေါင်းလောင်းရေချိုးပြီး ခြောက်အောင်မသုတ်ဘဲ ဖွလန်ကြဲထားလိုက်တယ်။ လူပျိုပေါက်တုန်းကဝတ်ခဲ့တဲ့ မတော်တရော် တီရှပ်တွေ လိုက်ရှာတယ်။ အနက်ရောင်မှ ဖြစ်မှာ။ ဘောင်းဘီကျပ်ကျပ်တွေ လိုက်ရှာတယ်။ ခါးမတော်တော့ရင်လည်း အရေးမကြီး။ အရေးထဲ မနေ့ကမှ အရောင်တင် ဖုန်သုတ်ထားတဲ့ အရှိုးခေါင်းခါးပတ် ဘယ်နားထားမိမှန်း မသိ။ အရင်ပုံစံ ကန်းထရီးဘုတ်တွေ မရှိတော့ဘူး။ ကြို ရာဖိနပ် ကောက်စွပ်လိုက်မှ။ ကြိုးအသစ်တွေ လဲထားတဲ့ ဂစ်တာအသံသိပ်မညက်လည်း ကိစ္စမရှိ။ ပြင်လို့ဆင်လို့ပြီးမှ ဆွဲကြိုးကြီးကြီး အပြင်ဘက်ထုတ်ဆွဲဖို့ သတိရ။ ပိစ်တံဆိပ်မှ ရှိသေးရဲ့လား။ ဂစ်တာကို ဖလက်တံကကိုင်ပြီး အိမ်ရှေ့ခန်းဖြတ်တော့ ကိုရီးယားကားကြည့်နေတဲ့ အမေက 'မျက်စိစပါးမွေးစူးလိုက်တာ' ဘယ်လိုကောင်လဲ

ဆိုတဲ့ပုံစံမျိုးနဲ့ မျက်ထောင့်လှန်ကြည့်တယ်။ လမ်းထဲက ထမင်းကျန်၊ ဟင်းကျန် ကျွေးနေကျ ခွေး သုံးလေးကောင် အလန့်တကြား ရူးရူး ဝါးဝါး ထိုးဟောင်တယ်။ မျက်နှာချင်းဆိုင်ကလာနေတဲ့ ရပ်ကွက်လူကြီး မမြင်ချင်ယောင်ဆောင်သွားပြီး ကွမ်းတံတွေး ဗျစ်ခနဲထွေးလိုက်ရင်း စုတ်သပ်သံ ကြားလိုက်တယ်။ ၃ ခန်းကျော်က အပျိုကြီးဟာ အခန်းတံခါးကို ဝုန်းခနဲ ဆောင့်ပိတ်လိုက်ပြီး တူမတွေကို အကြောင်းမဲ့ ဆူပူအော်ဟစ်နေတယ်။ အစွန်ဆုံးအိမ်က နိုက်ကလပ်မှာအလုပ်ဆင်းတဲ့ မော်ဒယ်မှူတက်မလေး ကားကြုံစောင့်ရင်း ဟုတ်မှဟုတ်ရဲ့လားအကြည့်နဲ့ ကြည့်တယ်။ အသုပ်ဆိုင်မှာ နှုတ်ခမ်းနီပျက်အောင် ပလုတ်ပလောင်းဝါးနေတဲ့ စပီကင်သင်တန်းသူတွေ တခွီခွီရယ်ရင်း တခွီးခွီးနဲ့ ဟင်းရည်သီးကုန်ကြတယ်။ လက်ဖက်ရည်ဆိုင်ထဲက ပရီးမီးယားကျွမ်းကျင်သူတချို့ 'ဂိုး'လို့ မအော်နိုင်ပဲ ပါးစပ်ကြီးတွေ ဟောင်းလောင်းဖွင့် လိုက်ကြည့်ရင်း ပြိုင်တူခေါင်းခါလိုက်ကြတယ်။ ဆိုက်ကားဂိတ်က ကျားပွဲ ငြင်းနေကြတဲ့ကောင်တွေ ချက်ချင်းဆိုသလို အသံတွေတိတ်ကုန်ပြီး၊ နားထင်ကို လက်ညှိုးထောက် ခါပြလိုက်ကြတယ်။ ဆံပင်ညှပ်ဆရာကြီး ကတ်ကြေးသံ ရပ်သွားပြီး မျက်လုံးကြီးပြူးထွက်လာတယ်။ ကိုယ်ကတော့ ကိုယ့်အထာနဲ့ကိုယ် ဘာကိုမှ ဂရုမစိုက်၊ ရထားလမ်းနားက ရေမြောင်းကို ခုန်ကျော်လိုက်တယ်။ ဇလီဖားတုံးပေါ် ခေါက်တုံ့ခေါက်ပြန်လျှောက်၊ ဂစ်ကို တဗျန်းဗျန်းခေါက်ရင်း လေချွန်လိုက်တယ်။ ခြေသလုံးတောင့်လာတော့မှ သံလမ်းပေါ်ခြေတစ်ဖက်တင်၊ ဂစ်ကို မြေကြီးပေါ်ထောက်ရင်း အိုက်တင်အမျိုးမျိုးလုပ်ကြည့်မိ။ မောလာတော့မှ သံလမ်းဘေး အုတ်ပေါင်ပေါ် ခြေပစ်

လက်ပစ်ထိုင်၊ နှင်းဆီ လေးငါးခြောက်လိပ်ကုန်အောင် ကောက်ဖွာလိုက်တယ်။ ဩော် ... မေ့လို့၊ ဂစ်ခေါက်တယ်ဆိုတာလည်း ဒေါင်ဒင်ဒေါင်ဒင် တီးတတ်ရုံ ကော့ဒ် ၂ ခုထက်မပို၊ သီချင်းညည်းတတ်တယ်ဆိုတာလည်း 'အကြီးတစ်လုံး အသေးတစ်လုံး' ထက်မပို။ ငါးဆယ်ကျော်မှ ဘဝမှာနေပျော်မလားလို့ ရော့ခ်ကာလုပ်တန်း ဆော့မိတော့လည်း ကိုယ့်အထာနဲ့ကိုယ်ကတော့ ရော့ခ်ကာပဲ နည်းနည်းလေးမှ မလျှော့လို့။

□

နန္ဒကြယ်စင်

## ကျွန်တော့်ကြောင့်မဟုတ်ပါ

ဒီနေ့တစ်နေ့လည်း ခါတိုင်းနေ့တွေလို အဓိပ္ပာယ်မဲ့စွာ ကုန်ဆုံးသွားပြန်ပြီလို့ ကျွန်တော်ပြောရင် ခင်ဗျားတို့ ကျွန်တော်တို့လို သာမန်ညောင်ညတွေ မှန်တယ်လို့ယူဆနိုင်ပေမဲ့ တချို့သူတွေအတွက် မှားယွင်းနေလိမ့်မယ်ဆိုတာ ကျွန်တော်မပြောလည်း ခင်ဗျားတို့သိမှာပါလို့ ယူဆတာကြောင့် ကျွန်တော် မပြောတော့တာကို ခင်ဗျား နားလည်ပေးနိုင်လိမ့်မယ်လို့ ထင်ပါတယ်လို့ ကျွန်တော်ပြောရင် ခင်ဗျား နားလည်ခြင်း နားမလည်ခြင်းက ကျွန်တော့်ကြောင့် မဟုတ်ပါ။ မနက်ဖြန်ပေါင်းများစွာကို မျှော်တလင့်လင့် စောင့်စားနေကြတဲ့ တိရစ္ဆာန်ရုံထဲမှာ ကျားနာတွေကို အမဲရိုးလေးနဲ့ ချွေးသိပ်ခဲ့လို့ ဘဝကြီးကို ကျေနပ်သွားကြတာ ကျွန်တော့်ကြောင့် မဟုတ်ပါဘူးဆိုခြင်းက ကျွန်တော်ဟာ အစကတည်းက တိရစ္ဆာန်ရုံက ဝန်ထမ်းတစ်ယောက် မဟုတ်ခဲ့ခြင်းကြောင့် ဖြစ်သည်ဆိုသော်လည်း ကေန်စင်စစ် ဒါတွေအားလုံး

ကို ကျွန်တော်က မရွေးချယ်ခဲ့ပါဘဲ သူ့အလိုကျ ဖြစ်တည်နေတာတွေက ကျွန်တော့်ကြောင့် မဟုတ်ပါ။ ကျွန်တော် လူ့လောကအလယ်ရောက်ခါစ ၂ ခါလည်သားအရွယ်မှာ ကျွန်တော့်အဖေနဲ့အမေ ဒိုင်ဗို့စ်ဖြစ်သွားခြင်းက ကျွန်တော့်ကြောင့် မဟုတ်ပါဟု ယူဆရသော်လည်း ကျွန်တော်မွေးပြီးနောက်မှ ဖြစ်လာရခြင်းအတွက် ကျွန်တော်ကြောင့်ဖြစ်သည်ဟု အမနာပပြောဆိုနေကြသော အသိုင်းအဝိုင်းများကို ရွံ့ရှာစက်ဆုပ်နေမိခြင်းကလည်း ကျွန်တော့်ကြောင့် မဟုတ်သလို ကျွန်တော့်ရဲ့ လူ့ဘဝကြီးကို သစ္စာခါးခါးဖြင့် စတင်ခဲ့ရခြင်းကလည်း ကျွန်တော့်ကြောင့် မဟုတ်ပါ။

အားနက်စ်ဟဲမင်းဝေး၏ တံငါသည်အဘိုးကြီး ဆန်တီယာဂိုငါးကြီးတစ်ကောင်ရခဲ့ပြီးမှ ဆုံးရှုံးခဲ့ရခြင်းသည် ကျွန်တော့်ကြောင့်မဟုတ်သလို ကျွန်တော့်သမီးငယ် သိပ်ကြောက်သော လမ်းထိပ်ကဆိုက်ကားဆရာအဘိုးကြီး ဦးဆန်းဦး ပဲပြုတ်သည်မလေးနှင့် မြာပွေနေခြင်းကလည်း ကျွန်တော်ကြောင့် မဟုတ်ပါ။ ဟဲရိယက်ဘီးချာစတိုး၏ အန်ကယ်တွမ်က အီဗာမည်သော လူဖြူမိန်းကလေး မြစ်ထဲကျသွားခြင်းကို အဖြူအမည်း မခွဲခြားဘဲ ကယ်တင်ခဲ့ခြင်းက ကျွန်တော့်ကြောင့် မဟုတ်သလို မန္တလေးမှ အိမ်ကြီးရှင်အဖွားကြီးက အိမ်အကူမလေးကို လူသားမဆန်စွာ ရိုက်ပုတ်နှိပ်စက်ခဲ့ခြင်းကလည်း ကျွန်တော့်ကြောင့် မဟုတ်ပါ။ ကလေးကဗျာဆိုလျှင် တိုတိုတုတ်တုတ်မှပြောတတ်ရေးတတ်သော ကဗျာဆရာကိုရွှေတို့များ၏ ဦးခေါင်းထဲတွင် မှိုတက်နေသော အိုင်ဒီယော်လော်ဂျီအဟောင်းများ မင်းမူနေခြင်းကလည်း ကျွန်တော့်ကြောင့် မဟုတ်သလို ကလေးများအတွက် ကဗျာ

ရှည်ကြီးများ ရေးသားသွားသော စွယ်စုံရအနုပညာရှင် စစ်စစ်ဖြစ်သည့် ရှယ်လ်ဆေးဗားစတိန်းကို ကဗျာဆရာကိုရွှေတို့များ မသိရှိကြခြင်းကလည်း ကျွန်တော့်ကြောင့် မဟုတ်ပါ။ ဂရိဒဏ္ဍာရီပုံပြင်ထဲက ပရိုမီးသီးယက်စ်က လူသားတို့အတွက် မီးကို ခိုးယူပေးခဲ့ခြင်းမှာ ကျွန်တော့်ကြောင့်မဟုတ်သလို ကမ္ဘာပေါ်တွင် ပေါ့ဆမီးများ အချိန်နှင့်အမျှ လောင်ကျွမ်းနေခြင်းက ပရိုမီးသီးယက်စ်ကြောင့်ဟု မဆင်မခြင် စွပ်စွဲနေမှုများသည်လည်း ကျွန်တော့်ကြောင့် မဟုတ်ပါ။ ဆရာ ဇော်ဇော်အောင်၏ မိုးတိမ်အမှတ် ၉၃ တွင် အမှတ် ၉၃ မိုးတိမ် ပျောက်ကွယ်နေခြင်းက ကျွန်တော့်ကြောင့် မဟုတ်သလို ဆရာသစ္စာနီ၏ ပန်းသီးတစ်လုံး ပြာဖြစ်သွားခြင်းကလည်း ကျွန်တော့်ကြောင့် မဟုတ်ပါ။

သူများထံက ပန်းချီးကားတစ်ချပ်ကို လက်ဆောင်အဖြစ်တောင်းယူပြီး မိမိနာမည်ရေးထိုးကာ မဂ္ဂဇင်းတိုက်သို့ပို့ရဲသော အနုပညာသူခိုး၏လုပ်ရပ်က ကျွန်တော့်ကြောင့် မဟုတ်သလို ငွေကျပ်နှစ်သောင်းကြောင့် သူငယ်ချင်းအရင်းကြီးကို ဓားဖြင့်ထိုးသတ်ခဲ့သည့် လူယောင်ဆောင်သောသူခိုး၏ မိုက်မဲမှုကလည်း ကျွန်တော့်ကြောင့် မဟုတ်ပါ။ ကမ္ဘာ့အရှေ့အလယ်ပိုင်းနိုင်ငံများမှ လူသားများ အရဏ်ဖူးသစ် လင်းသွားခြင်းသည် ကျွန်တော့်ကြောင့် မဟုတ်သလို အာဏာရှင်ကဒါဖီကို နေတိုးတပ်များ ဝင်ရောက်ကြဲချနေခြင်းကလည်း ကျွန်တော့်ကြောင့် မဟုတ်ပါ။ အမေရိကန်၏ ပထမဆုံးလူမည်းသမ္မတ အိုဘားမား နောက်ထပ်တစ်ကြိမ် သမ္မတသက်တမ်းအတွက် ဝင်ရောက်အရွေးခံမည်ဆိုခြင်းက ကျွန်တော့်ကြောင့် မဟုတ်သလို ကျွန်

တော့်မိန်းမက ကျွန်တော့်ကို နောက်ထပ်တစ်ကြိမ် အိမ်ပြန်နောက်မကျ ရန် သတိပေးခြင်းကလည်း ကျွန်တော့်ကြောင့် မဟုတ်ပါ။ စင်ကာပူ နိုင်ငံတွင် ခြင်တစ်ကောင်တစ်မြီးမှ မရှိခြင်းသည် ကျွန်တော့်ကြောင့် မဟုတ်သလို ကျွန်တော့်အိမ်ဘေးက ၉ နှစ်အရွယ် ကလေးတစ်ယောက် သွေးလွန်တုပ်ကွေးဖြစ်၍ ဆေးရုံတက်ရခြင်းကလည်း ကျွန်တော့် ကြောင့် မဟုတ်ပါ။ တစ်နေ့တခြား ကမ္ဘာကြီး ပိုမိုပူနွေးလာခြင်းက ကျွန်တော့် ကြောင့် မဟုတ်သလို ကမ္ဘာသစ်တောဟက်တာများ နေ့စဉ်ဆုံးရှုံး နေခြင်းကလည်း ကျွန်တော့်ကြောင့် မဟုတ်ပါ။ အစိမ်းရောင်ကို ချစ်မြတ်နိုးသူများ သစ်ပင်စိုက်ပျိုးကြခြင်းသည် ကျွန်တော့်ကြောင့် မဟုတ်သလို လူများ၏ အိပ်ကပ်များ ဖောင်းဖောင်းလာခြင်းကလည်း ကျွန်တော့်ကြောင့် မဟုတ်ပါ။ ကျေးဖူးကို အမေ့ခံတတ်သူများ အိတ် ဖောင်း၍ စိတ်ပြောင်းသွားပြီး အိမ်ပါပြောင်းသွားကြခြင်းသည် ကျွန် တော့်ကြောင့် မဟုတ်သလို ကျွန်တော့်မွေးသမိခင်၏ကျေးဇူးကို မသိ တတ်သလို ဖြစ်ရခြင်းကလည်း ကျွန်တော့်ကြောင့် မဟုတ်ပါ။

စာအုပ်များ ဈေးကြီးခြင်းက ကျွန်တော့်ကြောင့် မဟုတ်ပါ။ တစ်ချိန်က ကျွန်တော့်ချစ်သူ .................... ကျွန်တော့် ကြောင့် မဟုတ်ပါ။ ရောဝတီ ........................... ကျွန်တော့်ကြောင့် မဟုတ်ပါ။ လျှပ်စစ်မီး .................... .. ကျွန်တော့်ကြောင့် မဟုတ်ပါ။ ငြိမ်းတု၊ ကျောက်စိမ်း၊ အင်တာနက် ................ မဟုတ်ပါ။ ၅ သိန်းဖုန်း၊ ကားလမ်း၊ အင်းသီး၊ နာဂစ်၊ ဂီရိ၊ တာလေ ............ မဟုတ်ပါ။ တရုတ်၊ အိန္ဒိယ၊ ကိုရီးယား၊ အတု၊ အစစ်၊ ဂလိုဘယ်လိုက်ဇေးရှင်း၊ ယဉ်ကျေးမှု၊

လူ့ကျင့်ဝတ်၊ အမှန်တရား ................... မဟုတ်ပါ။ မဟုတ်ပါ။ မဟုတ်ပါ။ အားလုံး ကျွန်တော့်ကြောင့် မဟုတ်ပါ။ ဘယ်အရာမှ ကျွန်တော့်ကြောင့် မဟုတ်ပါ။

ကျွန်တော်မွေးဖွားခဲ့ခြင်းကပင်လျှင် ကျွန်တော့်ကြောင့် မဟုတ်ပါ။

# အသစ်ကြိုက်ကြသူများ

ဒီနေ့မနက် ဘုရားစင်တွင် ဘုရားပန်းအသစ်ကပ်ထားသည်။ ကျွန်တော့်ဖနိုးကတော့ အသစ်မဟုတ်ပါ။ ခင်ဗျားရော သွားအသစ်ပေါက်ပြီလား။ ကျွန်တော်ကတော့ ဒီနေ့ ဘုရားစင်ရှေ့တွင် စိတ်အဟောင်းကို ချွတ်ချခဲ့သည်။ ပျော်စရာ မကောင်းပေဘူးလား။ စိတ်သစ်၊ လူသစ် မဟုတ်ပါ။ လူအဟောင်းနှင့် စိတ်အသစ်ဖြစ်သည်။ ဘတ်စ်ကားအဟောင်းပေါ်တွင် စပယ်ယာက ၂၀၀ တန်အသစ်တစ်ရွက် ပြန်အမ်းလိုက်သည်။ ကံအသစ် ကောင်းလာခြင်းလို့ မယူဆပါ။ ၂၀၀ တန်အသစ်မမြင်ဖူးသည့် သမီးကို ပြန်ပြမယ်လို့ အတွေးသစ် ဝင်လာသည်။ မောင်သစ်မင်းဆုံးသွားတာကိုတော့ စိတ်မကောင်းပါ။ အဆိုတော်အသစ်တွေ အများကြီးပေါ်လာတာကို ကြိုဆိုကြ၏။ စာအသစ်ရေးသူတွေကိုရော ဘာကြောင့်နေရာ သိပ်မပေးချင်ကြသလဲ။ သူတို့ပိုင်ဆိုင်ထားသည့် နေရာဟောင်း ပျောက်ဆုံးသွားမည် စိုးသောကြောင့်လား မသိပါ။ ဆိုက်ကားဆရာ ကိုကျော်ကြီးတို့မိသားစု ကျူးကျော်

တဲအသစ်တွင် ပြောင်းရွှေ့နေထိုင်ကြသည်။

လူတွေက အသစ်အသစ်တွေကို ကြိုက်ကြသည်။ ကျွန်တော် လည်း အသစ်ကြိုက်သည်။ အသစ်ကြိုက်သူမိတ်ဆွေများကို လှမ်းခေါ် ကြည့်သည်။ ဆရာသစ္စာနီ (ခေါ်သာခေါ်ရသည်။ သူက ခေါ်သံကို မကြိုက် ကြောင်း သူ့ဝတ္ထုသစ်တစ်ပုဒ်ထဲတွင် ဖတ်ဖူးသည်)၊ ကိုမင်းထက်မောင် (အသစ်ကို အကျိုးမပြုသော အဟောင်းကိုအလိုမရှိဟု ပြတ်ပြတ်သား သား ဖွင့်ဆိုခဲ့သူ)၊ ဆရာမောင်လင်းရိပ် (တကယ်သစ်တဲ့ အသစ်တွေကို မျှော်လင့်နေသူ)၊ ကိုနိုင်သစ်နီ (နာမည်ကအစ သစ်ပါမှကြိုက်သူ)၊ ...၊ ...၊ ...၊ မကုန်သေး ပါ။ အားလုံး (အားလုံး) အသစ်ကြိုက်ကြသည်။ မိန်းမအသစ်တွေကိုတော့ မကြိုက်ကြကြောင်း ကျွန်တော်သိပါသည်။ အရက်အသစ်ဆိုရင်တော့ ကိုမိုးဦးဆွေညိန်းကို အရင် တေ့စ်လုပ်ခိုင်း လိုက်ပါ။ သူက ကဗျာစာအုပ်အသစ်များ ထုတ်လုပ်နိုင်ရန် နိုင်ငံရေး အတွေ့အကြုံများ စုဆောင်းနေသူဖြစ်သည်။ ကိုကျော်ကြီးက အဖြူ အသစ်တစ်ခွက်ငှဲ့ပြီး ခပ်မြန်မြန် မျိုချလိုက်သည်။ အချစ်သစ်ကို ရှာ လျှင် အချစ်ဟောင်းနှင့် ကွန်ထရာဖြစ်နိုင်သည်ဟူသော အယူအဆကို ကဗျာဆရာအသစ်တစ်ယောက်က ပြင်းပြင်းထန်ထန် ကန့်ကွက်လေ သည်။

အဟောင်းနှင့်အသစ်ကို အိုင်းစတိုင်းက ရေလေတစ်ဗိတီနှင့် ဆက်စပ်ခဲ့သည်။ အသစ်သည် အဟောင်း၏ အီဗော်လူးရှင်းလား။ အဟောင်းရှိမှ အသစ်ရှိမှာလား။ အသစ်သီးသန့် မရှိဘူးလား။ အမေ ရိကန်အဆိုတော် စတင်ဗင်တိုင်လာ၏ အမ်တီဗွီအသစ်ကြည့်ရသည်။ ဆိုက်ကားဆရာ ကိုကျော်ကြီးက ရေဒီယိုအဟောင်းလေးအတွက်

ဓာတ်ခဲအသစ်တစ်စုံ ဝယ်လာသည်။ ကိုယ်က အသစ်ကြိုက်တယ်ကွ လို့ဆိုသူ ကဗျာဆရာတစ်ယောက်၏ ဦးခေါင်းပေါ်တွင် အိုင်ဒီယော် လော်ဂျီအဟောင်းတချို့ ခိုနားနေကြသည်။ မိန်းမအသစ်တောင် ရရင် လိုချင်လိုက်သေးသတဲ့၊ ကိုယ်ကတော့ အသစ်အသစ်ဖြစ်နေကြပြီး ကလေးတွေကိုတော့ အဟောင်းသံသရာထဲမှာ အမှောင်ချထားချင်တဲ့ ကိုရွှေကဗျာဆရာတွေကို နားလည်နိုင်တဲ့ အိုင်ဒီယော်လော်ဂျီအသစ် ကျွန်တော့်တွင် မရှိသေးပါ။ အားလုံး (အားလုံး) အသစ်ကြိုက်ကြသည်။ အားလုံးကအသစ်ကို တကယ်ကြိုက်သူများ ဖြစ်သည်။ (အားလုံး) ကတော့ သူများသစ်လို့ လိုက်သစ်ကြသူများ ဖြစ်သည်။

နည်းပညာအသစ်များ နေ့စဉ်ထွက်ပေါ်နေသည်။ ကမ္ဘာကျော် ပန်းသီးကုမ္ပဏီက ပန်းသီးကျောက်သင်ပုန်းအသစ် နံပါတ် ၂ ကို ထုတ်လုပ်သည်။ တရုတ်နိုင်ငံမှ ဆယ်ကျော်သက်လူငယ် ကောင်လေး တစ်ယောက်က ပန်းသီးကျောက်သင်ပုန်းအသစ် နံပါတ် ၂ ကို နည်းလမ်းအသစ်ဖြင့် ဝယ်ယူခဲ့သည်။ သူ၏ ကျောက်ကပ်တစ်လုံး ထုတ်ရောင်းလိုက်သည်။ ဆိုက်ကားဆရာ ကိုကျော်ကြီးတစ်ယောက် ဆိုက်ကားဘီးအသစ်ဝယ်ရန် အကြံအိုက်နေသည်။ ကိုကျော်ကြီးကတော့ ဆိုက်ကားဘီးဝယ်ရန် သူ၏ကျောက်ကပ်ကို ထုတ်မရောင်းခဲ့ပါ။ ကိုရီး ယားဇာတ်လမ်းတွဲအသစ်တွေက တင်သွင်းလာသည့် ယဉ်ကျေးမှုအသစ် တွေကို အာသာငမ်းငမ်း ဖမ်းဆုပ်နေကြသော အစဉ်အလာသစ်တစ်ခု မြန်မာပြည်တွင် ပေါ်ထွန်းလာသည်။ ဦးနှောက်အသစ်များ ရောင်း ရန်ရှိသည်။ အိတ်စ်ပို့လုပ်မည့် ကုမ္ပဏီအသစ်တစ်ခု အပူတပြင်းလိုအပ် နေသည်။ ဂျိမ်းစ်ကင်မရွှန်းက အဗေတာ ဇာတ်ကားသစ်ရိုက်ကူးရန်

ကြိုဆနေသည်။ ဆရာတစ်ယောက်ကတော့ ပုဆိုးဟောင်းတစ်ထည်ကို မဲပြာဆိုးနေသည်။ သိပ္ပံပညာရှင်တွေက ကမ္ဘာနှင့်တူသည့် လူနေနိုင်သော ဂြိုဟ်အသစ်တစ်လုံးကို အလောတကြီးရှာဖွေနေကြသည်။ ရှူး . . . တိုးတိုး။ အီလိတ်တွေ မကြားပါစေနှင့်။ ကြိုပွိုင့်ပေးပြီး အပိုင်သိမ်းသွားမှာ စိုးရသည်။ အမေရိကန် လူမည်းအဆိုတော် မာရိယာကာရေး မျက်နှာအသစ် ၂ ခု တစ်ပြိုင်တည်းမြင်ခဲ့သည်။ ကိုကျော်ကြီးမိန်းမကတော့ တစ်နှစ်ကို မျက်နှာအသစ်တစ်ခု မြင်သည်။ အခုလည်း မျက်နှာအသစ်မြင်ပြန်ပြီ။ လောကဓံအသစ်တွေနဲ့ တွေ့ရဦးမှာပေါ့ဟု ကိုကျော်ကြီးက အပြုံးအသစ်ပြုံးပြီး ပြောသည်။

ဒီနေ့ရုံးကပြန်လာတော့ ပြည်လမ်းတွင် ကားအသစ်နှစ်စီး ခေါင်းချင်းဆိုင်တိုက်ထားကြသည်။ လမ်းထဲတွင် မင်္ဂလာစုံတွဲ အသစ်တစ်တွဲ တိုက်ခန်းအသစ်တစ်ခု ဝယ်လိုက်ကြောင်းလမ်းထဲမှ ရေဒီယိုဒေါ်ချိုမာ၏အစီအစဉ်တွင် ကြေညာနေသည်။ သူ့သားအတွက် ကျောင်းသုံးဗလာစာအုပ်အကူအညီ တောင်းသဖြင့် ဗလာစာအုပ်အသစ် တစ်ဒါဇင်ဖိုး ကိုကျော်ကြီးကို ပေးလိုက်သည်။ အိမ်တွင် ဧည့်သည်အသစ်ရောက်နေကြောင်း ဇနီးသည်ကပြောသဖြင့် ကြည့်လိုက်ရာ အသစ်မဟုတ်ဘဲ မွေးရပ်မှ သူငယ်ချင်းဟောင်း ဖြစ်နေသည်။ အကြွေးဟောင်းများပင် မဆပ်နိုင်သေးသော သူငယ်ချင်းဟောင်းက အကြွေးအသစ်ထပ်လိုချင်လို့ လာခဲ့ခြင်းဖြစ်သည်။ သူ့ကို ငွေတချို့ထုတ်ပေးလိုက်သည်။ သူငယ်ချင်းက ကျေးဇူးတင်စကားပြောသော်လည်း ကျေးဇူးစကားများ ထွက်မလာဘဲ သူ၏ပါးစပ်မှ အသစ် အသစ် အသစ်ဆိုသော ဝေါဟာရများသာ ထွက်ကျလာလေသည်။

# ဓားသွားဆီ တိုးဝင်တဲ့ ရင်ဘတ်

ရင်ဘတ်−၁။ အောင်ဆန်း၊ ဂန္ဒီ၊ ဆွန်ယက်ဆင်၊ ဟိုဆေးရီဇာ၊ မင်ဒဲလား၊ မာတင်လူသာကင်းအငယ်တို့၏ လိပ်ပြာလှသော အဖြူရောင်ရင်ဘတ်များဖြင့် လူသားများ၏အိပ်မက်တို့ကို တပ်ဆင်ခဲ့ကြကြောင်း ကျွန်တော်တို့ ခင်ဗျားတို့ သိနားလည်ခဲ့ကြသလို ဟစ်တလာ၊ စတာလင်၊ ဆက်ဒမ်ဟူစိန်၊ မူဘာရက်၊ ဘင်လာဒင်တို့၏ အမည်းရောင်ရင်ဘတ်များက သူတို့သမိုင်းကို သူတို့ရေးသည်ဆိုသော်လည်း ထိုသမိုင်းများသည် အမှတ် ၁၀၀ ဖိုးဖြေပြီး ၇၅ မှတ်ရလျှင် ဂုဏ်ထူးထွက်သော သမိုင်းများလောက် အမှန်တကယ် မလွယ်ကူမှန်းကိုလည်း ကျွန်တော်တို့ ခင်ဗျားတို့၏ သမိုင်းအသိများတွင် သိရှိထားကြပြီး ဖြစ်ကြောင်း ကျွန်တော့်အနေနှင့် သမိုင်းကြောင်းကို ပြန်လှန်စရာအကြောင်း မရှိတော့ပါ။ အလန်ဂင်းစ်ဘတ်၏ ရင်ဘတ်၊ မြသန်းတင့်၏ရင်ဘတ်၊ အမိတာဂို့ချ်၏ရင်ဘတ်၊ မောင်သာချို၏ရင်ဘတ်၊ ဂျူး၏ရင်ဘတ်၊ အမေများ၏ ရင်ဘတ်၊ မာသာထရီဇာ ၏ရင်ဘတ်၊ ဂျနီဖာလိုးပက်စ် ၏ရင်ဘတ်၊ ဒီရင်ဘတ်များဖြင့် လက်လှမ်းမီရာ လူအဖွဲ့အစည်းတို့ကို

တည်ဆောက်ခဲ့ကြသော်လည်း ထာဝရဘုရားသခင်ထံတွင် ရင်ဘတ်ရှိ၊ မရှိ ကျွန်တော် မသိပါ။ ခင်ဗျားတွင်လည်း ရင်ဘတ်ရှိမည်မှာ အသေအချာဖြစ်သည်။ ကျွန်တော့်တွင် ခေးအော့ဖ် ဖြတ်စီးနေသော ရင်ဘတ်တစ်ခုရှိပါသည်။

ရင်ဘတ်-၂။ အချို့သောသူများတွင် ရင်ဘတ်တစ်ခုသာရှိသော်လည်း အချို့သောသူများတွင်တော့ ရင်ဘတ်တစ်ခုမက ရှိကြသည်။ အချို့ရင်ဘတ်များက ကျယ်ဝန်းကြသည်။ အချို့ရင်ဘတ်များကတော့ ကျဉ်းမြောင်းလွန်းလှသည်။ အချို့ရင်ဘတ်များက ကရုဏာအပြည့်။ အချို့ရင်ဘတ်များက ရက်စက်ကြမ်းကြုတ်။ အချို့က ငြိမ်သက်တည်တံ့။ အချို့က ပုတ်သင်ညိုလို အရောင်ပြောင်း။ အချို့က သဘောထားကြီး။ အချို့က ဖွဲနုတ်သေးသိမ်။ အချို့က အကောင်းမြင်။ အချို့က အပြစ်ရှာ။ အချို့က ပေးကမ်းရက်ရော၊ အချို့က နှမြောတွန့်တို။ ရောင့်ရဲတင်းတိမ်။ အလိုရမ္မက်ကြီး။ ပညာပြည့်ဝ။ မောဟဖုံးလွှမ်း။ ရိုးသားဖြောင့်မတ်။ ကောက်ကျစ်ယုတ်မာ။ အချို့ရင်ဘတ်များက အလှုံပယ်။ အချို့ရင်ဘတ်များက စားရမဲ့သောက်ရမဲ့။ အချို့ရင်ဘတ်များက တက်စရာ လမ်းဆုံးနေသလို အချို့ရင်ဘတ်များကလည်း ဆင်းစရာလမ်းကို မရှိတော့။ ရင်ဘတ်များ။ ရင်ဘတ်များ။ ကမ္ဘာသား သန်း ၇၀၀၀ တို့၏ ရင်ဘတ်များ။ ရင်ဘတ်တချို့တွင် ဆိုင်ကလုန်း၊ တိုင်ဖွန်းများ တစ်ဝုန်းဝုန်းတိုက်ခတ်နေသလို အချို့ရင်ဘတ်တွေမှာတော့ ရစ်ချီတာ စကေးပြင်းသော ငလျင်များ၊ ယိမ်းထိုးလှုပ်ခတ်လျက် တချို့မှာတော့ မီးတောင်ကြီးများ၊ ဆူနာမီများ၊ ရေဒီယိုသတ္တိကြွမှုများ၊ ချူကာလီးယား

များ၊ အသေခံပုံးများ၊ သေနတ်ကျည်ဆံများဖြင့် ပြည့်နှက်နေကြသည်။ ထိုရင်ဘတ်များအတွင်း ဂျိုးဖြူငှက်တို့၏ တောင်ပံခတ်သံ ကြားနိုင်၊ မကြားနိုင်က ဘုရားသခင်ပေါ်တွင် မူတည်နေပါသလား ကျွန်တော်မသိပါ။

ရင်ဘတ်-၃။ ညီမောင်လှ၏ 'ညီမလေး၊ ကိုယ်မြို့ထဲမှာ' ဟူသော ရင်ဘတ်ကို ebay တွင် လေလံတင်ရောင်းချပါက ဘယ်လောက်ရမည်မသိသော်လည်း 'မိဘဆိုတာ သားသမီးတွေရဲ့စိတ်ဆန္ဒကို ထည့်တွက်ပေးရမှာပေါ့' ဆိုသည့် အမေတစ်ယောက်၏ ရင်ဘတ်ကတော့ ၅၂၈ အပြည့်အဝရရှိမှာ သေချာလှသည်။ ကိုပါးနီးကပ်၏ အဆိပ်ခွက်သောက်သွားသော ရင်ဘတ်နှင့် အမုန်တရားနဲ့ ကိုက်ညီတဲ့အင်အားကို မသေမချင်းမျိုးပွားမယ့် နွေဦး၏ရင်ဘတ် တစ်မျိုးစီလှနေကြသည်။ ရင်ဘတ် ရောင်း၊ ဝယ်၊ ငှား အကျိုးဆောင်ကုမ္ပဏီတည်ထောင်မည်ဆိုပါက ခင်ဗျား၏ ရင်ဘတ်ကို အရင် သန့်ရှင်းရေးလုပ်ထားဖို့ လိုအပ်ပါလိမ့်မည်။ 'ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမ၊ ပယောဂတစ်စုံတစ်ရာကြောင့်၊ ဘယ်သူ့အတွက်ကြောင့်၊ ဘာအတွက်ကြောင့်ဖြစ်ဖြစ် နေ့စဉ်နဲ့အမျှ သစ်ရမယ့်နေ့သစ်တွေကို သွေးမစွန်းပါစေနဲ့တော့' ဟူသော မကွေးသား၏ ရင်ဘတ် ကျွန်တော်အကြိမ်ကြိမ်ပွတ်သပ်နေရပေဦးမည်။ ကမ္ဘာပေါ်ရှိရင်ဘတ်များ ဆင်းရဲမွဲတေ၊ စုတ်ချာ၊ ငတ်ပြတ်၊ ရောဂါထူပြော၊ သေကြေပျက်စီးနေရသော အကြောင်းရင်းကို စုံစမ်းစစ်ဆေးရန် ကမ္ဘာလုံးဆိုင်ရာ ရင်ဘတ်သမဂ္ဂအသင်းချုပ်ကြီးက ရင်ဘတ်အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခု ဖွဲ့စည်းပြီး

'အော်ပရေးရှင်းရင်ဘတ်' အမည်ပေးကာ စုံစမ်းထောက်လှမ်းမှုများကို ပြုလုပ်နေကြကြောင်း ကြားသိရပြီးသကာလ အစီရင်ခံတင်ပြချက်များ ပေါ်ထွက်လာရာ ကမ္ဘာပေါ်ရှိ ရင်ဘတ်များ ထိုကဲ့သို့ အဖြစ်ဆိုးများနှင့် ကြုံတွေ့နေကြရခြင်းမှာ ရင်ဘတ်များကြောင့်သာ ဖြစ်ပြီး ရင်ဘတ်များကသာ ကယ်တင်နိုင်လိမ့်မည်ဟု ဆိုလေသောအခါ ကမ္ဘာ့ရင်ဘတ်များအကြောင်း ဆက်လက် ထောက်လှမ်းရန် မလိုအပ်တော့ဟု အကြောင်းပြုပြီး ကမ္ဘာလုံးဆိုင်ရာ ရင်ဘတ်သမဂ္ဂများအသင်းချုပ်ကြီးကို ဖျက်သိမ်းလိုက်ကြောင်း ကြားသိရသည်နှင့် တစ်ပြိုင်နက်ကျွန်တော့်ရင်ဘတ်ကို ဖြတ်စီးနေသော ခေးအော့ဖ်က နှစ်ဆ ပိုမိုပြင်းထန်လာလေတော့သည်။

ရင်ဘတ်–၄။ တိုးဝင်ခဲ့ကြသည်။ သူတို့အားလုံး ခုံမင်နှစ်ခြိုက်စွာ၊ ရူးသွပ်စွဲလန်းစွာ နောက်ပြန်လှည့်မကြည့်စတမ်း သူတို့၏ရင်ဘတ်များဖြင့် တိုးဝင်ခဲ့ကြသည်။ ကျွန်တော်တို့ရှေ့မှ ဦးညွှတ်စရာ သူရဲကောင်းများ။ ချီးကျူးသံ၊ ကဲ့ရဲ့ရှုတ်ချသံ၊ ကရုဏာသံ၊ ပြစ်တင်ဝေဖန်သံ။ အားလုံး၊ အားလုံး သူရဲကောင်းများ၏ ရင်ဘတ်နောက်တွင် အရိပ်တစ်ခုပမာ။ သူရဲကောင်းများကတော့ ရင်ဘတ်များဖြင့် တိုးဝင်ခဲ့ကြလေသည်။ ရင်ဘတ်ကိုဖွင့်။ ကျွန်တော့်ရှေ့တွင်ရှိနေသော ချွန်မြထက်ရှနေသည့် ဓားသွားတစ်လက်ဆီသို့။ အဟုန်နှင့် ပြေး။ နောက်ပြန်လှည့်မကြည့်စတမ်း။

ရင်ဘတ်–၅။ ချွန်မြထက်ရှနေသည့် အမှန်တရားဆီသို့။

❑

## သဲထူး

# ကျောရိုးမဲ့အထားအသို

ဝတ္ထုတိုများ

မကြာမီ




မြန်မာနိုင်ငံရဲ့
နိုင်ငံရေးလောက
စာပေအနုပညာ
ဂီတ၊ ရုပ်ရှင်၊ သဘင် စတဲ့
နယ်ပယ်တွေမှာ
ထင်ရှားကျော်ကြားခဲ့တဲ့
အမျိုးသမီးများအကြောင်း
စုစည်းထားတဲ့ စာအုပ်

# သမိုင်းတစ်ကွေ့မှ
# အကျော်ဇေယျ မြန်မာအမျိုးသမီးများ

---

## သန်းဝင်းလှိုင်